# တရားရေး ဂျာနယ်

# JUDICIAL JOURNAL



အတွဲ(၃)၊ အမှတ်(၁၀)၊ ဖေဖော်ဝါရီလ၊ ၂၀၂၂

# တရားရေးဂျာနယ်

## အတွဲ(၃) အမှတ်(၁၀)

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ



# မာတိကာ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ


- ပြည်ထောင်စုတရားလွှတ်တော်ချုပ် လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ ၅
- တရားစီရင်ရေးစွမ်းဆောင်ရည်မြင့်မားစေရန် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ ဆောင်ရွက်ချက်များ ၂၁
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြတိုက် ၃၅


## သတင်းမှတ်တမ်း


- ပြည်ထောင်စုတရားသူကြီးချုပ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားခြင်း ၄၀


## ကဗျာများ


- တာဝန်ထမ်းရွက်ပြည်သူ့အတွက် — ကိုတရား(ထီးတန်း) ၄၃
- တားဆီးကာကွယ်ကြပါစို့ — ကိုတရား(ထီးတန်း) ၄၄


## ဆောင်းပါးများ


- အမှုရပ်စဲသွားပြီးနောက် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းနိုင်ရန်အတွက် လျှောက်ထားဆောင်ရွက်ခြင်း — ကြည်သိန်း(တရားရေး) ၄၅
- အာမခံရေးရာအဖြာဖြာ — ကြည်သိန်း(တရားရေး) ၄၈
- ကြားဖြတ်လျှောက်လွှာ၊ ပြင်ဆင်မှုအာဏာ၊ နှစ်ဖက်မျက်နှာ — ဖိုးသုဉာဏ်(တရားရေး) ၅၃
- မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှုနှင့် သက်သေခံပစ္စည်းများ စီမံခန့်ခွဲသည့်အမိန့်များ ချမှတ်ရာတွင် တရားရုံးချုပ်၏ လမ်းညွှန်စီရင်ထုံးများအပေါ် အသိဉာဏ်ပညာအမြော်အမြင်ကြီးစွာဖြင့် တွေးခေါ်သုံးဖြတ်ရန် လိုအပ်ခြင်း — သိန်းကိုကို(တရားရေး) ၅၇
- အဆုံးအဖြတ်အတွက်ငြင်းချက် — လှအေး(တရားရေး) ၆၄
- ဓာရီမှုကာလစည်းကမ်းသတ် — လှအေး(တရားရေး) ၆၉

| | | |
|---|---|---|
| တရားရုံးနှင့်သတင်းမီဒီယာ | လှအေး(တရားရေး) | ၇၄ |
| စွဲချက်ပြောင်းလဲအပြစ်ပေးခြင်း | လှအေး(တရားရေး) | ၇၈ |
| Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း | ဒေါ်တင်နွယ်စိုး | ၈၂ |
| ပြည်ထောင်စုတရားသူကြီးချုပ် (၈)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး တက်ရောက်ခြင်း | ဦးအောင်ကျော်မိုး | ၈၅ |
| ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြတိုက် (The museum of the supreme court of the union) | အေးချမ်းညီ(တရားရေး) | ၉၀ |
| ကိုဗစ်နှင့်နည်းပညာ၊ မီဒီယာအပေါ် ဗျူဟာအရွေ့ | ဦးဇော်မင်းအောင် (တရားရေး) | ၉၅ |
| မှုတမှုနှစ်ထပ်ကိန်း | သက်ဇော်နိုင် | ၁၀၀ |
| စင်ကာပူနိုင်ငံ၏ တရားရုံးများ မထီမဲ့မြင်ပြုမှုဆိုင်ရာ ဥပဒေ | မြတ်မျိုးလတ် (တရားရေး) | ၁၀၃ |
| လူမွဲခံယူခြင်းဆိုင်ရာဥပဒေအကြောင်းသိကောင်းစရာ | စိုးခွန်ဖြူ(တရားရေး) | ၁၀၉ |
| ခေါင်းစဉ်ကစ ကျစ်လျစ်စေချင် | တင်တင်မာ(တရားရေး) | ၁၁၃ |
| မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေနှင့် ပင်လယ်ရေကြောင်းဆိုင်ရာအမှုအခင်းများကိုအကျဉ်းချုပ်လေ့လာတင်ပြခြင်း | ဒေါက်တာမင်းသိန်း (တရားလွှတ်တော်ရှေ့နေ) | ၁၁၆ |
| အိမ်လခ၊ စဘော်ငွေ၊ လချုပ်၊ နှစ်ချုပ်နှင့်အပျောက်ငွေ (အပိုင်း ၁+၂) | ဦးတင်မင်း(တရားလွှတ်တော်ရှေ့နေ) | ၁၂၃<br>၁၂၉ |


## တရားစီရင်ရေးဆိုင်ရာ


| | | |
|---|---|---|
| မှတ်သားမိသော စာချွန်တော်အမိန့်ရလိုမှုများ | ဒေါ်မိမိစိန် | ၁၃၄ |


## ENGLISH SECTION


| | | |
|---|---|---|
| HANOI DECLARATION | | 140 |
| Legel Protection of Trademark Rights | Kyaw Kyaw(Judicial Officer) | 145 |
| A Glance through the new insolvency Regime | Soe Khun Phyu (Judiciary) | 149 |


ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ထုတ်ဝေသည်။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A(Law), LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးအောင်ဇော်သိန်း | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမြပဟန် | B.A(Law), LL.B D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးစိုးနိုင် | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၈။ | ဦးခင်မောင်ကြည် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၉။ | ဦးမျိုးဝင်း | LL.B, C.B.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

## တရားရေးဂျာနယ်စာတည်းအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | အမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | ဥက္ကဋ္ဌ |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၅။ | ဒုတိယညွှန်ကြားရေးမှူးချုပ် (e-Government/သတင်းပြန်ကြားရေး/သုတေသန) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၆။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(တရားစီရင်ရေး) | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ထုံး/စစ်ဆေးရေး) | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၈။ | လက်ထောက်အတွင်းဝန် | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၀။ | ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၁။ | ညွှန်ကြားရေးမှူး၊ လေ့ကျင့်ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၂။ | ညွှန်ကြားရေးမှူး၊ e-Government ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၃။ | ညွှန်ကြားရေးမှူး၊ သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၄။ | ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် သုတေသနဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၅။ | ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၆။ | ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၇။ | ညွှန်ကြားရေးမှူး၊ စာချွန်တော်ဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၈။ | ညွှန်ကြားရေးမှူး၊ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၉။ | ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အတွင်းရေးမှူး |


# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
# လှုပ်ရှားမှုသတင်း
# မှတ်တမ်းလွှာ




၅-၁၁-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
(၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့
တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ




၅-၁၁-၂၀၂၀ ရက်နေ့ (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့
တက်ရောက်သည့် အာဆီယံနိုင်ငံအသီးသီးမှ တရားရေးအကြီးအကဲများ၏
မှတ်တမ်းဓာတ်ပုံ





၉–၁၂–၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း
ပတ်ဝန်းကျင်ပြောင်းလဲခြင်းဆိုင်ရာ အာရှ–ပစိဖိတ်တရားရေးညီလာခံသို့ တက်ရောက်သည့်
မှတ်တမ်းဓာတ်ပုံများ





၂၇-၁-၂၀၂၀ ရက်နေ့မှ ၃၀-၁-၂၀၂၀ ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးဝင်း အမေရိကန်ပြည်ထောင်စုသို့ "တရားစီရင်ရေးလေ့ကျင့်သင်ကြားရေး ဆိုင်ရာ လေ့လာရေးခရီး" သွားရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



၁-၆-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ရုံးထိုင်သည့်
စုံညီခုံရုံးမှတ်တမ်းဓာတ်ပုံ




၂-၁၂-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Video Conferencing ဖြင့်
စီရင်ချက်များ ချမှတ်သည့် မှတ်တမ်းဓာတ်ပုံ



၈-၁၂-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Video Conferencing ဖြင့်
စီရင်ချက်များ ချမှတ်သည့် မှတ်တမ်းဓာတ်ပုံ





၁၁-၁၂-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Video Conferencing ဖြင့် စီရင်ချက်များ ချမှတ်သည့် မှတ်တမ်းဓာတ်ပုံများ



၁၉-၇-၂၀၂၀ ရက်နေ့ (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့
ပြည်ထောင်စုတရားသူကြီးချုပ် တက်ရောက်ဂါရဝပြုသည့် မှတ်တမ်းဓာတ်ပုံ






၄-၈-၂၀၂၀ ရက်နေ့ ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၈) တွင်
ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်လွှာများ အပ်နှင်းခြင်းနှင့်
ကျမ်းသစ္စာပြုခြင်းအခမ်းအနားကျင်းပသည့် မှတ်တမ်းဓာတ်ပုံ







၂၇-၈-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်
တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏
(၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းဓာတ်ပုံများ




၄-၃-၂၀၂၀ ရက်နေ့ "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်" ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦးမှ အဖွင့်အမှာစကား ပြောကြားသည့် မှတ်တမ်းဓာတ်ပုံ




၄-၃-၂၀၂၀ ရက်နေ့ "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်" ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များ၏ စုပေါင်းမှတ်တမ်းဓာတ်ပုံ





၁၉–၁၁–၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်ကျင်းပသည့် (၁၅)ကြိမ်မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနား မှတ်တမ်းဓာတ်ပုံများ







၆-၁၂-၂၀၂၀ ရက်နေ့ Judicial College အဆောက်အဦ (၂) ပန္နက်တော်တင်
တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကျင်းပသည့် အခမ်းအနား မှတ်တမ်းဓာတ်ပုံများ



Judicial College (၂) အဆောက်အဦပုံစံ



Judicial College (၁) နှင့် (၂) နှစ်လုံးတွဲအဆောက်အဦပုံစံ




၁၁-၁၂-၂၀၂၀ ရက်နေ့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အပြည်ပြည်ဆိုင်ရာ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့
တက်ရောက်၍ အမှာစကားပြောကြားသည့် မှတ်တမ်းဓာတ်ပုံ






၁၄-၁၂-၂၀၂၀ ရက်နေ့ JICA နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏
အကဲဖြတ်ညှိနှိုင်းအစည်းအဝေး(Monitoring Meeting)ကျင်းပသည့် မှတ်တမ်းဓာတ်ပုံများ

# တရားစီရင်ရေးစွမ်းဆောင်ရည်မြင့်မားစေရန် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ ဆောင်ရွက်ချက်များ




၂၉-၁၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် ကချင်ပြည်နယ်တရားလွှတ်တော်ရှိ တရားရုံးဝန်ထမ်းများ
လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ




၂-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် ကချင်ပြည်နယ်တရားလွှတ်တော်၏ မှုခင်းခြေရာကောက်စနစ်
Case Tracing Databased သင်တန်းမှတ်တမ်းဓာတ်ပုံ




၂၅–၆–၂၀၂၀ ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သော
တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်၊ ၁/၂၀၂၀ ဖွင့်ပွဲအခမ်းအနား
မှတ်တမ်းဓာတ်ပုံ



၁၁–၇–၂၀၂၀ ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော်၌ ကျင်းပပြုလုပ်သည့်
မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သင်တန်း(CMP Zoom Training)

၁၉-၁၂-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၂/၂၀၂၀)ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အဖွင့်အမှာစကားပြောကြားသည့် မှတ်တမ်းဓာတ်ပုံများ








ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဒိန်းမတ်–မြန်မာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်
အရ ၁၂–၁–၂၀၂၀ ရက်နေ့တွင် ချင်းပြည်နယ်တရားလွှတ်တော်၌ဖွင့်လှစ်သည့် တရားစီရင်ရေးကျင့်ဝတ်
နှင့် တာဝန်ယူမှုဆိုင်ရာသင်တန်းမှတ်တမ်းဓာတ်ပုံ



၆–၆–၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ချင်းပြည်နယ်တရားလွှတ်တော်၏
(National Case Management Program)လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံ



၂၁–၈–၂၀၂၀ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၌ကျင်းပသော လုပ်ငန်းညှိနှိုင်း
အစည်းအဝေး မှတ်တမ်းဓာတ်ပုံ



၄–၁၂–၂၀၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ
Zoom Application အသုံးပြု၍ တရားစီရင်ရာတွင် အထောက်အကူဖြစ်စေရန် ရာဇဝတ်နှင့်
တရားမဆိုင်ရာသင်ခန်းစာများပို့ချသည့် မှတ်တမ်းဓာတ်ပုံ





၁၅-၈-၂၀၂၀ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပသည့်
အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံများ




၁–၂–၂၀၂၀ ရက်နေ့တွင် ပြည်ခရိုင်တရားရုံး၌ ကျင်းပပြုလုပ်သော Case Tracking Database သင်တန်း မှတ်တမ်းဓာတ်ပုံ




၈–၈–၂၀၂၀ ရက်နေ့တွင် သာယာဝတီခရိုင်တရားရုံး၌ ကျင်းပပြုလုပ်သော တရားရုံးဝန်ဆောင်မှု ဆင့်ပွားသင်တန်း မှတ်တမ်းဓာတ်ပုံ






၈-၂-၂၀၂၀ ရက်နေ့မှ ၉-၂-၂၀၂၀ ရက်နေ့အထိ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပပြုလုပ်သော နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ Case Tracking Database သင်တန်းဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံများ



Judicial Code of Ethic and Accountability Training ကျင်းပသည့် မှတ်တမ်းဓါတ်ပုံ

(၂၃-၈-၂၀၂၀)


၂၃-၈-၂၀၂၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပပြုလုပ်သော Judicial Code of Ethic Accountability Training မှတ်တမ်းဓာတ်ပုံ



တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်နှင့် တာဝန်ခံယူမှုလေ့ကျင့်သင်ကြားရေးဆိုင်ရာ ဖြန့်ကျက်သင်တန်းအား ပြန်လည်သုံးသပ်သည့် အစည်းအဝေးကျင်းပသည့် မှတ်တမ်းဓါတ်ပုံ

(၂၅-၁၀-၂၀၂၀)

၂၅-၁၀-၂၀၂၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပသည့် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်နှင့် တာဝန်ခံယူမှု၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာသင်တန်းအား Video Conferencing ဖြင့်မှတ်တမ်းဓာတ်ပုံ




၁၃-၇-၂၀၂၀ ရက်နေ့တွင် မွန်ပြည်နယ်တရားလွှတ်တော်၌ကျင်းပပြုလုပ်သော ဝန်ထမ်းများ
စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ



မွန်ပြည်နယ်ရှိ တရားရေးအရာရှိများနှင့် သင်တန်းတက်ရောက်သော သင်တန်းသား/သင်တန်းသူ
ဝန်ထမ်းများ၏ မှတ်တမ်းဓာတ်ပုံ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၁၉)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ
လမ်းညွှန်ချက်များအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးမှ
(၁-၉-၂၀၂၀) ရက်နေ့တွင် ထပ်ဆင့်ရှင်းလင်းသော အခမ်းအနား မှတ်တမ်းဓာတ်ပုံ



(၃၀-၇-၂၀၂၀)ရက်နေ့တွင် လှိုင်သာယာတရားရေးသင်တန်းကျောင်း၌ကျင်းပသော ဒုတိယမြို့နယ်
တရားသူကြီးများလုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၈)သင်တန်းဆင်းပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဒိန်းမတ်–မြန်မာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် အရ (၂၆–၉–၂၀၂၀)ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၌ Zoom Application ဖြင့် ကျင်းပပြုလုပ်သော တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်နှင့် တာဝန်ယူ၊ တာဝန်ခံမှုဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံများ






(၂၂-၇-၂၀၂၀)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၌
ကျင်းပပြုလုပ်သော ကွန်ပျူတာသင်တန်း မှတ်တမ်းဓာတ်ပုံများ





# ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြတိုက်



ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ မှတ်တမ်းဓာတ်ပုံ



ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံ



(ဝဲ) 'ကင်းဝန်မင်းကြီး'(1821-1908 A.D)၊ အဂ္ဂမဟာသရေစည်သူနှင့် အဂ္ဂမဟာသီရိသုဓမ္မ 'ဆာဘဦး'
ပထမနိုင်ငံတော်တရားဝန်ကြီးချုပ်(၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်)၊ သတိုးသီရိသုဓမ္မ 'ဦးသိန်းမောင်'
တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် (၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်)



ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံ



ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး
(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး)၊ မြို့နယ်တရားရုံးတို့၏
တရားသူကြီးများအဆင့်အလိုက် ဝတ်စားဆင်ယင်မှု မှတ်တမ်းဓာတ်ပုံ



နိုင်ငံတကာမှပေးအပ်သည့် အမှတ်တရလက်ဆောင်ပစ္စည်းများ ခင်းကျင်းပြသထားပုံ



(ဝ) အဂ္ဂမဟာသရေစည်သူနှင့် အဂ္ဂမဟာသီရိသုဓမ္မ 'ဆာဘဦး'တရားလွှတ်တော်ချုပ်တရားဝန်ကြီးချုပ်
(၄-၁-၁၉၄၈) မှ (၁၂-၃-၁၉၅၂)၊ သတိုးသီရိသုဓမ္မ 'ဦးသိန်းမောင်'တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ်
(၂၂-၃-၁၉၅၂) မှ (၁၇-၇-၁၉၅၇)၊ အဂ္ဂမဟာသရေစည်သူ 'ဦးမြင့်သိန်း' နိုင်ငံတော်တရားဝန်ကြီးချုပ်
(၁၇-၇-၁၉၅၇) မှ (၁-၃-၁၉၆၂)၊ 'ဦးဘိုကြီး' တရားရုံးချုပ်တရားသူကြီးချုပ် (၃၀-၃-၁၉၆၂)မှ (၁-၃-၁၉၆၅)၊
'ဒေါက်တာမောင်မောင်'တရားရုံးချုပ်တရားသူကြီးချုပ် (၇-၆-၁၉၆၅) မှ (၁၂-၇-၁၉၇၂)၊
'ဦးလှသင်း' နိုင်ငံတော်တရားသူကြီးချုပ် (၁၂-၇-၁၉၇၂) မှ (၂-၃-၁၉၇၄)၊
'သူရဦးအောင်ဖေ' ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ (၃-၃-၁၉၇၄) မှ (၈-၁၁-၁၉၈၁)၊
'ဦးမောင်မောင်ကျော်ဝင်း' ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ (၉-၁၁-၁၉၈၁) မှ (၁၉-၇-၁၉၈၂)၊
'ဦးတင်အောင်ဟိန်း' ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ (၁၁-၁၀-၁၉၈၂) မှ (၁၈-၉-၁၉၈၈)၊
သရေစည်သူ 'ဦးအောင်တိုး'တရားရုံးချုပ်တရားသူကြီးချုပ် (၂၇-၉-၁၉၈၈) မှ (၃၀-၃-၂၀၁၁)၊
ဝဏ္ဏကျော်ထင် 'ဦးထွန်းထွန်းဦး' ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်(၃၀-၃-၂၀၁၁)မှ ယနေ့အထိ




## ပြည်ထောင်စုတရားသူကြီးချုပ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခြင်း

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၁၀:၀၀ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး က နေပြည်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ Video Conferencing ဖြင့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြောကြားခဲ့သည့် အမှာစကား အပြည့်အစုံမှာ–

ယနေ့ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းမှူး UNDP နှင့် UNODC တို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ နိုင်ငံတော်အာဏာ ၃ ရပ်မှာ တရားစီရင်ရေးအာဏာကို အပ်နှင်းခြင်းခံရတဲ့ တရားရုံးများ၊ တရားသူကြီးများအနေနဲ့ ပြည်သူများ ကြုံတွေ့နေရတဲ့ မှုခင်းများကို တရားစီရင်ရေးလမ်းကြောင်းပေါ်မှ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန်နဲ့ အဂတိတရားများ မလိုက်စားဘဲ ဖြေရှင်းပေးနိုင်မှသာလျှင် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို အပြည့်အဝရရှိမှာဖြစ်ပါတယ်။

တရားစီရင်ရေးစနစ်သည် မျှတပြီး ဘက်လိုက်မှုကင်းရှင်းစွာဖြင့် လွတ်လပ်စွာဆောင်ရွက်နိုင်မှသာ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ တရားစီရင်ရေးမဏ္ဍိုင်တည်တံ့ခိုင်မြဲ၍ တရားစီရင်ရေး၌ ဖြောင့်မတ်မှန်ကန်မှသာလျှင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဆိုတဲ့ အခြေခံအခွင့်အရေးများကို ပြည်သူများရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း 'အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့' ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်နဲ့ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနဲ့ ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ရည်မှန်းချက်ထားရှိပြီး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးဟူသည့် တရားစီရင်ရေး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူအများအနေနဲ့ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်ကိုးစားလာစေရန်နှင့် ယုံကြည်ကိုးစားမှုကို တိုးမြှင့်လာစေရန်အတွက် တရားသူကြီးများသည် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားရုံးဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် လွတ်လပ်မှု၊ သာတူညီမျှရှိမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှုစတဲ့ တရားစီရင်ရေး၊ ကျင့်ဝတ်များကို လေးစားလိုက်နာ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဆက်စပ်လျက်ရှိတဲ့ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များကလည်း မိမိတို့စောင့်ထိန်းလိုက်နာရမယ့် ကျင့်ဝတ်များကို လေးစားလိုက်နာ စောင့်ထိန်းကြဖို့ လိုမှာဖြစ်ပါတယ်။ သို့မှသာ တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်ပါဝင်သူအားလုံးက တရားစီရင်ရေးအပေါ် ပိုမိုနားလည်လာပြီး လိုအပ်သော ပံ့ပိုးမှုများ ပြုခြင်းဖြင့် တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု၊ နိုင်ငံအတွင်း တရားဥပဒေ စိုးမိုးမှု၊ နိုင်ငံတော်

ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီ ဆောင်ရွက်ရာ ရောက်မှာဖြစ်ပါတယ်။

နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိမှသာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း ဆိုတဲ့ လောကပါလတရားများ ထွန်းကားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်မှာ တရားစီရင်ရေးကဏ္ဍသည် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက်သာမက ချိုးဖောက်ခံရဖွယ်ရှိတဲ့ ကိစ္စများအတွက် ထိရောက်တဲ့ သက်သာခွင့်နဲ့ အကာအကွယ်များကို ပေးနိုင်ဖို့ လွန်စွာ အရေးကြီးလှပါသည်။ ဒါကြောင့် တရားစီရင်ရေးကဏ္ဍသည် လွတ်လပ်ရမည်၊ သမာသမတ် ကျရမည်၊ တာဝန်ခံနိုင်ရမှာဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နေကြောင်းကို မြင်သာစေရမှာ ဖြစ်ပါတယ်။ ။

တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်ရည်ရွယ်၍ တရားရုံး နှစ်စဉ် အစီရင်ခံစာများကို ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြင့် တရားရုံးလုပ်ငန်း ဆောင်ရွက်ချက်များကို တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်နေသူများသာမက အများပြည်သူကပါ ပွင့်လင်းမြင်သာစွာ သိရှိနားလည်ခွင့် ရရှိလာခြင်းသည် တရားစီရင်ရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖော်ပြနေခြင်းပင် ဖြစ်ပါတယ်။

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန် ထမ်းဆောင်ရာမှာ လွတ်လပ်မှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့သည် မရှိမဖြစ်လိုအပ်ပြီး သာတူညီမျှမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဟာလည်း အရေးပါလှပါတယ်။ နိုင်ငံတစ်ခု၏ တရားစီရင်ရေးစနစ်ကို ဆက်လက်တည်မြဲစေတဲ့ အရာမှာ တရားရုံးများ၏လွတ်လပ်မှု၊ တရားရုံးများမှတရားသူကြီးများ၏ ဖြောင့်မတ်တည်ကြည်မှု၊ တရားရုံးများ၏ လုပ်ငန်းစဉ်များ သမာသမတ်ကျမှုနှင့် ထိရောက်မှုတို့ကို အများပြည်သူက ယုံကြည်ကိုးစားမှုရှိခြင်းပင် ဖြစ်ပါတယ်။ တရားစီရင်ရေးဆိုင်ရာ အဂတိလိုက်စားမှုသည် တရားစီရင်ရေးအဖွဲ့အစည်း၏ လွတ်လပ်မှု သမာသမတ်ကျမှုနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာမူများကို ပျက်ယွင်းစေတဲ့အပြင်၊ တရားစီရင် တရားမျှတမှုစနစ် တစ်ရပ်လုံးအပေါ်လည်း အများပြည်သူ၏ယုံကြည်ကိုးစားမှုကို ကျဆင်းစေပါတယ်။

နိဂုံးချုပ်အနေနဲ့ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်ဖို့အတွက် တရားရုံးအဆင့်ဆင့်ရဲ့ အမှုစစ်ဆေးစီရင်မှုများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်မှု၊ မှန်ကန်မှု၊ မျှတမှု၊ ဘက်မလိုက်မှု၊ အဂတိတရားကင်းစင်မှုတို့ဟာ အဓိကကျပါတယ်။ သို့အတွက် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်တည်တံ့ခိုင်မြဲရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး၊ ပြည်သူများယုံကြည်အားကိုးသည့် တရားစီရင်ရေး ဖြစ်ထွန်းရေးအတွက် တရားစီရင်ရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေကြတဲ့ တရားသူကြီးများ၊ တရားရုံးများ၊ တရားစီရင်ရေးကဏ္ဍနှင့်ဆက်စပ်တဲ့ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ ပြည်သူများနဲ့ သတင်းမီဒီယာများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# တာဝန်ထမ်းရွက် ပြည်သူ့အတွက်

အမှုဖြစ်ပွား
အများသူငါ၊ လိုရာဆန္ဒ
အပြည့် အဝ၊ အဖြေရအထိ
"ကဝိ" အလား၊ ကျမ်းများပေညို
တည်ရှိဥပဒေ၊ ရှာဖွေမွှေမှောက်
ခြေရာကောက်၍၊ တောက်ပအလင်း၊
နေမင်းပမာ၊ ဘယာပယ်ရှင်း
လာဘ်ပေးကင်းကင်း၊ သန့်ရှင်း မျှတ
တရားအမှန်၊ မြန်ဆန်စစ်ဆေး
ဆုံးဖြတ်ပေးဖို့၊ တို့များတာဝန်
ကျေပွန်ထမ်းရွက်၊ ပြည်သူ့အတွက်

**ကိုတရား (ထီးတန်း)**

# တားဆီးကာကွယ်ကြပါစို့

နေ့ညမရွေး
ဘယာဘေးတွေ၊ စိတ်မအေးရ
ပြည်သူ့ဘဝ စာနာကြ။
ဘယာဘေးဝေး၊ စိတ်အေးလက်အေး
နေထိုင်ရေးအတွက် ဥပဒေလက်နက်
စွဲကိုင်ထွက်၍၊ ရမ္မက်သမား
ဆေးဝါးသုံးသူ၊ ဝယ်ယူရောင်းချ
ဝိသမသား၊ ချန်မထားပါ
ရန်ရှာဆိုးသွမ်း
ရမ်းကားတတ်သူ၊ လူဆိုးလူညစ်
အပြစ်သားကို၊ အမျက်မထား
မှတ်သားနောင်ကြဉ်၊ သတိဝင်ရေး
အပြစ်ပေးမည်၊
ပြည်ရွာတစ်ဝှမ်း
ဘေးမသန်း အေးချမ်းရမည်။

**ကိုတရား (ထီးတန်း)**

# အမှုရပ်စဲသွားပြီးနောက် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းနိုင်ရန်အတွက် လျှောက်ထားဆောင်ရွက်ခြင်း

**ကြည်သိန်း(တရားရေး)**

၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝှမ်းမှ ပြည်သူလူထုတို့ တုန်လှုပ်ခြောက်ခြားမှုကြီးစွာခံစားခဲ့ကြရသည်။ ကျွန်တော်ပါဝင်၍ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံ၏တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ချက်များမှာလည်း နှောင့်နှေးကြန့်ကြာမှုများကိုရင်ဆိုင်ခဲ့ရသည်။ ကမ္ဘာ့ကပ်ရောဂါကြောင့် လူ့အသက်များစွာဆုံးရှုံးခဲ့ရသည်။

တရားမကြောင်းအရ အမှုရင်ဆိုင်နေရသည့် တရားလို၊ တရားပြိုင်တို့သေဆုံးမှုရှိ၊ မရှိကို သက်ဆိုင်ရာအမှုသည်များ၊ ရှေ့နေများက သတိပြုကြရန်လိုအပ်သည်။ သက်ရှိထင်ရှားရှိသူကသာ အမှုဆိုင်ပြိုင်ခွင့်ရှိခြင်းဖြစ်သောကြောင့် အမှုသည်ကွယ်လွန်သွားပါက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းနိုင်ရေးအတွက် အချိန်မီဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်းဥပဒေ ၃(၂)တွင် " Where within the time limited by law no application is made under sub-rule (1), the suit shall abate so far as the deceased plaintiff is concerned." ဟု ပြဋ္ဌာန်းထားပြီး နည်းဥပဒေ ၄(၃)တွင် "Where within the time limited by law no application is made under sub-rule (1), the suit shall abate as against the deceased defendant." ဟု ပြဋ္ဌာန်းထားရှိသည်။

အမှုသည် ကွယ်လွန်ပြီး ကာလစည်းကမ်းသတ် အက်ဥပဒေအရ သတ်မှတ်ထားသည့်ကာလအတွင်းတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန်လျှောက်ထားခြင်းမရှိလျှင် တရားလိုဖြစ်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်းဥပဒေ ၃(၂)အရလည်းကောင်း၊ တရားပြိုင်ဖြစ်ပါက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ နည်း ဥပဒေ ၄ (၃)အရလည်းကောင်း၊ အမှုရပ်စဲခြင်းပြဿနာနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၇၆ နှင့် ၁၇၇ တို့တွင် ပြဋ္ဌာန်းချက်အရ တရားလို သို့မဟုတ် တရားပြိုင်ကွယ်လွန်သည့်နေ့မှစ၍ ရက်ပေါင်း(၉၀)အတွင်းတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားရမည်ဖြစ်သည်။

ယင်းဥပဒေပြဋ္ဌာန်းချက်များအရ အမှုသည်ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရေးလျှောက်ထားရန် အကြောင်းပေါ်ပေါက်လာပြီး လျှောက်ထားမှုမရှိလျှင် ကာလစည်းကမ်းသတ်ကျော်လွန်သည်နှင့်တစ်ပြိုင်နက် အချင်းဖြစ်အမှုမှာ ကွယ်လွန်သူအမှုသည်နှင့်စပ်လျဉ်းသမျှ ရပ်စဲသွားမည်ဖြစ်သည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ **"ဒေါ်ရင်ရင်မေ နှင့် ဦးမင်းဒင်"**[၁] အမှုတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၃ အရ လျှောက်ထားရန်လိုအပ်သည့်ကိစ္စတွင် စည်းကမ်းသတ်ကာလ ရက်(၉၀)အတွင်း

၁။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၂။

လျှောက်ထားခြင်းမပြုလျှင် နည်းဥပဒေ ၃(၂)အရ အမှုရပ်စဲကြောင်း ညွှန်ပြထားသည်ကိုလေ့လာနိုင်သည်။

အမှုတစ်မှုလုံးရပ်စဲခြင်းဖြစ်ပါက ဆက်လက်စစ်ဆေးရန်အကြောင်းမရှိတော့သောကြောင့် သက်ဆိုင်ရာ တရားရုံးအနေဖြင့် **"ဒေါ်တင်ကြည်နှင့် ဦးစန်းမြင့်ပါ-၂"**[၂] အမှုတွင် ညွှန်ပြချက်နှင့်အညီ အမှုရပ်စဲကြောင်း မှတ်တမ်းတင်ပြီး အမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ကာ ဒီကရီရေးဆွဲ၍ အမှုကိုပိတ်သိမ်းလိုက်ရန်ဖြစ်သည်။ ယင်းအချင်းဖြစ်ပြဿနာအတွက် အမှုသစ်စွဲဆိုခြင်းကို နည်းဥပဒေ ၉(၁)ကပိတ်ပင်ထားသဖြင့် တရားလိုမှာ ထိခိုက်နစ်နာမှုများစွာကို ကြုံတွေ့ရမည်ဖြစ်သည်။

ကာလစည်းကမ်းသတ်ကျော်လွန်မှလျှောက်ထားမှုများမှာ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ ၏ပြဋ္ဌာန်းချက်နှင့်အကျုံးဝင်သည်ဟု တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၃ နှင့် နည်းဥပဒေ ၄ တို့တွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

သို့ဖြစ်ရာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားလာသည့်ကိစ္စတွင် တစ်ဖက်အမှုသည်က ကန့်ကွက်ရန်မရှိပါကြောင်းတင်ပြရုံမျှဖြင့် တရားရုံးက တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခွင့်ပြုရန် အခွင့်အာဏာမရှိပေ။ ယင်းမူသဘောကို **"ဒေါ်လှလှ (ဦးထွန်းတင်၏တရားဝင်ကိုယ်စားလှယ်)နှင့် ဦးထွန်းလှပါ-၂"**[၃] အမှုတွင် ညွှန်ပြထားသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် အချိန်မီလျှောက်ထားနိုင်မှုမရှိခြင်းဖြစ်ပါသည်ဆိုသော အကြောင်းပြချက်သည် ကောင်းမွန်သည့်၊ သင့်မြတ်သည့် အကြောင်းပြချက်ဖြစ်သည်ဟုလက်ခံထိုက်သော်လည်း ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှလျှောက်ထားလာသည့် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားလွှာကို တရားရုံးက လက်ခံစဉ်းစားခွင့်မရှိသည်မှာ ထင်ရှားမြင်သာလျက်ရှိသည်။ အမှုသည်တို့အတွက် တရားမျှတမှုမရှိဟု စောဒကတက်ရန်ရှိသော်လည်း တရားရုံးမှာ ဥပဒေနှင့်အညီကျင့်သုံးဆောင်ရွက်ရသောကြောင့် အပြစ်ဆို၍ရနိုင်မည်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၉(၂)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

"The plaintiff or the person claiming to be the legal representative of a deceased plaintiff or the assignee or the receiver in the case of an insolvent plaintiff may apply for an order to set aside the abatement or dismissal; and if it is proved that he was prevented by any sufficient cause from continuing the sult, the Court shall set aside the abatement or dismissal upon such terms as to costs or otherwise as it thinks fit."

အဆိုပါပြဋ္ဌာန်းချက်ကို တရားလို၊ သို့မဟုတ် သေဆုံးသူတရားလို၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်းအဆိုပြုသူကဖြစ်စေ၊ လူမွဲအဖြစ်ခံယူထားသော တရားလို၏ လူမွဲပစ္စည်းထိန်းက သို့မဟုတ် ပစ္စည်းထိန်းကဖြစ်စေ အမှုရပ်စဲသည့် အမိန့် သို့မဟုတ် ပလပ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သည်။ ထို့ပြင် လုံလောက်သောအကြောင်းတစ်ခုခုကြောင့် အမှုကို ဆက်လက်မဆောင်ရွက်ခြင်းဖြစ်ကြောင်း သက်သေ ထင်ရှားလျှင် တရားရုံးသည် အမှုရပ်စဲသည့်အမိန့်ကို သို့မဟုတ် ပလပ်သည့်အမိန့်ကို

၂။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၄(၃၇)။
၃။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ -၁၂၀။

တရားစရိတ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ အခြားအကြောင်းကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ပယ်ဖျက်ရမည်ဟူ၍ ဥပဒေပညာရှင်ဆရာဦးမြ (ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)က ဘာသာပြန်ဆို၍ ဖော်ပြထားမှုရှိသည်။

သို့ဖြစ်ရာ အမှုသည်ကွယ်လွန်သွားပြီးနောက် ကာလစည်းကမ်းသတ်ကျော်လွန်မှ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန်လျှောက်ထားရခြင်းဖြစ်လျှင် သက်ဆိုင်သူအနေဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၃ နှင့် ၄ တို့အရ ရည်ညွှန်း၍ လျှောက်ထားခြင်းမပြုဘဲ နည်းဥပဒေ ၉ ပါပြဋ္ဌာန်းချက်ကိုကျင့်သုံး၍ လျှောက်ထားရန်ဖြစ်သည်ကို အထူးသတိချပ်ရမည်ဖြစ်သည်။

ထိုသို့လျှောက်ထားရာတွင် အမှုရပ်စဲသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း လျှောက်ထားရန်ဖြစ်သည်ဆိုသော ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၇၁ ၏ ကန့်သတ်ပြဋ္ဌာန်းချက်ကို လိုက်နာရန်လည်း လိုအပ်မည်ဖြစ်သည်။ နည်းဥပဒေ ၉ အရလျှောက်ထားမှုတွင် ကာလစည်းကမ်းသတ်ကျော်လွန်မှုရှိပါက ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ အရ ကင်းလွတ်ခွင့်ပြုပေးရန်အတွက် ကောင်းမွန်လုံလောက်သည့်အကြောင်းပြချက်ကိုတင်ပြရမည်ဖြစ်သည်။ ပုဒ်မ ၅ ၏ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မှုရှိသည်ကို နည်းဥပဒေ ၉(၃) တွင် တစ်ပါတည်းပြဋ္ဌာန်းထားကြောင်းတွေ့ရှိရသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၉(၂) အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ စီရင်ထုံးဖွဲ့ထားသည်ကို (မိမိလက်လှမ်းမီသမျှတွင်)မတွေ့ရှိရပေ။ **ဒေါ်လှလှ**[(၃)] အမှု၏ စာမျက်နှာ(၁၂၃)တွင် တရားလိုအတွက် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန်လျှောက်ထားလွှာတင်သွင်းစဉ်ကပင် အမှုရပ်စဲသွားပြီးဖြစ်ရာ ထိုသို့ရပ်စဲခြင်းကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂ နည်းဥပဒေ ၃(၂)အရ နည်းဥပဒေ ၉(၂)ကို ပုံနှိပ်ရာတွင် မှားယွင်းခြင်းဖြစ်ဟန်တူသည်) ပယ်ဖျက်ခြင်းမပြုဘဲ ကွယ်လွန်သူ၏နေရာတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းမပြုနိုင်ဟုလက်ခံဆုံးဖြတ်ထားသည်ကိုတွေ့ရှိရသကဲ့သို့ **"ဒေါ်ဒေါ်ရစ်စီပါ-၂ နှင့် ဒေါ်ခရစ္စတိုဘယ်လ်ပါ-၂" (၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၁၂၂)**တွင် ကာလစည်းကမ်းသတ် ကျော်လွန်သည့်အခါတွင် နည်းဥပဒေ ၃ အရဖြစ်စေ၊ နည်းဥပဒေ ၄ အရဖြစ်စေ လျှောက်ထားခြင်းမပြုနိုင်တော့ကြောင်း၊ ကွယ်လွန်သူနှင့်စပ်လျဉ်းသမျှ အမှုရပ်စဲသွားပြီးဖြစ်ကြောင်း၊ ယင်းအတွက် နည်းဥပဒေ ၉ အရသာ လျှောက်ထားနိုင်ကြောင်း သုံးသပ်ဆုံးဖြတ်မှုရှိသည်ဟုမှတ်သားရဖူးပါသည်။

သို့ဖြစ်ရာ စစ်ဆေးဆဲအမှုများမှ အမှုသည်ကွယ်လွန်သောအမှုကြောင့် မိမိတို့၏အမှုသည်များနစ်နာမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီလျှောက်ထားခြင်း၊ လက်ခံဆုံးဖြတ်ခြင်းပြုကြရန်လိုအပ်ပါကြောင်း ဆွေးနွေးလိုပါသည်။

**ကြည်သိန်း(တရားရေး)**

ကျမ်းကိုးစာရင်း။
(၁) Myanmar Code Vol - XII
(၂) မြန်မာနိုင်ငံတရားစီရင်ထုံးများ
(၃) ဆရာဦးမြ၏တရားမကျင့်ထုံးဥပဒေ (တတိယတွဲ)
(၄) ဆရာဦးမြ၏ တရားမမှုခင်းဖြတ်ထုံးများ (ဒုတိယတွဲ)

# အာမခံရေးရာအဖြာဖြာ

**ကြည်သိန်း(တရားရေး)**

တရားခံက အာမခံလျှောက်ထားရာတွင် ငြင်းပယ်ခြင်းခံရပါက အထက်တရားရုံးသို့ တက်ရောက်အရေးဆိုရာတွင် ရာဇဝတ်အထွေထွေလျှောက်လွှာကိုတင်သွင်းရမည် သို့မဟုတ် ရာဇဝတ်ဆိုင်ရာအထွေထွေအယူခံမှုကိုတင်သွင်းရမည် သို့မဟုတ် ရာဇဝတ်ဆိုင်ရာပြင်ဆင်မှုတင်သွင်းရမည်ဆိုသောအချက်နှင့်စပ်လျဉ်း၍ အတွေးတစ်စဖြစ်ပေါ်လာမိပါသည်။

တရားရုံး၏ အမိန့်တစ်ရပ်အပေါ် အယူခံတင်သွင်းပိုင်ခွင့်နှင့် ပြင်ဆင်မှုတင်သွင်းပိုင်ခွင့်တို့ တူညီခြင်းမရှိသည်ကို သာမန်အားဖြင့်ပင် သိရှိမှတ်သားထားကြပြီးဖြစ်သည်။ အယူခံပိုင်ခွင့်မှာ သက်ဆိုင်ရာအမှုသည်သို့အပ်နှင်းထားသည့် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး ပြင်ဆင်မှုမှာ တရားရုံးသို့အပ်နှင်းထားသည့် အာဏာနှင့်သက်ဆိုင်ခြင်းဖြစ်သည်။

ရာဇဝတ်မှုများအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၄ တွင် ဤကျင့်ထုံးဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းပါရှိချက်မှတစ်ပါး ပြစ်မှုဆိုင်ရာတရားရုံးကချမှတ်သည့် စီရင်ချက် သို့မဟုတ် အမိန့်တစ်စုံတစ်ရာကိုအယူခံခွင့်မရှိစေရဟု အတိအလင်းပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇ ပုဒ်မခွဲ(၅)တွင် ဤဥပဒေအရ အယူခံဝင်ခွင့်ရှိပါလျက် အယူမခံသည့်အချက်တွင် အယူခံဝင်နိုင်သူက ပြင်ဆင်မှုအဖြစ်တင်သွင်းလာသည့်မှုခင်းကိစ္စများကို စဉ်းစားနိုင်ရန်လက်မခံရဟုပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်များအရ ဥပဒေကခွင့်ပြုမှသာ အယူခံပိုင်ခွင့်ရရှိခြင်းဖြစ်ပြီး အယူခံရန်ခွင့်ပြုထားပါကလည်း ပြင်ဆင်မှုတင်သွင်းခွင့်မရှိသည်မှာ မြင်သာသောအချက်ဖြစ်ပါသည်။

ဤဆောင်းပါးတွင် ရာဇဝတ်မှုများ၌ အာမခံရရှိရန်လျှောက်ထားမှု၊ အာမခံပေးသည့်အမိန့်ကို ပယ်ဖျက်ပေးရန်လျှောက်ထားမှု၊ အာမခံပေးထားသည့်အမိန့်အား ပယ်ဖျက်လိုက်သည့် အမိန့်အပေါ်လျှောက်ထားမှုတို့နှင့်စပ်လျဉ်း၍ မည်ကဲ့သို့ဆောင်ရွက်လျက်ရှိသည်ဆိုသောကိစ္စရပ်အပေါ် ဆွေးနွေးလိုခြင်းဖြစ်သည်။

မြို့နယ်တရားရုံး(မူလအမှုစစ်တရားရုံး)အဆင့်တွင် ဥပဒေအရ အာမခံပေးခွင့်မရှိသည့်ပြစ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့်အခါ တရားခံအနေဖြင့် အာမခံ သို့မဟုတ် အချုပ်လွတ်ထုချေခွင့်ရရှိလိုပါက

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇ ပုဒ်မခွဲ (၁) တွင်ပြဋ္ဌာန်းချက်များနှင့်အညီ မူလရုံး၌ ကနဦးလျှောက်ထားရမည်ဖြစ်သည်။

ထိုသို့လျှောက်ထားမှုအပေါ် မူလရုံးကခွင့်ပြုခြင်းမရှိလျှင် အထက်တရားရုံးဖြစ်သည့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး သို့မဟုတ် ခရိုင်တရားရုံးသို့ ရာဇဝတ်အထွေထွေလျှောက်ထားလွှာတင်သွင်းရမည်ဖြစ်ပြီး တရားရုံးက **ရာဇဝတ်အထွေထွေမှု** အဖြစ်ဖွင့်လှစ်ကာ အာမခံပေးရန်သင့်-မသင့်ကို ဆုံးဖြတ်ပေးသည်။ အကယ်၍ ခွင့်ပြုခြင်းမရှိပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော်များသို့ ရာဇဝတ်အထွေထွေလျှောက်ထားလွှာ ဆက်လက်တင်သွင်းရန်ဖြစ်ပြီး တရားလွှတ်တော်ကခွင့်ပြုခြင်းမရှိလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဆက်လက်လျှောက်ထားရန်ဖြစ်သည်။ ယင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ ၏ ပြဋ္ဌာန်းချက်နှင့်သက်ဆိုင်ခြင်းဖြစ်သည်။ အဆိုပါမှုသဘောကို **"ပြည်ထောင်စုမြန်မာနိုင်ငံနှင့်မောင်ဖေကြည်ပါ-၂"**[၁] အမှု၊ **"မောင်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ"**[၂] အမှု၊ **"ဦးသော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်"**[၃] အမှု၊ **"ဦးလှသိန်းပါ-၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်"**[၄] အမှုများတွင်တွေ့ရှိရသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၈ အရ ငြိမ်ဝပ်စွာနေထိုင်ရန် သို့မဟုတ် ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန်အတွက် စုံစမ်းစစ်ဆေးခြင်းခံရသူအား အာမခံပေးရန် ချမှတ်သည့်အမိန့်အပေါ် ပုဒ်မ ၄၀၆ အရ တရားစီရင်ရေးကိုထိခိုက်စေသောပြုလုပ်မှုများအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ ၄၇၆ (၁)အရ အရေးယူသည့်ကိစ္စရပ်အပေါ် ပုဒ်မ ၄၇၆-ခ အရ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ အရ ဇနီးများနှင့်သားသမီးအား စရိတ်ထောက်ပံ့ရန်ချမှတ်သည့် အမိန့်အပေါ် ပုဒ်မ ၄၀၆-က အရ အယူခံဝင်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားရှိသည်။

ယင်းပြဋ္ဌာန်းချက်များအရ ရာဇဝတ်ကျင့်ထုံးဆိုင်ရာ အရေးယူဆောင်ရွက်သည့်ကိစ္စရပ်များတွင်လည်း အယူခံပိုင်ခွင့်ကို အတိအလင်းပြဋ္ဌာန်းထားကြောင်းတွေ့ရမည်ဖြစ်သည်။

အာမခံကိစ္စမှာလည်း ရာဇဝတ်ကျင့်ထုံးဆိုင်ရာဆောင်ရွက်ချက်တစ်ရပ်သာဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ အခန်း(၃၁)တွင် အယူခံမှုဆိုင်ရာကိစ္စရပ်များ ပြဋ္ဌာန်းထားရှိပြီး အာမခံဆိုင်ရာကိစ္စရပ်များကို အခန်း(၃၉)တွင်ပြဋ္ဌာန်းထားရှိသည်။ အဆိုပါပြဋ္ဌာန်းချက်များတွင်အာမခံပေးခြင်း၊ မပေးခြင်းနှင့် ခွင့်ပြုထားသောအာမခံကိုပြန်လည်ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် အမိန့်အပေါ် အယူခံတင်သွင်းပိုင်ခွင့်ရှိကြောင်းမပါရှိချေ။

မူလရုံး(မြို့နယ်တရားရုံး)က အာမခံပေးလိုက်သည့်အမိန့်ကို ပယ်ဖျက်ပေးစေရန်အတွက် အရေးဆိုရာတွင် အထက်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း၊ အယူခံမှုတင်သွင်းခြင်း၊ ရာဇဝတ်အထွေထွေလျှောက်လွှာတင်သွင်းခြင်းတို့ အမျိုးမျိုးကွဲပြားနေသည်ကိုတွေ့ရှိရသည်။ ထိုသို့ ပုံစံအမျိုးမျိုးဖြင့်တင်သွင်းလာသည်ကို လက်ခံဆုံးဖြတ်သည်မှာ မဖြစ်သင့်သောကိစ္စရပ်ဟုယူဆမိသည်။

---

၁။ ၁၉၆၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ-၆၄၇။

၂။ ၁၉၆၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ-၆၆၆။

၃။ ၁၉၆၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)၊ စာ-၂၇၅။

၄။ ၁၉၇၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၄။

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ တွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် စက်ရှင်တရားရုံးသည် မည်သည့်အမှုတွင်မဆို ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံသည်ဖြစ်စေ၊ အယူမခံသည်ဖြစ်စေမည်သူကိုမဆို အာမခံပေးခွင့်ပြုရန် သို့မဟုတ် ရဲအရာရှိတစ်ဦးကဖြစ်စေ၊ ရာဇဝတ်တရားသူကြီးကဖြစ်စေ တောင်းဆိုထားသည့် အာမခံကိုလျှော့စေရန် ညွှန်ကြားနိုင်သည်"ဟု ပြဋ္ဌာန်းထားရှိသည်။ ယင်းပြဋ္ဌာန်းချက်ပါ "အယူခံသည်ဖြစ်စေ၊ အယူမခံသည်ဖြစ်စေ" ဟူသော စကားရပ်ကို အထောက်အထားပြု၍ အာမခံကိစ္စတွင် အယူခံခွင့်ရှိသည်ဟုစောဒကတက်ရန်ရှိသည်။ သို့သော် ရှေ့စကားရပ်တွင် "ပြစ်မှုထင်ရှားစီရင်ခြင်း" ဆိုသည့်အချက်ကို ထောက်ထားပါက အယူခံခြင်းမှာ အာမခံလျှောက်ထားသည့်ကိစ္စသက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ဟု ဆိုနိုင်သည်။

သို့ဖြစ်ရာ အာမခံကိစ္စအတွက် အယူခံပိုင်ခွင့်ရှိ–မရှိကို သုံးသပ်ညွှန်ပြရန်လိုအပ်မှုရှိမည်ဖြစ်သည်။

မူလရုံးက အာမခံပေးရန်ငြင်းပယ်သည့်အမိန့်အပေါ် အယူခံမှုအဖြစ် တင်သွင်းခဲ့မှုရှိသည်ကို **"ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်လှရွှေ"**[၅] အမှုတွင် ဖော်ပြချက်အရတွေ့ရှိရသကဲ့သို့ **"မောင်လှမင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်"**[၆] အမှုစီရင်ထုံး၏ခေါင်းစီးတွင် ရာဇဝတ်ဆိုင်ရာအယူခံမှု (Appellate Criminal)ဟုဖော်ပြထားသည်ကိုတွေ့ရှိရသည်။ **"မောင်လှမင်း"**[၆] အမှုတွင် ရန်ကုန်စက်ရှင်ရုံး၌ အာမခံလျှောက်ထားရာ ပလပ်ခြင်းခံရသောကြောင့် တရားလွှတ်တော်သို့ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၈ အရ လျှောက်ထားလွှာတင်သွင်းခဲ့သည်။ တရားရုံးက ရာဇဝတ်အသေးအဖွဲ့မှုအဖြစ်ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်ပါလျက် ခေါင်းစီးတွင် အယူခံမှုဟုဖော်ပြထားခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇(၅) တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး သို့မဟုတ် ခရိုင်တရားရုံး ထို့ပြင် တစ်ဦးတစ်ယောက်ကို လွှတ်ထားသော အခြားမည်သည့်တရားရုံးကမဆို ဤပုဒ်မအရ လွှတ်ပေးထားသူတစ်ဦးတစ်ယောက်ကို ပြန်ဖမ်းပြီး ချုပ်နှောင်ထားစေနိုင်သည် (၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၃ နှင့် ပုဒ်မ ၅(ခ) အရ)ဟုပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ အာမခံပေးထားသည့်တရားခံတစ်ဦးကို မူလရုံးက ပြန်လည်ဖမ်းဆီးခွင့်ရှိသကဲ့သို့ သက်ဆိုင်ရာအထက်တရားရုံးကလည်း မူလရုံးကအာမခံပေးထားသည့်အမိန့်ကို ပယ်ဖျက်ပိုင်ခွင့်ရှိသည်။

မူလရုံးက အာမခံပေးသည့်အမိန့်ကို ကျေနပ်မှုမရှိသဖြင့် ပယ်ဖျက်ပေးစေရန်အတွက် အထက်တရားရုံးများသို့ ရာဇဝတ်အထွေထွေလျှောက်လွှာတင်သွင်းပြီး ရာဇဝတ်အသေးအဖွဲ့မှု (ရာဇဝတ်အထွေထွေမှုအဖြစ်ဖွင့်လှစ်ဆောင်ရွက်သည်ကို **"ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးစံခင်"**[၇] အမှု၊ **"မသန်းသန်းမြင့်နှင့် ရှိတ်အာရဖာအလီ"**[၈] အမှုများတွင် တွေ့ရှိရသည်။

မူလရုံးက အာမခံပေးသည့် အမိန့်ကို ကျေနပ်မှုမရှိသဖြင့် ပယ်ဖျက်ပေးစေရန်အတွက် ပြစ်မှုဆိုင်ရာ

၅။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ–၈၉၈။
၆။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)၊ စာ–၁၁၂။
၇။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ–၄၈၈။
၈။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ–၉၆၀။

အထွေထွေလျှောက်လွှာတင်သွင်းခြင်းကိုလည်းကောင်း၊ ထိုလျှောက်လွှာအပေါ် ချမှတ်သည့်အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းခြင်းကိုလည်းကောင်း ထိုသို့မဟုတ်ဘဲ ပြင်ဆင်မှုအဆင့်ဆင့်တင်သွင်းခြင်းကိုလည်းကောင်း လက်ခံဆုံးဖြတ်ထားသည်ကို **“ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် နော်တောင်”**[၉] အမှု၊ **“ဦးတင်အေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂”**[၁၀] အမှု၊ **မမြသက်ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂**”[၁၁] အမှု၊ **“ဦးကျော်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၄”**[၁၂] အမှုများအရတွေ့ရှိရသည်။

မူလရုံးက အာမခံပြန်လည်ရုပ်သိမ်းသည့်အမိန့်ကို ကျေနပ်မှုမရှိသည့် တရားခံက အာမခံပြန်လည်ခွင့်ပြုပေးရန်အတွက် အထွေထွေလျှောက်လွှာအဆင့်ဆင့်တင်သွင်းခဲ့သည်ကို **“ဒေါ်ရှုရင်နှင့် ဒေါ်အေးအေးမြင့်”**[၁၃] အမှုတွင်တွေ့ရှိရသည်။

**“ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်လှရွှေ”**[၆] အမှုတွင် အမှုလက်ခံစစ်ဆေးသည့် ပထမရာဘက်တရားသူကြီးရုံးက အာမခံပေးခြင်းမရှိသော်လည်း အယူခံမှုတွင် ရာဘက်စက်ရှင်တရားသူကြီးက အာမခံပေးသည့် အမိန့်ချမှတ်ခဲ့သည်။ ထိုသို့ အာမခံပေးထားမှုကို ပြန်လည်ရုပ်သိမ်းပေးရန်အတွက် ခရိုင်အုပ်ချုပ်ရေးနှင့်လုံခြုံရေးကော်မတီက တောင်းဆိုခဲ့ရာ အာမခံခွင့်ပြုပေးထားသည့် ရာဘက်စက်ရှင်တရားသူကြီးက မိမိတွင်ပယ်ဖျက်ပိုင်ခွင့်မရှိဟုယူဆကာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-ကအရ ဆောင်ရွက်ပေးရန်အတွက် တရားရုံးချုပ်သို့တင်ပြခဲ့သည်။ တရားရုံးချုပ်က ရာဇဝတ်အသေးအဖွဲ့မှုအဖြစ်လက်ခံခဲ့ပြီး ရာဘက်စက်ရှင်ရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၈အရ အာမခံကိုပယ်ဖျက်ခွင့်မရှိသည်မှာ မှန်ကန်ကြောင်းညွှန်ပြခဲ့ပြီး အာမခံပေးထားသည့်အမိန့်ကို ပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ပေးခဲ့သည်။ ထို့အတူ **“ဦးတင်အေး”**[၁၀] အမှုတွင်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈အရ အာမခံပေးထားသည့်အမိန့်ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရသာ ပယ်ဖျက်နိုင်ကြောင်း လက်ခံဆုံးဖြတ်ထားသည်။

အထက်ပါစီရင်ထုံးများအရ မူလရုံးတွင် အာမခံလျှောက်ထားရာ၌ ငြင်းပယ်ခြင်းခံရသည့်အခါ အာမခံရရှိရေးအတွက် အထက်တရားရုံးအဆင့်ဆင့်သို့ **ရာဇဝတ်အထွေထွေ**လျှောက်လွှာတင်သွင်းသည်ကို ရာဇဝတ်အထွေထွေမှုအဖြစ် လက်ခံဆောင်ရွက်သည်မှာ **“မောင်လှရွှေ”**[၆] အမှုမှအပ တညီတညွတ်တည်း ရှိသည်ကိုတွေ့ရသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ အရ အာမခံပေးထားသည့်ကိစ္စ လျှောက်ထားမှုတွင် **ရာဇဝတ်အထွေထွေမှု** ဖွင့်လှစ်ပြီး ပုဒ်မ ၅၆၁-က အရ ပြန်လည်ပယ်ဖျက်ခွင့်ရှိသည်ဆိုခြင်း၌လည်း ကွဲလွဲသောအမြင်မရှိသည်ကိုတွေ့ရသည်။

သို့သော် အာမခံပေးသည့်အမိန့်အပေါ် ကျေနပ်မှုမရှိ၍ ပယ်ဖျက်ပေးရန် လျှောက်ထားရာ၌ ရာဇဝတ်အထွေထွေလျှောက်လွှာတင်သွင်းခြင်း၊ ပြင်ဆင်မှုတင်သွင်းခြင်းတို့ရှိခဲ့ပြီး ထိုသို့တင်သွင်းသည့်နည်းလမ်းမှာ မှားယွင်းသည်၊ သို့မဟုတ် မှန်ကန်သည်ဆိုခြင်းကို အငြင်းပွားမှု၊ သုံးသပ်မှုတို့မရှိဘဲ **ရာဇဝတ်**

---

၉။ ၁၉၉၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၃။

၁၀။ ၁၉၉၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၈။

၁၁။ ၁၉၉၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၇၇။

၁၂။ ၂၀၀၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၄။

၁၃။ ၁၉၈၉ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၀။

**အထွေထွေမှု** နှင့် **ရာဇဝတ်ဆိုင်ရာ ပြင်ဆင်မှု** အဖြစ် လက်ခံဆုံးဖြတ်ထားသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

ထို့ကြောင့် အာမခံကိုပယ်ဖျက်ပေးစေရန်အတွက် အရေးဆိုသည့်ကိစ္စရပ်တွင် မည်ကဲ့သို့လျှောက်ထားမှုဖြစ်မှသာ လက်ခံဆောင်ရွက်ရန်ဖြစ်သည်ဆိုခြင်းကို လက်အောက်ခံတရားရုံးများက တညီတညွတ်တည်း လိုက်နာကျင့်သုံးနိုင်စေရေးအတွက် အခါအခွင့်သင့်သည့်အခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ထုံးပြုညွှန်ပြပေးသင့်သည်ဟု ယူဆမိပါသည်။

ကြည်သိန်း (တရားရေး)



# ကြားဖြတ်လျှောက်လွှာ ပြင်ဆင်မှုအာဏာ နှစ်ဖက်မျက်နှာ

**ဖိုးသုညထာ**

တရားမမှုများတွင် အမှုစတင်ဖွင့်လှစ်ကြားနာသည်မှ အပြီးသတ်အမိန့်မချမှတ်မီအတွင်း စစ်ဆေးစီရင်မှု အဆင့်အသီးသီးတွင် အမှုအား ရှေ့မဆက်မီ လက်တလောဆုံးဖြတ်ပေးရန် လိုအပ်သည့် လျှောက်ထားမှုများကို နှစ်ဖက်အမှုသည်များက ပြုလုပ်ကြခြင်းများရှိတတ်သည်။ ကြားဖြတ်လျှောက်လွှာဟု ခေါ်ကြသည်။

ဥပမာ။ အမှုသည် ထပ်ထည့်ပေးရန် (သို့မဟုတ်) ထုတ်ပယ်ပေးရန် လျှောက်ထားခြင်း၊ ကိုယ်စားဆောင်ရွက်ခွင့်လျှောက်ထားခြင်း၊ အမိန့် ၆ နည်း ၅ အရ အချက်အလက်တောင်းခံရန်လျှောက်ထားခြင်း၊ အဆိုအချေပြင်ဆင်ခွင့်လျှောက်ထားခြင်း၊ အမိန့်၉နည်း ၆အရ ဆောင်ရွက်ပေးရန်လျှောက်ထားခြင်း၊ အမိန့် ၁၁ နည်း ၁ အရ မေးမြန်းခွင့်လျှောက်ထားခြင်း၊ အမိန့် ၁၃ နည်း ၂ အရ စာရွက်စာတမ်း သက်သေခံချက်နောက်ထပ်တင်ပြခွင့် လျှောက်ထားခြင်း၊ အမိန့် ၁၄ အရ ငြင်းချက်များထပ်ထုတ်ပေးရန်(သို့မဟုတ်) ထုတ်ပယ်ပေးရန် (သို့မဟုတ်) ပမာဏငြင်းချက် သတ်မှတ်ကြားနာပေးရန် လျှောက်ထားခြင်း စသည်တို့ဖြစ်သည်။

ထိုသို့လျှောက်ထားခြင်းမျိုးတွင် တစ်ခါတစ်ရံ၌ တစ်ဖက်အမှုသည်က အကြည်အသာ လက်ခံခြင်းမျိုးလည်းရှိတတ်သည်။ သို့သော် အလွန်ရှားသည်။ ကန့်ကွက်ကြသည်ကသာ များသည်။ ကန့်ကွက်သည်ဖြစ်စေ၊ မကန့်ကွက်သည်ဖြစ်စေ တရားရုံးက လျှောက်ထားမှုအပေါ် အမိန့်တစ်ရပ်ရပ် ချပေးရမြဲဖြစ်သည်။

ထိုသို့ချမှတ်သောအမိန့်များမှာ အများအားဖြင့် ဒီကရီမမြောက်သော၊ အယူခံဝင်ခွင့်မရှိသော အမိန့်များသာဖြစ်ကြသောကြောင့် ၎င်းအမိန့်များကို မကျေနပ်သည့် အမှုသည်တို့က အထက်ရုံးများသို့ ပြင်ဆင်မှုများတင်သွင်းလေ့ရှိကြသည်။ ထိုသောအခါ ပြင်ဆင်မှုရုံးများက တစ်ခါတစ်ရံတွင် နှစ်ဖက်ကြားနာပြီး အမိန့်ချမှတ်ခြင်းပြုသကဲ့သို့ တစ်ခါတစ်ရံတွင် အကျဉ်းနည်းဖြင့် ပလပ်ခြင်းများလည်းရှိတတ်သည်။ ပြင်ဆင်မှုများကို ပလပ်ခံရလျှင် လျှောက်ထားသူအမှုသည်နှင့် ၎င်း၏ ရှေ့နေတို့က မကျေမနပ် မြည်တွန်တောက်တီးတတ်သည်ကို Facebook တွင် မကြာခဏတွေ့ရတတ်သည်။ အကျဉ်းနည်းဖြင့် ပလပ်ခံရလျှင် ပို၍ပင် နာနာကျင်ကျင် ဖြစ်တတ်သည်။

မိမိက မှန်သည်ဟု ထင်မြင်ယူဆ၍ အပင်ပန်းခံ၊ ငွေကုန်ကြေးကျခံကာ ဝါယမစိုက်ထုတ်၍ လုပ်ကိုင်ပြီး တင်ပြသည့် အမှုကိစ္စ အရာမထင် အဟောသိကံဖြစ်ရခြင်းကြောင့် နာသာခံခက်ဖြစ်ရသည်မှာ ကိုယ်ချင်းစာနာဖွယ်ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့သည် ပရမတ္ထသစ္စာမဟုတ်သော သမုတိသစ္စာနယ်ပယ်တွင် ကျင်လည်နေကြသူများဖြစ်သည်။ သမုတိနယ်တွင် အမှန်တရားဆိုသည်များသည် အခြေအနေ၊ အချိန်အခါ၊ ပတ်ဝန်းကျင် အကြောင်းခြင်းရာ ရှုထောင့် ရှုမြင်သုံးသပ်သူ၏ စိတ်နေသဘောထား စသည်တို့အပေါ်မူတည်၍ မတူကွဲပြားခြင်း၊ ပြောင်းလဲခြင်းများဖြစ်နိုင်သည်။ ထိုသို့မတူကွဲပြားမှုများကြောင့်ပင် အငြင်းပွားမှုများဖြစ်၍ တရားရုံးများနှင့် ခုံသမာဓိလူကြီးများရှေ့ အမှုရင်ဆိုင်နေကြရခြင်းဖြစ်ပါသည်။

တစ်ချိန်တွင် အမှန်ဟုဆိုသည်များသည် နောင်တစ်ချိန်တွင် အမှားဟုဆိုဖွယ်ရာများဖြစ်နေတတ်သည်ကို ယနေ့ကမ္ဘာနှင့် ကျွန်တော်တို့နိုင်ငံ၏ဖြစ်ရပ်စုံ၌ အထင်အရှားတွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် မိမိ၏အမြင်သည်သာ အမှန်ဟူ၍ တရားသေဆုပ်ကိုင်ထားရန် သင့်လျော်မည်မဟုတ်ပါချေ။ မတူကွဲပြားခြင်းများ စပ်ဟပ်ညှိနှိုင်းပြီး ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်သုံးသပ်နိုင်မှသာ ပို၍မှန်သော အဖြေကိုရနိုင်ကောင်းသည်ဆိုလျှင် မမှားဟုထင်ပါသည်။

တရားမပြင်ဆင်မှုများသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ကို အကြောင်းပြု၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။ "၁၁၅။ × × × × × × × × × အယူခံဝင်ခွင့်မရှိသော မည်သည့်အမှု၏ အမှုတွဲကိုမဆိုတောင်းခေါ်က ၎င်း၏ လက်အောက်တရားရုံးက

(က) ၎င်းအား ဥပဒေအရအပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးခဲ့ကြောင်း၊ သို့မဟုတ်

(ခ) ဤသို့အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရန်ပျက်ကွက်ခဲ့ကြောင်း၊ သို့မဟုတ်

(ဂ) ၎င်း၏စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားဥပဒေနှင့်မညီဘဲဖြစ်စေ၊ အရေးပါသော နည်းလမ်းမကျမှုဖြင့်ဖြစ်စေ ဆောင်ရွက်ခဲ့ကြောင်း တင်မြင်ယူဆလျှင် ယင်းအမှုတွင် သင့်သည့်ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

ပြင်ဆင်မှုတရားရုံးများသည် လက်အောက်ခံတရားရုံး၏ အမိန့်၊ ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် မှားယွင်းနေသည် ဆိုကာမျှဖြင့်၊ မိမိ၏သဘောထားအမြင်နှင့် မကိုက်ညီရုံမျှဖြင့် စွက်ဖက်ပြင်ဆင်နိုင်သည် မဟုတ်ချေ။[၁] ထို့ပြင် အောက်ရုံး၏အမိန့်သည် အရေးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅ပါ အချက်(၃)ရပ်တွင် အကျုံးမဝင်လျှင် ပြင်ဆင်မှုရုံးက စွက်ဖက်ပြင်ဆင်ခြင်းမပြုနိုင်၊ ပြင်ဆင်မှု အာဏာကို ကျင့်သုံးရာ၌ သက်သေခံချက်၏အရည်အသွေးကို စိစစ်ခြင်းမပြုနိုင်ပေ။[၂] အောက်ရုံး၏ ဆောင်ရွက်မှုတွင် နည်းလမ်းမကျမှုရှိသည့်တိုင် တရားမျှတမှုဖြစ်စေလျှင် ပြင်ဆင်မှုတွင်စွက်ဖက်လေ့ မရှိပေ။[၃] ဤမူသဘောများကို ပြင်ဆင်မှုတရားရုံးများက အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့ကြကြောင်း ခေတ်အဆက်ဆက် စီရင်ထုံးများ၌တွေ့နိုင်သည်။

သို့ဖြစ်ရာ ပြင်ဆင်မှုအာဏာကို အရမ်းကာရော စိတ်ထင်တိုင်း ကျင့်သုံးနိုင်သည်မဟုတ်။ ဆင်ခြင်တုံတရား လက်ကိုင်ထား၍ ချင့်ချင့်ချိန်ချိန်သာ ကျင့်သုံးရသည်။ အထူးသဖြင့် ပြင်ဆင်ပေးရန် လျှောက်ထားသော အမိန့်သည် ကြားဖြတ်အမိန့်ဖြစ်လျှင် ပို၍ပင် ချင့်ချိန်ဖို့၊ ဂရုစိုက်ဖို့ လိုသည်။

---

(၁) ဘော်မစ်ရှူးကူးနှင့် ဖိုမန်ဆင်းပါ ၅၊ ၁၉၅၃ မတစ ၃၆၄။

(၂) ကူအမင်နှင့် ဦးအမောင်၊ ၂၀၀၂ မတစ ၁၅၃။

(၃) မောင်ညွန့်နှင့်မောင်ကိုင်း၊ 6 BLR 272

ကြားဖြတ်အဆင့်တွင် ကြားဖြတ်အမိန့်ကို ပြင်ဆင်မှု၌ စွက်ဖက်လေ့မရှိပေ။[၄] ကြားဖြတ်အမိန့်သည် မှားယွင်းကြောင်းမြင်သာပြီး စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ဆုံးဖြတ်ထားခြင်း၊[၅] ကြားဖြတ်အဆင့်၌ စွက်ဖက်ပြင်ဆင်မပေးပါက ကုစားမရနိုင်လောက်သည့် နစ်နာမှုဖြစ်စေနိုင်ခြင်း၊[၆] အကြီးအကျယ်မတရားမှု၊ (သို့မဟုတ်) ဒုက္ခဖြစ်စေနိုင်ခြင်း၊[၇] မလွဲမသွေ တရားစီရင်မှု လွဲမှားစေနိုင်ခြင်း၊[၈] စသည်တို့ပေါ်ပေါက်စေသည့်အခါမျိုးတွင်သာ စွက်ဖက်ပြင်ဆင်ပေးကြသည့် ထုံးသာဓကများရှိသည်။ ထို့ပြင် ဆင်ခြင်တုံတရားအရ ချမှတ်ရသည့် အမိန့်များကို အောက်ရုံးက ပြီးစလွယ်မဟုတ်မူဘဲ အကျိုးသင့်အကြောင်းသင့် စဉ်းစားဆုံးဖြတ်ထားပြီး စွက်ဖက်ပြင်ဆင်မပေးပါက ကုစားမရလောက်သည့် နစ်နာမှုမျိုးဖြစ်စေရန်လည်း အကြောင်းမရှိလျှင် စွက်ဖက်ပြင်ဆင်ရန်သင့်လျော်မည်မဟုတ်ကြောင်း ညွှန်ပြချက်များလည်းရှိသည်။[၉]

အချို့သောကြားဖြတ်အမိန့်များသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄အရ အယူခံဝင်ခွင့် မရှိစေကာမူ အမှု၏နောက်ဆုံး၌ချမှတ်သော ဒီကရီကို အယူခံဝင်သောအခါ ထိုအမိန့်သည် အမှုအဆုံးအဖြတ်ကို ထိခိုက်သောအမိန့်ဖြစ်ပါမူ ပုဒ်မ ၁၀၅ အရ အယူခံမှုတွင် စောဒကတက်နိုင်သည်။ အချို့ကြားဖြတ်အမိန့်များကို တရားတစ်ထုံးစွဲ၍ ပယ်ဖျက်နိုင်သည်။ ထိုသို့သော နည်းအမျိုးမျိုးအရ အခြားနည်းဖြင့် ကုစားနိုင်ခွင့်ရှိကြောင်း ထင်ရှားနေလျှင်လည်း ပြင်ဆင်မှုရုံးက စွက်ဖက်လိမ့်မည်မဟုတ်ပေ။[၁၀]

သို့ဖြစ်ရာ ပြင်ဆင်မှုရုံး၏စွက်ဖက်ပြင်ဆင်ပေးမှုကို လိုလားတောင်းခံသော ပြင်ဆင်မှုလျှောက်ထားသူတို့အနေဖြင့် မိမိတို့၏ ပြင်ဆင်မှုလျှောက်လွှာ၊ လျှောက်လဲချက်တို့တွင် အောက်ရုံး၏အမိန့် မှားယွင်းနေကြောင်းကိုသာ တင်ပြရုံဖြင့် လုံလောက်မည်မဟုတ်ပေ။ ပြင်ဆင်ပေးစေလိုသောအမိန့်ကို ချမှတ်ခဲ့သည့် အောက်ရုံးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ အချက် (၃)ရပ်အနက် တစ်ရပ်ရပ်နှင့်ငြိစွန်းလျက် ဆောက်ရွက်ထားကြောင်းကိုသော်လည်းကောင်း၊ ဥပဒေအရ အခြားနည်းဖြင့်ကုစားရန် လမ်းဖွင့်ထားခြင်းမရှိ၍ ပြင်ဆင်မပေးလျှင် ကုစားမရသည့်နစ်နာမှု မလွဲကေန်ဖြစ်လိမ့်မည်ဖြစ်ကြောင်းကိုသော်လည်းကောင်း ထင်ရှားမြင်သာ ကျေနပ်လောက်အောင် တင်ပြနိုင်ရမည်ဖြစ်သည်။

အမှုသည်များ၊ ရှေ့နေများနှင့် တရားရုံးတို့တွင် အထင်အရှား ကွဲပြားခြားနားသော အချက်တစ်ရပ်မှာ အမှုသည် ရှေ့နေများအနေဖြင့် မိမိဘက်၏ အကျိုးအတွက်သာ မျှော်မှန်းလုပ်ဆောင်ရပြီး တရားရုံးများမှာမူ မျက်နှာစာနစ်ဖက်လုံးတွင် ဥပဒေနှင့်မညီသော နစ်နာမှုမရှိရအောင် မျှတစေမည့်ဆုံးဖြတ်ချက်မျိုး ချမှတ်ပေးနိုင်ဖို့ ရည်သန်လုပ်ဆောင်ရခြင်းဖြစ်ပါသည်။

တရားမမှုတွင် ကြားဖြတ်အမိန့်တစ်ခုအပေါ်တင်သွင်းသောပြင်ဆင်မှုကို အထက်ရုံးတို့ကလက်ခံ၍ နစ်ဖက်ကြားနာရန်ဆောင်ရွက်လိုက်သည်နှင့် မူလရုံး၏စစ်ဆေးလက်စအမှုကိုဆိုင်းငံ့ကာ အထက်ရုံးသို့

---

(၄) ဒေါ်ဆင့်နှင့် မောင်မြရှိန်၊ ၁၉၅၈ မတရ ၂၅၂။

(၅) အေ၊ ပီ၊ အလ်၊ အက်စ်၊ အက်စ် ချစ်တီးယားနှင့် ရမ်နဒ်မြို့ပစ္စည်းထိန်းဝန်၊ 13 Ran 595

(၆) ဂျူပီတာအထွေထွေအာမခံကုမ္ပဏီလီမိတက်နှင့် အဗ္ဗဒူလ်အဇစ်၊ 1 Ran 231

(၇) ဦးဘဦးနှင့် ဦးရွက်၊ ၁၉၄၈ မတရ ၁၇၂။

(၈) မလှမြင့်နှင့် မစိန်မြိုင်၊ ၁၉၅၃ မတရ ၅၉။

(၉) အက်စ်၊ အာ၊ အင်၊ အမ်ချစ်တီးဖမ်းနှင့် ပီ၊ အလ်၊ အမ်၊ အင်နရေရမ်နမ်ချစ်တီး၊ 11 LBR 65

(၁၀) ဦးဇော်နှင့်ဒေါ်ဖြူ၊ ၁၉၉၀ မတရ ၅၁။

အမှုတွဲပေးပို့ရသည်မှစကာ ပြင်ဆင်မှုဆုံးဖြတ်ပြီး၍ အမှုတွဲ မူလရုံးသို့ ပြန်ရောက်သည်အထိ ကြန့်ကြာမှုများ မလွဲမသွေဖြစ်ပေါ်ရသည်။ ထိုကြန့်ကြာမှုသည် လနှင့်ချီ၍လည်းဖြစ်နိုင်သည်။ တစ်ဖက်အမှုသည်မှာလည်း အထက်ရုံး၌အမှုရင်ဆိုင်ရန် ရှေ့နေငှားရ၊ ပြင်ဆင်ရ၊ အမှုသွားရောက်ရင်ဆိုင်ရဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းခြင်းများ မလွှဲမရှောင်သာဘဲ ဖြစ်လာရပေသည်။

ထိုသို့ ဒုက္ခမရောက်သင့်ဘဲ ဒုက္ခမရောက်စေရန်မျှော်တွေး၍ ပြင်ဆင်မှုအာဏာကို အလွယ်တကူမကျင့်သုံးရန်၊ မလိုအပ်ဘဲ ကြားဖြတ်အဆင့်တွင် စွက်ဖက်ပြင်ဆင်ခြင်းမပြုကြရန် ရှေးပညာရှိတို့က ထုံးသာဓကများထားခဲ့ခြင်းဖြစ်ဟန်တူပါသည်။ ထို့ကြောင့် ပြင်ဆင်မှုလျှောက်လွှာအရပင် စွက်ဖက်ပြင်ဆင်ရန်မသင့်ကြောင်း ထင်ရှားမြင်သာနေသော အမှုမျိုးကို အကျဉ်းနည်းဖြင့် ပလပ်ရခြင်းများလည်းရှိမည် ဖြစ်ပါသည်။ ဤအချက်ကို ပြင်ဆင်မှုလျှောက်ထားသူတို့ဘက်ကလည်း နားလည်မှုပေးသင့်ပါသည်။

တစ်ဖက်တွင် ပြင်ဆင်မှုလျှောက်ထားသူတို့ဘက်က အထက်၌ဖော်ပြခဲ့သည့်အတိုင်း ထင်ရှားအောင်တင်ပြရန်တာဝန်ရှိသကဲ့သို့ တရားရုံးများအနေဖြင့်လည်း အထက်ရုံးသို့ အားကိုးတကြီးတင်ပြလာသော အမှုသည်၊ ရှေ့နေတို့ကို စာနာမှုပေးသင့်ပေသည်။ မိမိအမှုနည်းလျှင်ပြီးရောဆိုသည့်သဘောဖြင့် စွက်ဖက်ပြင်ဆင်ပေးသင့်သောအမှုမျိုး ဟုတ်၊ မဟုတ် အလေးအနက်၊ အသေအချာ မစဉ်းစားဘဲ လွယ်လင့်တကူ အကျဉ်းနည်းဖြင့် ပလပ်ခြင်းမျိုး မပြုလုပ်မိစေရန် သတိချပ်သင့်ပါသည်။ အောက်ပြင်ဆင်မှုရုံးက အလွယ်တကူ အကျဉ်းနည်းဖြင့် ပလပ်ခြင်းသည် အထက်ပြင်ဆင်မှုရုံး၌ ပြင်ဆင်မှုတစ်မှုတိုးဖို့အကြောင်း ဖြစ်တတ်သည်ကိုလည်း မမေ့အပ်ပါချေ။

ထို့ပြင် စွက်ဖက်ပြင်ဆင်မည်ဆိုလျှင် မည်သည့်အတွက် စွက်ဖက်ပြင်ဆင်ရန်လိုအပ်နေကြောင်းကိုလည်းကောင်း၊ မစွက်ဖက်သင့်၍ ပလပ်ရမည်ဆိုလျှင်လည်း မည်သည့်အကြောင်းကြောင့် ပြင်ဆင်မှုရုံးက မစွက်ဖက်သင့်သည့် အခြေအနေမျိုး ပေါ်ပေါက်နေကြောင်း၊ မည်သည့်အတွက်ကြောင့် ကုစားမရသည့်နစ်နာမှုမျိုးမဖြစ်နိုင်ကြောင်း၊ မည်ကဲ့သို့ အခြားနည်းဖြင့်ကုစားရန် လမ်းပွင့်နေကြောင်းတို့ကိုလည်းကောင်း သာမန်ဉာဏ်အမြော်အမြင်ရှိသူတို့ နားလည်လက်ခံနိုင်လောက်သည်အထိ ရှင်းလင်းဖော်ပြသည့် အမိန့်မျိုးချမှတ်ပေးနိုင်ဖို့ အားထုတ်သင့်ကြပါသည်။ ဤသို့ဆိုလျှင် ပလပ်ခံရသော ပြင်ဆင်မှုလျှောက်ထားသူတို့အနေဖြင့်လည်း လက်ခံကျေနပ်နိုင်လိမ့်မည်ဖြစ်သည်။

ဆရာကြီးဦးမြ၏ တရားမကျင့်ထုံးဥပဒေစာအုပ်နှင့် တရားမအယူခံ၊ ပြင်ဆင်မှုနှင့် အမှုရပ်စဲခြင်းစာအုပ်တို့တွင် ပြင်ဆင်မှုများ၌ စွက်ဖက်ပြင်ဆင်ပေးသင့်သည့် အချက်များ၊ မစွက်ဖက်သင့်သည့်အချက်များကို စုံစုံစေ့စေ့၊ ကျယ်ကျယ်ပြန့်ပြန့်၊ နိုက်နိုက်ချွတ်ချွတ် အပင်ပန်းခံ၍ ရှင်းလင်းရေးသားထားပါသည်။ ထိုစာတို့ကိုလေ့လာ၍ သမာသမတ်ကျသော အတွေးအမြင်များမွေးမြူသင့်ကြပါသည်။

အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း အမှုသည်၊ ရှေ့နေနှင့် တရားရုံးတို့ အသီးသီးစာနာနားလည်မှု၊ စိတ်ကောင်းစေတနာရှိမှု၊ အမှန်တရားကို မြတ်နိုးမှုတို့ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ပြင်ဆင်မှုများနှင့်ပတ်သက်သည့် မကျေလည်မှုများ လျော့ပါးပျောက်ကွယ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါကြောင်း တင်ပြအပ်ပါသည်။

**(ဖိုးသုညဏ်)**

# မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှုနှင့် သက်သေခံပစ္စည်းများ စီမံခန့်ခွဲသည့် အမိန့်များ ချမှတ်ရာတွင် တရားရုံးချုပ်၏လမ်းညွှန်စီရင်ထုံးများအပေါ် အသိဉာဏ်ပညာအမြော်အမြင်ကြီးစွာဖြင့် တွေးခေါ်ဆုံးဖြတ်ရန် လိုအပ်ခြင်း

**သိန်းကိုကို (ပြည်နယ်တရားလွှတ်တော်တရားသူကြီး)**

တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် တရားသူကြီးများ၏ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲမှုလုပ်ငန်းများမှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ တရားစီရင်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခြင်း၊ တရားရုံးစီမံခန့်ခွဲမှုလုပ်ငန်းများ စနစ်တကျရှိစေရန်အတွက် လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ကြရာတွင် မှန်ကန်သော သဘောထားအမြင်နှင့် အတွေးအခေါ်များရှိရန် လိုအပ်ပေသည်။

တရားရုံးအဆင့်ဆင့်သည် တရားစီရင်ကြရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ လမ်းညွှန်စီရင်ထုံးများနှင့်အညီ မှန်ကန်စွာ တွေးခေါ်၍ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်မှသာ တရားရုံးများကို အများပြည်သူတို့က ယုံကြည်ကိုးစား၍ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်မည်ဖြစ်ပေသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကျွမ်းကျင်ထက်မြက်သော တရားသူကြီးများ ဖြစ်ထွန်းရေးကို မျှော်မှန်း၍ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) ရည်မှန်းချက် ၄– ၂တွင် တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ တိုးတက်မြင့်မားလာစေရန် သီးသန့်သင်တန်းများပေး၍ ဆောင်ရွက်လျက်ရှိပါသည်။

တရားသူကြီးများသည် ရာဇဝတ်မှုခင်းများကို စီရင်ဆုံးဖြတ်ရာ၌ ပြစ်မှုကျူးလွန်သူ တရားခံအား ပြစ်ဒဏ်ချမှတ်ရာတွင် နောက်တစ်ကြိမ် ထပ်မံ၍ ပြစ်မှုမကျူးလွန်ဝံ့စေရန် ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် အခြားရာဇဝတ်မှု ကျူးလွန်လိုသူတို့ကိုလည်း ထိရောက်သော ဟန့်တားခြင်းမျိုး ဖြစ်ပေါ်စေပြီး ချမှတ်သော ပြစ်ဒဏ်မှာလည်း သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းထားချက်များနှင့် ညီညွတ်ရမည် ဖြစ်ပေသည်။

နိုင်ငံတော်နှင့် ပြည်သူတို့အား အန္တရာယ်ဖြစ်စေနိုင်သော ရာဇဝတ်မှုများနှင့် အလားတူပြစ်မှုများတွင် ပြစ်မှုထင်ရှားပါက ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ရန် အထူးသတိထားရှိပြီး ဆောင်ရွက်ရပေမည်။ ပြစ်မှုနှင့်လျော်ညီသော ထိရောက်ဟန့်တားစေသည့် ပြစ်ဒဏ်များ ချမှတ်ရန်အတွက် ယခင်ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၉ နှင့် ၃၀ တို့ကို လိုက်နာဆောင်ရွက်ရပေသည်။

မူလတရားရုံးများသည် ပြစ်မှုနှစ်ရပ်နှင့်ဖြစ်စေ၊ နှစ်ရပ်ထက်ပိုသော ပြစ်မှုများဖြင့်ဖြစ်စေ အပြစ်ပေးခံရသော တရားခံတစ်ဦးအပေါ် ထောင်ဒဏ်များကို တစ်ပေါင်းတည်း ချမှတ်လေ့ရှိသဖြင့် ချင့်ချိန်စဉ်းစား

သုံးသပ်ပြီး ယင်းထောင်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေသင့်သည်ဟု လုံလောက်သော အကြောင်း တွေ့ရှိမှသာ စီရင်ချက်တွင် မည်သည့်အတွက်ကြောင့် ထောင်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေရန် ကျိုးကြောင်းဆီလျော်ပြည့်စုံစွာ ဖော်ပြ၍ အမိန့်ချမှတ်ရမည့်အပြင် ညွှန်ကြားချက်အမှတ် ၂၉ ကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပေသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ပုဒ်မခွဲ ၃၅ (၁) နှင့် ပုဒ်မ ၃၉၇ ပါ ပြဋ္ဌာန်းချက်များတွင် ရာဇဝတ်မှု တစ်မှုတည်းတွင်ဖြစ်စေ၊ သီးခြားအမှုများတွင်ဖြစ်စေ တရားခံတစ်ဦးအပေါ် ပြစ်မှုနှစ်ရပ်၊ သို့မဟုတ် နှစ်ရပ်ထက်ပိုသည့် ပြစ်မှုများဖြင့် ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ်များ ချမှတ်ရာတွင် တရားရုံးက တစ်ပေါင်းတည်း ကျခံစေရန် ညွှန်ကြားခြင်းမပြုပါက ထောင်ဒဏ်တစ်ခုပြီးမှ တစ်ခု ကျခံရမည်ဖြစ်ပေသည်။

ထောင်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅ (၁) နှင့် ပုဒ်မ ၃၉၇ တို့တွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း တစ်ပေါင်းတည်းကျခံစေရန် တရားရုံးက ညွှန်ကြား နိုင်ပေသည်။ ထောင်ဒဏ်များကို တစ်ခုပြီးမှ တစ်ခု ကျခံစေရန်မှာ ဥပဒေ၏ လိုရင်းရည်ရွယ်ချက်ဖြစ်ပြီး တစ်ပေါင်းတည်းကျခံစေခြင်းသည် ခြွင်းချက်သာဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

မူးယစ်ဆေးဝါးမှုခင်းများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ တရားခံအပေါ် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်၊ တစ်ပေါင်းတည်း ပြစ်ဒဏ်၊ သီးခြားစီပြစ်ဒဏ်များ ချမှတ်ခဲ့သည့် တရားရုံးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့၏ အောက်ပါလမ်းညွှန်စီရင်ထုံးများကို တင်ပြသွားမည်ဖြစ်ပါသည်-

**"ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးမုံဆာလ ပါ ၃**[၁]**"** အမှုတွင် ခရိုင်တရားရုံးမှ တရားခံ ဦးမုံဆာလ၊ ဦးမရမ်ကန်နှင့် ဦးဇော်လှတို့ အပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၆ (ခ)/ ၂၂(က)(ခ) တို့အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် (တစ်ဆယ်နှစ်) စီ ကျခံစေရန် လည်းကောင်း၊ ပုဒ်မ ၁၉(က)/ ၂၂(က)(ခ) အရ အလုပ်နှင့်ထောင်ဒဏ် ၅၀ နှစ် (ငါးဆယ်နှစ်)စီ ကျခံစေရန် လည်းကောင်း၊ ပုဒ်မ ၂၀(က)(ခ)/ ၂၂(က)(ခ) အရ သေဒဏ်အသီးသီး ကျခံစေရန်လည်းကောင်း၊ တရားခံ ဦးဇော်လှအား ပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် (ငါးနှစ်) ချမှတ်ခဲ့၍ အဆိုပါအမိန့်ကို တရားခံ များက မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေး)တွင် အယူခံဝင်ရောက်ရာ သေဒဏ်အတည်ပြုမှုဖွင့်လှစ်ပြီး တစ်ပေါင်းတည်း ကြားနာလျက် မူလရုံးက တရားခံများအပေါ် ပုဒ်မ ၁၉(က)/ ၂၂(က)(ခ)အရ အလုပ်နှင့် ထောင်ဒဏ် ၅၀ နှစ် (ငါးဆယ်နှစ်) စီ ချမှတ်ထားသောအမိန့်ကို ပယ်ဖျက်ပြီး ကျန်အမိန့်များအား အတည်ပြု ခဲ့သည်။ ထိုပယ်ဖျက်သည့်အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ လျှောက်ထားရာ ရာဇဝတ်အထူးအယူခံမှု ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၀(က) သည် မူးယစ်ဆေးဝါး၊ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းအတွက် တားမြစ်ချက်ဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၁၉ (က) သည် မူးယစ်ဆေးဝါး၊ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့် ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းအတွက် တားမြစ်ချက်များ ဖြစ်ပေသည်။

တရားခံ ဦးမုံဆာလပါ ၃ ဦးတို့သည် အင်မ်ဖီတမင်းဆေးပြားအမြောက်အများကို ရောင်းချရန်အလို့ငှာ

---

၁။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ - ၇၅

လက်ဝယ်ထားရှိကြောင်းနှင့် ထုတ်လုပ်ကြောင်း သက်သေခံချက်များ ပေါ်ပေါက်နေ၍ ပုဒ်မ ၁၉ (က) နှင့် ပုဒ်မ ၂၁ (က) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းမှာ ထင်ရှားသည်။ အဆိုပါ ပြစ်မှုများမှာ သီးခြားစီ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ရောင်းချရန် လက်ဝယ်ထားရှိခြင်းမှာ ပြစ်မှုတစ်ရပ်ဖြစ်ပြီး ထုတ်လုပ်ခြင်းမှာ ပြစ်မှုတစ်ရပ်ဖြစ်သောကြောင့် ရာဇသတ်ကြီးပုဒ်မ ၇၁ နှင့် သက်ဆိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

တရားရုံးချုပ် (မန္တလေး) က ခရိုင်တရားရုံးမှ တရားခံများအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၂(က) (ခ) အရ ချမှတ်သည့် ပြစ်ဒဏ်ကို ပယ်ဖျက်ခဲ့ခြင်းမှာ မှန်ကန်ခြင်းမရှိသည့်အပြင် ခရိုင်တရားရုံးမှလည်း တရားခံ (၃)ဦးအား ပုဒ်မ ၁၉(က)/၂၂(က)(ခ) ဖြင့် ပြစ်မှုထင်ရှားစီရင်ရာတွင် ပုဒ်မ ၁၉(က)၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော "နှစ်အကန့်အသတ်မရှိ" ထောင်ဒဏ်ကို မလွဲမသွေ ချမှတ်ရမည်ဖြစ်၍ တရားရုံးချုပ် အထူးအယူခံရုံးမှ တရားရုံးချုပ် (မန္တလေး) နှင့် ခရိုင်တရားရုံးတို့၏အမိန့်များအား ပယ်ဖျက်ပြီး တရားခံ (၃)ဦးကို "နှစ်အကန့်အသတ်မရှိ" ထောင်ဒဏ်ကျခံစေရန်နှင့် ကျန်ပြစ်ဒဏ်များအား အတည်ပြုကြောင်း ချမှတ်ခဲ့သည့် လမ်းညွှန်ဆုံးဖြတ်ချက်အပေါ် လေ့လာမှတ်သားလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

**"ရန်နိုင်ထွန်း ပါ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** [၂]**"** အမှုတွင် တရားခံမြင့်ကိုနှင့် ရန်နိုင်ထွန်းတို့အား ရှာဖွေရာ ၎င်းတို့၏ကိုယ်ခန္ဓာများပေါ်နှင့် ဆိုင်ကယ်ထိုင်ခုံအောက်မှ ဘိန်းစာမှုန့် စုစုပေါင်း (၁၂၅)ထုပ်တွေ့ရှိ၍ တရားစွဲဆိုရာ ခရိုင်တရားရုံးမှ တရားခံရန်နိုင်ထွန်းအား ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် (သုံးနှစ်)၊ ယင်းဥပဒေပုဒ်မ ၁၉(က)/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန်နှင့် တရားခံ မြင့်ကိုအား ပုဒ်မ ၁၉(က) အရ အလုပ်နှင့် ထောင်ဒဏ် ၁၈ နှစ် (တစ်ဆယ့်ရှစ်နှစ်) ချမှတ်ခဲ့သည့် အမိန့်များကို တရားခံများက မကျေနပ်၍ တိုင်းတရားရုံးတွင် အယူခံတင်သွင်းရာ ပလပ်ခံရသဖြင့် တရားရုံးချုပ်သို့ ရာဇဝတ်ပြင်ဆင်မှု တင်သွင်းခဲ့သည်။

အမှုတွင် တရားခံ မြင့်ကိုသည် ဆိုင်ကယ်မောင်းနှင်ပြီး တရားခံ ရန်နိုင်ထွန်းမှာ နောက်မှ လိုက်ပါလာကာ ဆိုင်ကယ်ဖင်ထိုင်ခုံအတွင်းနှင့် ၎င်းတို့၏ ကိုယ်ခန္ဓာများပေါ်မှ ဘိန်းစာမှုန့် စုစုပေါင်း (၁၂၅) ထုပ် သိမ်းဆည်းရမိခဲ့ရာ ထိုပစ္စည်းများမှာ လူကြုံပေးလိုက်ကြောင်း ထုချေသော်လည်း လက်ခံရန်မသင့်၍ ဘိန်းစာမှုန့်များကို ရောင်းချရန်အလို့ငှာ သယ်ဆောင်လာခြင်းမှာ ထင်ရှားနေပေသည်။

တရားခံ ရန်နိုင်ထွန်းမှာ ဆေးဝါးသုံးစွဲသူဖြစ်၍ မူးယစ်ပုဒ်မ ၁၅(က) အရ ပြစ်မှုကျူးလွန်သဖြင့် ပုဒ်မ ၂၃ နှင့် တွဲပြီး ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် စိစစ်ရာတွင် ခရိုင်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၇/၂၀၀၅ ၌ မူးယစ်ပုဒ်မ ၁၆(ဂ) အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် (ငါးနှစ်) ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် တရားခံ ရန်နိုင်ထွန်းအပေါ် ပုဒ်မ ၂၃ ဖြင့် စွဲချက်တင်ရာ ထုချေခြင်းမရှိ၍ ပုဒ်မ ၁၉(က)/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ခဲ့သည်။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေ ၅၇ သည် ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားရာ ပထမဥပမာတွင် တရားခံသည် ယခင်က ပုဒ်မ ၁၆(ဂ) အရ ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက်

---

၂။ ၂၀၀၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ – ၅၉

တစ်ကြိမ်ထပ်မံ၍ ဘိန်းပင်စိုက်ပျိုးမှုအတွက် ပုဒ်မ ၁၆(က) အရ တရားစွဲဆိုသည့်အခါ မူးယစ်ပုဒ်မ ၂၃ ဖြင့် ပူးတွဲစွဲဆိုခြင်းမပြုနိုင်သည်ကို ရှင်းလင်းထားခြင်းဖြစ်သည်။

ယင်းနည်းဥပဒေ ၅၇ (က) ဒုတိယဥပမာတွင် ပုဒ်မ ၁၆ (ဂ) အရ ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်ဒဏ်စီရင်ခံရပြီးနောက် မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ သို့မဟုတ် လွှဲပြောင်းပေးခြင်းအတွက် ပုဒ်မ ၁၉ (က) ဖြင့် အရေးယူရာတွင် ပုဒ်မ ၂၃ နှင့် ပူးတွဲခြင်းမပြုနိုင်ကြောင်း ရှင်းလင်းထားခြင်းဖြစ်သည်။

ဆိုလိုရင်းမှာ ယခင်ပြစ်ချက်ဟောင်းနှင့် ထပ်မံကျူးလွန်သောအမှုသည် ပုဒ်မနှင့် ပုဒ်မခွဲတို့မှာ တူညီရမည်ဖြစ်သည်။ အဆိုပါ နည်းဥပဒေပြဋ္ဌာန်းချက်နှင့် ရှင်းလင်းချက်တို့အရ ခရိုင်တရားရုံးမှ တရားခံ ရန်နိုင်ထွန်းအား ပုဒ်မ ၁၉(က)/၂၃ အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှန်ကန်ခြင်းမရှိ၍ "နှစ်အကန့်အသတ်မရှိ" ထောင်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီး ပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၈ နှစ် (တစ်ဆယ့်ရှစ်နှစ်) နှင့် ပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် (သုံးနှစ်) တို့ကို သီးခြားစီကျခံစေရန် တရားရုံးချုပ်၏ လမ်းညွှန်ဆုံးဖြတ်ချက်အပေါ် လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

### အောင်ကိုလတ် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၃)"

အောင်ကိုလတ် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမှုတွင် ၂၈-၁၀-၂၀၁၄ ရက်နေ့၊ ၁၈၀၀နာရီအချိန်တွင် မူးယစ်ဆေးဝါးသတင်းအရ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၄ရပ်ကွက်၊ ဦးဝိစာရလမ်း၊ ဘိုဘိုမင်း လက်ဖက်ရည်ဆိုင်ရှေ့တွင် တရားခံအောင်ကိုလတ်အား ဖမ်းဆီးပြီးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား(၁၇၁၀)ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်မေးရာတွင် ထုတ်ဖော်ချက်အရ ၂၁၃၀ နာရီအချိန်၌ ၎င်းနေထိုင်သည့် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာတောရလမ်းရှိ နေအိမ်သို့သွားရောက်ရှာဖွေရာ စိတ်ကြွဆေးပြား (၂၁၆၀၀)ပြား ထပ်မံတွေ့ရှိ၍ မူးယစ်အထူးတပ်ဖွဲ့မှ တရားခံ အောင်ကိုလတ်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းနှင့် စမ်းချောင်းမြို့မရဲစခန်းတို့တွင် တိုင်ချက်နှစ်ရပ် ရေးဖွင့်ပြီး တရားခံ အောင်ကိုလတ်အား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုရာ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၈ နှစ် (တစ်ဆယ့်ရှစ်နှစ်) ချမှတ်ခံရပြီး ထပ်မံ၍ တရားခံ အောင်ကိုလတ်အား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် သီးခြားအမှုဖြင့် တရားစွဲဆိုခဲ့ရာ ပုဒ်မ ၁၉(က) အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ် (တစ်ဆယ့်သုံးနှစ်) ကျခံစေရန် အမိန့်ချမှတ်ခံခဲ့ရသည်။

မူလရုံးတရားခံ အောင်ကိုလတ်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ရာဇဝတ်အယူခံမှု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်ပြင်ဆင်မှုတို့ကို တင်သွင်းခဲ့ရာ ပလပ်ခံရ၍ ရာဇဝတ်အထူးအယူခံဝင်ခွင့် လျှောက်ထားရာ ခွင့်ပြုခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်(အထူး) အယူခံခုံရုံးမှတရားခံ အောင်ကိုလတ်သည် စမ်းချောင်းမြို့နယ်တွင် နေထိုင်ပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဘိုဘိုမင်းလက်ဖက်ရည်ဆိုင်ရှေ့တွင် သတင်းအရ စောင့်ဆိုင်းရှာဖွေရာ ၎င်းလက်ထဲမှ စိတ်ကြွရူးသွပ်ဆေးပြား (၁၇၁၀) ပြား သိမ်းဆည်းရမိခဲ့ပြီး တရားခံ၏ ထုတ်ဖော်ချက်

---

၃။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ -၆၃

အရ စမ်းချောင်းမြို့နယ်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား (၂၁၆၀၀)ပြား ထပ်မံ၊ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်၍ တရားခံ အောင်ကိုလတ်၏ လက်ဝယ်မှ စိတ်ကြွဆေးပြားများ ရှာဖွေတွေ့ရှိခြင်းသည် ဥပဒေသဘောအရ လက်ဝယ်ထားခြင်းတူညီသော်လည်း ရာဇဝတ်မှုနယ်မြေစီရင်ပိုင်ခွင့် မတူသည့် မြို့နယ်တစ်ခုစီတွင် သီးခြားရှာဖွေတွေ့ရှိခြင်းဖြစ်၍ ပြုလုပ်မှုတစ်ရပ်တည်းဖြစ်သည်ဟုလည်းကောင်း၊ တစ်ခုနှင့်တစ်ခု တစ်မှုတည်းဖြစ်အောင် ဆက်စပ်နေသည်ဟု မဆိုနိုင်ဘဲ သီးခြားကျူးလွန်သည့် ပြစ်မှုဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်ကြောင်းသုံးသပ်ထားသည်။

သီးခြားကျူးလွန်သည့် ပြစ်မှုများဖြစ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနှင့် အနောက်ပိုင်းခရိုင်တရားရုံးတို့တွင် တရားခံ အောင်ကိုလတ်အား တရားစွဲဆိုစစ်ဆေးစီရင်ခြင်းဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၁) အရ တစ်မှုတည်းဖြစ်အောင် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် ပြုလုပ်မှုကြောင့် ပြစ်မှုမြောက်ပါက တစ်မှုတည်းတွင် စွဲချက်နှစ်ရပ်တင်၍ စစ်ဆေးနိုင်သကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၃ အရ သီးခြားခွဲ၍ တရားစွဲဆိုပြီး စွဲချက်တင်စစ်ဆေးခြင်းကို ပြုလုပ်နိုင်ပေသည်။

ခရိုင်တရားရုံးနှစ်ရုံးမှ အမှုများအား သီးခြားစီ စစ်ဆေးခြင်းမှာ မှားယွင်းမှု မရှိသကဲ့သို့ ပြစ်ဒဏ်များ သီးခြားစီ ချမှတ်ခြင်းမှာလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၁)၊ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ နှင့် ရာဇသတ်ကြီးပုဒ်မ ၇၁ တို့နှင့် ဆန့်ကျင်ကြောင်း တရားခံ အောင်ကိုလတ်၏ ရှေ့နေတင်ပြချက်အား လက်ခံရန် အကြောင်းမရှိ၍ ရာဇဝတ်အထူးအယူခံမှုများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထူးအယူခံခုံရုံးမှ ပလပ်ခဲ့သော လမ်းညွှန်စီရင်ထုံးအပေါ် အထူးလေ့လာမှတ်သား လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

ဆက်လက်၍ လောင်းကစားမှုခင်းများအပေါ် တရားရုံးချုပ်မှ စီရင်ဆုံးဖြတ်ခဲ့သည့် လမ်းညွှန်စီရင်ထုံးများအား ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

**"ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သိန်းငွေ (ခ) အန့်ကူ**[၄]**"** အမှုတွင် ချဲထီလောင်းကစားသတင်းအရ သက်သေများနှင့်အတူ သိန်းငွေ (ခ) အန့်ကူနှင့် ကျင်အောင်တို့အား ရှာဖွေရာ၊ လောင်းကစားသည့် စာရွက် စာတမ်းများနှင့် ငွေစက္ကူများတွေ့ရှိ၍ လောင်းကစားမှုဖြင့် တရားစွဲဆိုခဲ့ရာ နှစ်ဖက် သက်သေများ စစ်ဆေးပြီးနောက် တရားခံကျင်အောင်အား အလုပ်နှင့်ထောင်ဒဏ် ၆ လကျခံစေရန်နှင့် တရားခံ သိန်းငွေ (ခ) အန့်ကူအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သဖြင့် တရားခံ ကျင်အောင်က အယူခံတင်သွင်းရာ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သဖြင့် အဆိုပါအမိန့်များကို ရှေ့နေချုပ်ရုံးမှ ကျေနပ်မှုမရှိ၍ အယူခံမှုများ တင်သွင်းခဲ့သည်။

တရားရုံးချုပ်မှ စာရွက်စာတမ်းများပေါ်ရှိလက်ရေးလက်သားများမှာ တရားခံများ ရေးသားကြောင်း၊ တင်ပြနိုင်ခြင်းမရှိသော်လည်း ချဲလောင်းကစားသည့်ပစ္စည်းများကို တရားခံများ၏ လက်ဝယ်မှ တွေ့ရှိခြင်းမှာ ထင်ရှားနေ၍ ချဲထီဒိုင်ဟု မှတ်ယူနိုင်ခြင်းမရှိသော်လည်း ချဲထီလောင်းကစားမှု ပြုလုပ်သည်ဟု မှတ်ယူရန် အထောက်အထားခိုင်လုံမှုရှိကြောင်း၊ ဖမ်းဆီးရာတွင် လုပ်ထုံးလုပ်နည်းနှင့် မညီသော်လည်း အမှုပျက်ပြယ်ခြင်း မရှိကြောင်း သုံးသပ်ကာ မူလရုံးနှင့် အယူခံရုံးတို့၏ အမိန့်များအား ပယ်ဖျက်ပြီး တရားခံ သိန်းငွေ(ခ) အန့်ကူနှင့် ကျင်အောင်တို့ကို လောင်းကစားဥပဒေပုဒ်မ ၁၆(က) အရ အလုပ်နှင့်ထောင်ဒဏ် ၆ လ (ခြောက်လ) စီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

---

၄။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ - ၇၉

**"ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရွှေလဝင်း (ခ) ဝင်းနောင်[၅]"** အမှုတွင် နယ်မြေသတင်းစုံစမ်းနေသော ရဲတပ်ဖွဲ့ဝင်များသည် တရားခံရွှေလဝင်း (ခ) ဝင်းနောင်အား မသင်္ကာ၍ သက်သေများနှင့် ရှာဖွေရာ ငွေ ၁၉၆၀ ကျပ်နှင့် လောင်းကစားပစ္စည်းများ တွေ့ရှိ၍ တရားစွဲဆိုရာ မူလရုံးက တရားခံအား အပြီးအပြတ်လွှတ်ခဲ့သဖြင့် ရှေ့နေချုပ်ရုံးမှ ရာဇဝတ်အယူခံမှုအား တင်သွင်းခဲ့သည်။

တရားရုံးချုပ်က တရားခံ ရွှေလဝင်း (ခ) ဝင်းနောင်အား ရဲတပ်ဖွဲ့ဝင်များက ရှာဖွေသည့်အခါ ၎င်း၏ အိတ်ထဲမှ ချဲထီရောင်းချသည့် ပစ္စည်းများတွေ့ရှိခြင်းမှာ ထင်ရှားပေါ်လွင်နေကြောင်း၊ တရားခံ၏ လက်ရေး လက်မှတ်မဟုတ်ခြင်း၊ ရှာဖွေပုံစံ နည်းလမ်းမကျခြင်းတို့မှာ ၎င်းထံမှ လောင်းကစားပစ္စည်းများ သိမ်းဆည်းရမိခြင်းအပေါ် ချေဖျက်နိုင်ခြင်းမရှိ၍ အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှန်ကန်မှုမရှိကြောင်း သုံးသပ်ပြီး မူလရုံး၏အမိန့်ကို ပယ်ဖျက်၍ တရားခံ ရွှေလဝင်း (ခ) ဝင်းနောင်အား လောင်းကစားဥပဒေ ပုဒ်မ ၁၅(က) အရ ပြစ်ဒဏ်စီရင်ခဲ့ခြင်းအပေါ် လေ့လာမှတ်သားလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

ရာဇဝတ်မှုခင်းများ စွဲဆိုရာတွင် ပါရှိသည့် သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းအပေါ် တရားရုံးချုပ်မှ လမ်းညွှန်ဆုံးဖြတ်ထားသည့် စီရင်ထုံးများအား ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

တရားရုံးများသို့ စွဲဆိုတင်ပို့လာသော ရာဇဝတ်မှုခင်းများ စစ်ဆေးစီရင်ဆုံးဖြတ်ရာတွင် သက်သေခံပစ္စည်းများအား စီမံခန့်ခွဲခြင်းကို ပြဋ္ဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ရာဇဝတ်မှုခင်းများ စစ်ဆေးကြားနာစီရင်ဆုံးဖြတ်ရာတွင် သက်သေခံပစ္စည်းများအပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့်အညီ (က) ဖျက်ဆီးရန် အမိန့်ချမှတ်ခြင်း (ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခြင်း (ဂ) ပိုင်ဆိုင်ခွင့်ရှိသူထံ ပြန်ပေးရန် အမိန့်ချမှတ်ခြင်း (ဃ) ဥပဒေခွင့်ပြုချက်ဘောင်အတွင်း သင့်မြတ်သည့်အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဆိုသော ပြဋ္ဌာန်းချက်၊ ယခင်ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၃၈ တို့နှင့်အညီဆောင်ရွက်ရမည် ဖြစ်ပါသည်။

**"ဦးပါလေးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်[၆]"** အမှုတွင် ရာဇဝတ်မှုကျူးလွန်ရာ၌ အသုံးပြုသော မော်တော်ယာဉ်ဖြင့် မတ်ပဲများ သယ်ဆောင်ခဲ့၍ အချင်းဖြစ်ယာဉ်ကို မူလရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရာ ယာဉ်ပိုင်ရှင်က ကျေနပ်မှုမရှိ၍ ပြည်နယ်တရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားရာ ပလပ်ခံရသဖြင့် ဗဟိုတရားရုံးတွင် ပြင်ဆင်မှုထပ်မံတင်သွင်းခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ မတ်ပဲများ တင်ဆောင်၍ တရားခံများအဖြစ် တရားစွဲဆိုခဲ့ရာတွင် ယာဉ်ပိုင်ရှင်မှာ တရားခံအဖြစ် အမှုတွင် ပါဝင်ခြင်းမရှိသဖြင့် မော်တော်ယာဉ်ပိုင်ရှင်သည် ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်ခြင်း မရှိကြောင်း ဗဟိုတရားရုံးမှသုံးသပ်ပြီး ယာဉ်ပိုင်ရှင်ထံ သက်သေခံ မော်တော်ယာဉ်အား ပြန်လည်ပေးအပ်စေသည့် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

**"ဦးပိတ်ကောင်း ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်[၇]"** အမှုတွင် သက်သေခံ ကျောက်စိမ်းတုံးများကို သယ်ဆောင်လာသည့် မော်တော်ယာဉ်အမှတ် မကန-၂၃/၆၂။ မကန-

---

၅။ ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ – ၈၉

၆။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ – ၉၂

၇။ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ – ၈၆

၉၅/၅၈ တို့ကို မူလရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရာ ယာဉ်ပိုင်ရှင်များက တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားရာ ပလပ်ခံရ၍ ဗဟိုတရားရုံးတွင် ပြင်ဆင်မှုထပ်မံလျှောက်ထားခဲ့ရာ ယာဉ်မောင်းများ၏ ထွက်ဆိုချက်အရ လျှောက်ထားသူ (၂)၏ ကားမှ ဝန်တင်ကရိန်းဆွဲစက်ကို အသုံးပြု၍ ကျောက်ကပ်စိမ်းတုံး များအား လျှောက်ထားသူ(၁)၏ ကားပေါ်သို့ တင်ပေးရကြောင်း၊ ကားအသုံးပြုခငွေများကို ယာဉ်ပိုင်ရှင် လျှောက်ထားသူ (၁)(၂)တို့က ရရှိကြောင်း ထွက်ဆိုချက်များ ပေါ်ပေါက်နေ၍ အချင်းဖြစ်ယာဉ်များ အသုံးပြု ခြင်းကို ပိုင်ရှင်များက သိရှိကြောင်း ပေါ်လွင်သဖြင့် သက်သေခံယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း သည့်အမိန့်ကို ဗဟိုတရားရုံးမှ ဆက်လက်အတည်ပြုသည့်အမိန့် ချမှတ်ခဲ့သည်။

**"ဦးကျော်ကျော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်[၈]"** အမှုတွင် အကောက်ခွန်မဲ့ တင်သွင်း လာသော ဆိုင်ကယ်များနှင့် အင်ဂျင်များကို ၉က/၄၈၆၄ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရ၍ အချင်းဖြစ်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် မူလရုံးမှ ချမှတ်ခဲ့သည့် အမိန့်ကို ယာဉ်ပိုင်ရှင်မှ ၎င်းသိရှိခြင်း မရှိသည့်အပြင် ကြားနာခွင့်မပေးဘဲ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှာ တရားမျှတမှုမရှိကြောင်း တင်ပြကာ ရာဇဝတ်အထူးအယူခံ ဝင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။

မော်တော်ယာဉ်၊ သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရေး ပြုလုပ်ကြသူတို့သည် တရားမဝင်သော ပစ္စည်းများ တင်ဆောင်ခွင့်မရှိကြောင်း သိရှိကြပြီးဖြစ်သည်။ ယာဉ်ကို ငှားရမ်းသူ၊ သို့မဟုတ် ယာဉ်မောင်းထံ လွှဲအပ်လိုက်သဖြင့် ထိုယာဉ်ပေါ်တွင် မည်သည့်ပစ္စည်း သယ်ဆောင်သွားသည်ကို ပိုင်ရှင်မှာ မသိရှိနိုင်ဟု ထုချေရာတွင် ယာဉ်ငှားရမ်းသူ၊ ယာဉ်မောင်းသူနှင့် ပိုင်ရှင်တို့အကြား တည်ရှိသော အခွင့်အရေး နှင့်တာဝန်များကို စိစစ်ရန် လိုအပ်ပြီး ငှားရမ်းသူနှင့် ယာဉ်မောင်းသူတို့သည် ယာဉ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ် လာသည့် ကောင်းကျိုးဆိုးပြစ်တို့ကို တာဝန်ယူကြရမည် ဖြစ်ပေသည်။

တရားမဝင်ပစ္စည်း တင်ဆောင်၍ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရပါက ပိုင်ရှင်တွင်ဖြစ်လာသော နစ်နာမှုကို ယာဉ်မောင်းသူများက တာဝန်ယူရမည်ဖြစ်၍ ပြစ်မှုကျူးလွန်ရာတွင် သုံးစွဲခဲ့သော မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှာ ဥပဒေနှင့်အညီဖြစ်ကြောင်း တရားရုံးချုပ် ရာဇဝတ်အထူးအယူခံမှုတွင် ဆုံးဖြတ်ခဲ့သည်။

အထက်ပါလမ်းညွှန်စီရင်ထုံးများ၏ အမှုဖြစ်ပွားပုံမတူညီ ကွဲပြားခြားနားမှုများအပေါ် အသိဉာဏ်ပညာ အတွေ့အကြုံ၊ ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များဖြင့် ကျွမ်းကျင်လိမ္မာစွာ စီရင်ဆုံးဖြတ် လမ်းညွှန် ချက်များအပေါ် အသေးစိတ်ကြိုးစား လေ့လာဖတ်ရှု၍ တွေးခေါ်ဆင်ခြင်ရှုမြင်သုံးသပ်တတ်ရန် လိုအပ်ပေ သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှုများ စီရင်ဆုံးဖြတ်ရာတွင်လည်းကောင်း၊ သက်သေခံ ပစ္စည်းများ စီမံခန့်ခွဲသည့်အမိန့်များ ချမှတ်ရာတွင်လည်းကောင်း တရားသူကြီးများသည် အသိဉာဏ်အမြော် အမြင်ကြီးစွာဖြင့် မှန်ကန်စွာ ဆင်ခြင်သုံးသပ်၍ လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့် တရားရုံးများ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ရေးသားလိုက်ရပေသည်။

**သိန်းကိုကို**

**(ပြည်နယ်တရားလွှတ်တော်တရားသူကြီး)**

၈။ ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ – ၄၀

## အဆုံးအဖြတ်အတွက် ငြင်းချက်

လှအေး (တရားရေး)

တရားမမှု၌ တရားလိုတင်သွင်းလာသည့် အဆိုလွှာ၊ တရားပြိုင်ဘက်က တင်သွင်းလာသည့် အချေလွှာများကို ဖတ်ရှုပြီးနောက် အမှုကို စစ်ဆေးရာ၌ အရေးပါအရာရောက်သော အဆုံးအဖြတ်ပေးနိုင်သော အချက် တစ်နည်းအားဖြင့် ငြင်းချက်ကို ထုတ်နုတ်ရသည်မှာ လုပ်ထုံးလုပ်နည်းတစ်ရပ်ဖြစ်သည်။ အမှုပထမ အကြိမ် ကြားနာစစ်ဆေးသည့်အခါ၌ တရားရုံးသည် အဆိုလွှာနှင့် အချေလွှာများရှိလျှင် ဖတ်ရှုပြီး အမှုသည်များကို လိုအပ်သည်ထင်မြင်ယူဆသည့်အတိုင်း စစ်ဆေးပြီးနောက် အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဥပဒေနှင့်စပ်လျဉ်း၍ဖြစ်စေ မည်သည့်အရေးပါသော တင်ပြချက်များတွင် အမှုသည်များ သဘောကွဲလွဲလျက် ရှိသည်ကို သိရှိရန်စိစစ်ပြီး အမှုကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရန် အမှီပြုသည်ဟု ထင်မြင်ယူဆသော ငြင်းချက်များကို ထုတ်နုတ်ရေးမှတ်ရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့်-၁၄၊ နည်းဥပဒေ ၁ (၅) တွင် ပြဋ္ဌာန်းထားသည်။

တရားမမှုများအတွက် ငြင်းချက်သည် အရေးပါသောအချက်ဖြစ်ပေသည်။ လိုအပ်သည့် ငြင်းချက်၊ မလိုအပ်သည့်ငြင်းချက်များထုတ်မိသည့်အတွက် နစ်နာသူများက တရားမပြင်ဆင်မှုများ တက်ရောက် အရေးဆိုမှုများ အများအပြားရှိနေခဲ့သည်။ အမှုမြန်မြန်နှင့် မှန်မှန်ပြီးပြတ်ရေးကို နှောင့်နှေးမှုများဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် အမှုစစ်တရားသူကြီးများအနေဖြင့် မိမိတို့ စစ်ဆေးနေသည့် အမှုများ၌ အမှုကို မှန်မှန်ကန်ကန် အဆုံးအဖြတ်ပြုနိုင်မည့် ငြင်းချက်များ ထုတ်နုတ်ပေးဖို့ လိုအပ်ပါသည်။

တရားမမှု၌ ငြင်းချက်ထုတ်ခြင်း၏ ရည်ရွယ်ချက်မှာ အငြင်းပွားသူတို့အား အငြင်းပွားလျက်ရှိသည့် အချက်အလက်များကို သိရှိစေရန်ဖြစ်သည်။[၁] မှန်ကန်သော ငြင်းချက်များကို ထုတ်နိုင်မှသာလျှင် အမှုကို အမြစ်ရင်းကစ၍ သိရှိကာ မည်သူရှုံးစေ၊ မည်သူနိုင်စေဟူသော ဆုံးဖြတ်ချက်ကို မှန်ကန်စွာ ချမှတ်ပေးနိုင်ပေလိမ့်မည်။[၂] တရားမမှု၏ အနိုင်အရှုံးကို စိစစ်သုံးသပ်ဆုံးဖြတ်နိုင်ရေးအတွက် အဓိကကျသော အငြင်းပွားမှုအပေါ် အခြေခံ၍ ငြင်းချက်များ ထုတ်ရခြင်းဖြစ်သည်။

---

၁။ ဘီအိုစီလီမိတက် – ၃ နှင့် မြန်မာနိုင်ငံဝါဏိဇခုံရုံးပါ – ၃
၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်) စာမျက်နှာ ၁။

၂။ ဦးညွန့်မောင် နှင့် ဒေါ်ဒွေးဒွေးမြင့် ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၃၃။

**ငြင်းချက်ထုတ်ရခြင်း**

အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဥပဒေနှင့်စပ်လျဉ်း၍ဖြစ်စေ အရေးပါသော တင်ပြချက်တစ်ရပ်ကို အမှုသည်တစ်ဦးဦးက အခိုင်အမာ အဆိုပြု၍ တစ်ဖက်အမှုသည်က ငြင်းကွယ်လျှင် ငြင်းချက်များထုတ်ရမည်ဖြစ်သည်[၃] ငြင်းချက်ထုတ်ရာတွင်လည်း အကြောင်းခြင်းရာ ငြင်းချက်နှင့် ဥပဒေငြင်းချက်ဟူ၍ နှစ်မျိုးခွဲခြားထုတ်ရမည် ဖြစ်သည်။

အမှုသည်များကဖြစ်စေ၊ ၎င်းတို့ကိုယ်စား ရောက်ရှိနေသူများကဖြစ်စေ ကျမ်းကျိန်၍ ထွက်ဆိုသည့် အဆိုပြုချက်များ၊ သို့မဟုတ် ၎င်းအမှုသည်များ၏ရှေ့နေများ၏ အဆိုပြုချက်များ၊ အဆိုအချေများတွင် ဖော်ပြပါရှိသော အဆိုပြုချက်များ၊ သို့မဟုတ် အမှု၌ ပေးအပ်ထားသော မေးမြန်းချက်များကို ဖြေဆိုရာတွင် အဆိုပြုချက်များ တစ်ဘက်သက်သေ အမှုသည်က တင်ပြသည့် စာရွက်စာတမ်းများတွင် ပါရှိချက်များတို့ အားလုံးဖြစ်စေ၊ တစ်ရပ်ရပ်မှဖြစ်စေ ငြင်းချက်များ ထုတ်နိုင်သည်။[၄]

**အကြောင်းခြင်းရာငြင်းချက်များ**

နှစ်ဖက်အမှုသည်များတင်ပြထားသည့် သက်သေများနှင့် သက်သေခံ အထောက်အထားများအရ စစ်ဆေးပြီးမှသာလျှင် ဆုံးဖြတ်ရမည့်ငြင်းချက်မျိုးသည် အကြောင်းခြင်းရာငြင်းချက်ဖြစ်သည်။ အမှု၌ တင်ပြထားသည့် အဆိုလွှာ၊ အချေလွှာအရ အဆုံးအဖြတ်မပေးနိုင်သည့် အငြင်းပွားသည့်အချက်အရ ထုတ်ဆင့်ထားသည့် ငြင်းချက်မျိုးလည်းဖြစ်သည်။

အမွေစီမံခန့်ခွဲပေးစေလိုမှုတစ်မှု[၅] တွင် ပဏာမ ဒီကရီချမှတ်ပြီးနောက် သေသူ၏ မွေးစားသမီးဖြစ်ကြောင်း အဆိုပြုကာ တရားလိုအဖြစ် လျှောက်ထားလာ၍ ရုံးကခွင့်ပြုသည်။ ထိုသို့ခွင့်ပြုပြီးနောက် တရားလိုအဖြစ် ပါဝင်ခွင့်ပြုထားသူသည် သေသူ၏ ကိတ္တိမ၊ သို့မဟုတ် အပတိဋ္ဌ မွေးစားသမီးဖြစ်ပါသလားဟူသော ငြင်းချက်မျိုးသည် အကြောင်းခြင်းရာ ငြင်းချက်ဖြစ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃ အရ ကာလစည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ စွဲဆိုတင်ပို့သောအမှုကို ပလပ်ရမည်ဖြစ်သည်။ သာမန်အားဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်မှာ မှန်သလားဟူသည့် ငြင်းချက်မျိုးသည် ဥပဒေငြင်းချက်ဖြစ်သည်။ သို့သော် အဆိုလွှာ၊ အချေလွှာတို့အရ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းရှိ မရှိသည် နှစ်ဖက်သက်သေနှင့် သက်သေခံချက်များအရ စစ်ဆေးပြီးမှ ဆုံးဖြတ်ရန်အကြောင်း ပေါ်ပေါက်ခဲ့လျှင် ယင်းငြင်းချက်မျိုးသည် ဥပဒေငြင်းချက်နှင့် အကြောင်းခြင်းရာ ငြင်းချက်မျိုး ဖြစ်သွားမည် ဖြစ်သည်။

**ဒေါ်အေးစိန်ပါ (၂) နှင့် ဒေါ်သန်းသန်းနုအမှု**[၆]တွင် အဆိုလွှာအပိုဒ် ၈ တွင် ၁၉၈၀ပြည့်နှစ် စက်တင်ဘာလတွင် တောင်းဆိုသောအခါ မပေးဘဲနေသည်ဟု ဖော်ပြထားသော်လည်း ချေလွှာအပိုဒ် ၅ တွင် ပြန်လည်အလိုရှိ၍တောင်းခံသောအချိန်သည် ၁၉၈၀ ပြည့်နှစ် ဇွန်လဖြစ်ကြောင်း ပေါ်လွင်နေပါ

---

၃။ တရားမကျင့်ထုံးဥပဒေအမိန့်–၁၄၊ နည်းဥပဒေ ၁(၁)။

၄။ တရားမကျင့်ထုံးဥပဒေအမိန့်–၁၄၊ နည်းဥပဒေ ၁(၄)။

၄။ တရားမကျင့်ထုံးဥပဒေအမိန့်–၁၄၊ နည်းဥပဒေ ၃။

၅။ ဦးမြမောင် နှင့် ဒေါ်ရင်မြပါ (၃)၊ ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၉၀။

၆။ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၂၁၃။

သည်ဟု ငြင်းဆိုထားသဖြင့် အဆိုအချေများအရ အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ အငြင်းပွားချက်ရှိသော ကြောင့် အမှုစွဲဆိုရန် စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်းရှိ မရှိ ပြဿနာကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်ရန် မဖြစ်နိုင်ပေဟု ထုံးပြုထားခဲ့ပါသည်။

ထို့အတူပင် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း ရှိမရှိ ငြင်းချက်သည် ဥပဒေငြင်းချက်ဖြစ် သော်လည်း အငြင်းပွားသည့်ပစ္စည်း၊ သို့မဟုတ် အငြင်းပွားချက်နှင့်စပ်လျဉ်း၍ သက်သေနှင့် သက်သေခံချက် ရယူပြီးမှသာလျှင် အဆုံးအဖြတ်ပြုရမည့် အနေအထား ပေါ်ပေါက်ခဲ့လျှင် အကြောင်းခြင်းရာ ငြင်းချက်နှင့် ရောနေသည့် ငြင်းချက်ဖြစ်သွားပေမည်။

**ဥပဒေဆိုင်ရာငြင်းချက်**

အမှုတစ်မှုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြီးပြတ်အောင် ဆုံးဖြတ်နိုင်သည့် ငြင်းချက်မျိုးကို ဆိုလိုသည်။ တစ်နည်းအားဖြင့် နှစ်ဖက်အမှုသည်များသည် အငြင်းပွားနေသည့် ပြဿနာကို ဦးစွာအဆုံး အဖြတ်ပေးနိုင်သည့် ငြင်းချက်မျိုးလည်းဖြစ်သည်။ အဆိုပါဥပဒေဆိုင်ရာ ငြင်းချက်ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်ဆုံးဖြတ်ရမည်ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့်-၁၄၊ နည်း-၂ အရလည်း တရားရုံးများသည် အဆိုလွှာနှင့် အချေလွှာ တို့ကို စိစစ်သုံးသပ်ပြီး ဥပဒေအချက်အလက်နှင့်ပတ်သက်၍ ဦးစွာ ဆုံးဖြတ်ပေးသင့်သည်ဟု ယူဆသည့် အခါတွင် ယင်းဥပဒေအချက်အလက်ကို ပဏာမငြင်းချက်အဖြစ် ထုတ်နုတ်၍ နှစ်ဖက်ကြားနာကာ အဆုံး အဖြတ်ပေးရမည်ဖြစ်သည်။[၇]

ဥပဒေဆိုင်ရာငြင်းချက်အဖြစ်ထုတ်ရန် လိုအပ်သည့် ဥပဒေ ပြဋ္ဌာန်းချက်များရှိပါသည်။ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၉ တွင် ဥပဒေအရ အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြင့်ဖြစ်စေ၊ ပိတ်ပင်ထားမှုများကို တရားစွဲဆိုခွင့် ပိတ်ပင်ထားသည်။ ထိုသို့ ဥပဒေအရ အတိအလင်း တရားစွဲဆိုခွင့် ပိတ်ပင်ထားသည့်အမှုတွင် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်၊ သို့မဟုတ် တရားစွဲဆိုခွင့် ပိတ်ပင် ထားသည်ဆိုသည်မှာ မှန်ပါသလားဟူသည့် ငြင်းချက်မျိုးသည် ဥပဒေဆိုင်ရာ ငြင်းချက်ဖြစ်သည်။

သဘောအားဖြင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ အမွေဆက်ခံခြင်း နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမွေစီမံခန့်ခွဲ ပေးစေလိုမှုစွဲဆိုခွင့် မရှိချေ။ **ဒေါ်ခင်ဆွေမြင့် နှင့် ဦးဝင်းရွှေ (ခ) ဦးဝင်းဆွေပါ (၃) အမှု** [၈] တွင် အောက်ပါအတိုင်း ပဏာမငြင်းချက်ကို ထုတ်နုတ်၍ ဆုံးဖြတ်ခဲ့သည် -

(၁) အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် စွဲဆိုထားသော ပစ္စည်းများမှာ လယ်ယာမြေဖြစ်ပြီး ယင်းလယ်ယာမြေများကို သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆို၍ မရသည်မှာ မှန်သလား၊

၁၉၈၀ ပြည့်နှစ် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၂ (ဆ)ပါ သာသနာရေးဆိုင်ရာ ပစ္စည်းများ အငြင်းပွားမှု၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ တရားရုံးတွင် တရားမ ကြောင်းအရ စွဲဆိုခွင့်မရှိစေရဟု ယင်းဥပဒေပုဒ်မ ၁၂ တွင် ပိတ်ပင်ထားခဲ့သည်။ သာသနာရေးဆိုင်ရာ

---

၇။ ဒေါ်တင်ရီ နှင့် ဦးခင်မောင်အေး၊ ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၆။
၈။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၇။

ပစ္စည်း အငြင်းပွားမှုကို တရားရုံးတွင် စွဲဆိုလာသည့် အမှုမျိုး၌ တရားစွဲဆိုခွင့်ပိတ်ပင်ထားသည်ဆိုလျှင် မှန်သလား ဟူသည့်ငြင်းချက်ကို ဥပဒေငြင်းချက်အဖြစ် ထုတ်ရမည်ဖြစ်သည်။ **ဒေါ်အုန်းတင်ပါ(၂) နှင့် ဦးထွန်းရီပါ (၂)အမှု**[၉]တွင် အောက်ပါအတိုင်း ဥပဒေငြင်းချက်အဖြစ်ထုတ်နှုတ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်–

သာသနာရေးဆိုင်ရာ ပစ္စည်းနှင့်စပ်လျဉ်း၍ မှုခင်းများကို တရားရုံးတွင် တရားမကြောင်း စွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလား။

တရားမကျင့်ထုံးဥပဒေအမိန့်–၇၊ နည်းဥပဒေ ၁၁ (က) တွင်လည်း အဆိုလွှာသည် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ကြောင်းမရှိက အဆိုလွှာကို ပယ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းရှိမရှိသည် ဥပဒေဆိုင်ရာ ငြင်းချက်ထုတ်ရမည်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ အိမ်ငှားအား နှင်လိုမှုတွင် ငှားရမ်းခြင်းရပ်စဲသည့် နို့တစ်စာပေးပို့ခဲ့ခြင်းရှိမရှိသည် အဆိုပါအမှု၌ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်မှုရှိမရှိ ဥပဒေငြင်းချက်အဖြစ် ထုတ်ရမည်ဖြစ်သည်။ ငှားရမ်းခြင်းရပ်စဲမှ အိမ်ငှားအား တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။

တရားလိုသည် ငှားရမ်းခြင်းရပ်စဲမှ အိမ်ငှားအား တရားစွဲဆိုခွင့်ရှိသည်ဆိုလျှင် မှန်သလား။

ထို့အတူ အိမ်ရှင်သည် ဥပစာမှ ငှားရမ်းခြင်းကို ရပ်စဲကြောင်း ပစ္စည်းလွှဲပြောင်းရေးအက် ဥပဒေပုဒ်မ ၁၀၆ နှင့်အညီ အကြောင်းကြားစာပေးပို့ပြီးမှသာ အိမ်ငှားအပေါ် ငှားရမ်းထားသည့်ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုနိုင်မည်ဖြစ်၍ နို့တစ်စာပြဿနာမှာ အမှုအနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်သည့် ပြဿနာဖြစ်သည်။ **ဦးတင်ဦး နှင့် ဦးရွှေလှဖြူအမှု** [၁၀] တွင် ဆုံးဖြတ်ထားခဲ့သည်။ ထို့ကြောင့် နို့တစ်စာ တရားမဝင်ပြဿနာ အတွက် **ဒေါ်ညွန့်ညွန့်ခင် နှင့် ဒေါ်အိမ်ကြည်အမှု** [၁၁] တွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၂ အရ အောက်ပါငြင်းချက်ကို ထုတ်ခဲ့သည် –

နို့တစ်စာ တရားဝင်ပါသလား။

## ငြင်းချက်ထုတ်ထားခြင်းမရှိက ဆုံးဖြတ်ခွင့်ရှိ မရှိ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်းဥပဒေ အရ ထုတ်ထားသည့် ငြင်းချက်များအရ ဆုံးဖြတ်ရပေသည်။ သို့ရာတွင် ငြင်းချက်ထုတ်ခြင်း၏ ရည်ရွယ်ချက်မှာ အမှုသည်များအား အငြင်းပွားသည့် အချက်အလက်များကို အာရုံစိုက်စေရန်ဖြစ်သည်။ ကာယကံရှင်တို့သည် အငြင်းပွားမှုမှာ မည်သည့်အကြောင်းအရာဖြစ်သည်ကို သိရှိပြီး ယင်းအငြင်းပွားမှုနှင့်စပ်လျဉ်း၍ သက်သေခံချက်တင်ပြကြလျှင် ငြင်းချက်မထုတ်ခြင်းကြောင့် မည်သည့်အမှုကိုမျှ ထိခိုက်နစ်နာခြင်းမရှိလျှင် အမှုစစ်ဆေးခြင်းသည် မပျက်ပြယ်ပေ။[၁၂] အမှုကို အမှုသွားအမှုလာအရ ဆုံးဖြတ်ခြင်းကို ထိခိုက်လျှင် အမှုကို အသစ်တစ်ဖန် ပြန်လည်စစ်ဆေးစေရန် အကြောင်းတစ်ရပ်ဖြစ်သည်။ [၁၃] ငြင်းချက်များအပေါ် ဆုံးဖြတ်ကြရသည်မှာ တရားမမှုများ

---

၉။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၁၉ (၁၂၄)။
၁၀။ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၁၁။
၁၁။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၃၈။
၁၂။ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၂၂။
၁၃။ ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁။ ၁၉၆၆ ခုနှစ်၊ မတစ၊ စာ ၈၉၃။
၁၄။ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၄၆။

စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့် နည်းဥပဒေပြဋ္ဌာန်းချက်ဖြစ်သည်။ ငြင်းချက်မထွက်သော်လည်း တရားလို အား သက်သာခွင့်ပေးရန် အကြောင်းမရှိက ဒီကရီချပေးခွင့်မရှိကြောင်း ဒီကရီချမှတ်ခွင့်ရှိပေသည်။ [၁၅]

**ဒေါ်အုန်းရင်နှင့်ဒေါ်ငွေချို စီရင်ထုံး**[၁၆]တွင်လည်း တရားရုံးအနေဖြင့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော အဓိကပြဿနာဖြေရှင်းကာ အဆုံးအဖြတ်ပြုခဲ့လျှင် ထုတ်နုတ်ခဲ့သော ငြင်းချက်အားလုံးကို ဖြေဆိုခြင်းမရှိ စေကာမူ ၎င်း၏ စီရင်ချက်သည် တရားဥပဒေအရ မှားယွင်းချွတ်ချော်သည်ဟု မဆိုသာချေ၊ အမှန်အားဖြင့် ဆိုလျှင် နှစ်ဖက်အမှုသည်များသည် မိမိတို့ အငြင်းပွားသောအချက်ကို ကောင်းစွာသဘောပေါက်ကြသဖြင့် ထိုအငြင်းပွားသော အချက်နှင့်ပတ်သက်၍ သက်သေထူခဲ့ကြပြီး တရားရုံးအနေနှင့်လည်း ထိုအချက်ကိုပင် အဆုံးအဖြတ်ပြုခဲ့လျှင် အမှု၌ ငြင်းချက်မရှိစေကာမူ တရားရုံး၏ ဆုံးဖြတ်ချက်သည် ပျက်ပြယ်ခြင်းမရှိပေ ဟု ထုံးဖွဲ့ထားခဲ့သည်။

ထို့ကြောင့် တရားမမှုစီရင်ဆုံးဖြတ်ရာတွင် အဆိုအချေတို့အရ ဥပဒေငြင်းချက်၊ အကြောင်းခြင်းရာ ငြင်းချက်များ ထုတ်နုတ်စစ်ဆေးသင့်ပါကြောင်းနှင့် ငြင်းချက်ထုတ်နုတ်ထားခြင်းမရှိသည့် အမှုများတွင် လည်း နှစ်ဖက်သက်သေများ၏ ထွက်ဆိုချက်အရ အငြင်းပွားမှုနှင့်စပ်လျဉ်းသည့်အချက် ပေါ်ပေါက်သည့် အခါတွင် တောင်းဆိုသည့် သက်သာခွင့်ပေးခွင့်ရှိ မရှိ စသည့်အချက်များကို သတိပြုလိုက်နာစေလိုပါသည်။

**လှအေး (တရားရေး)**



၁၅။ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၄။
၁၆။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၈၉၃။

# ဓာရီမှု ကာလစည်းကမ်းသတ်

**လှအေး (တရားရေး)**

တရားမဓာရီမှု သို့မဟုတ် ဒီကရီကို အတည်ပြုပေးစေလိုမှုများ၌ မကြာခဏ အငြင်းပွားသည့် ပြဿနာတွင် ကာလစည်းကမ်းသတ် အငြင်းပွားမှုလည်း တစ်ခုပါလေ့ရှိသည်။ အနိုင်ဒီကရီရရှိထားသော်လည်း ကာလစည်းကမ်းသတ် သတ်မှတ်ထားမှုကို သတိမပြုမိသဖြင့် အရှုံးနှင့် ရင်ဆိုင်တွေ့နေရသည်။ ဓာရီမှုတွင် ကာလစည်းကမ်းသတ် အက်ဥပဒေနှင့် အကျုံးဝင် သက်ဆိုင်သည့်ကိစ္စများ သိရှိပြီး သတိပြုမိစေလိုပါသည်။ ထို့အတူ အကျုံးဝင်မှု မရှိသည့် ကိစ္စများကိုလည်း သိရှိထားဖို့လိုပါသည်။

ဒီကရီအတည်ပြုရန် ကာလစည်းကမ်းသတ်ကာလကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

၄၈ (၁) တားဝရမ်းခွင့်ပြုသည့် ဒီကရီမဟုတ်သော ဒီကရီတစ်ရပ်ရပ်ကို အတည်ပြုပေးရန် လျှောက်ထားပြီးဖြစ်ရာတွင်–

(က) အတည်ပြုပေးရန် လျှောက်သော ဒီကရီကို ချမှတ်သည့်နေ့ရက်မှ

သို့မဟုတ်

(ခ) ဒီကရီတွင်ဖြစ်စေ၊ နောက်ပိုင်း၌ ချမှတ်သည့်အမိန့်တွင်ဖြစ်စေ ငွေပေးဆပ်ခြင်း၊ သို့မဟုတ် ပစ္စည်းပေးအပ်ခြင်းကို တစ်ရက်ရက်၌လည်းကောင်း ထပ်ကာထပ်ကာဖြစ်ပေါ်သည့် ပိုင်းခြားသတ်မှတ်ထားသော ကာလများတွင်သော်လည်းကောင်း၊ ပြုလုပ်ရန် ဆင့်ဆိုပါရှိလျှင် လျှောက်ထားသူက ဒီကရီအတည်ပြုလိုသည့်ငွေကိုပေးဆပ်ရန်၊ သို့မဟုတ် ပစ္စည်းပေးအပ်ရန် ပျက်ကွက်သည့်နေ့မှ တစ်ဆယ့်နှစ်နှစ်ကုန်ဆုံးပြီးနောက် ယင်းဒီကရီကိုပင် အတည်ပြုပေးရန် အသစ်တင်သွင်းလာသော လျှောက်လွှာအပေါ် ဒီကရီအတည်ပြုပေးရန် အမိန့်ချမှတ်ခြင်းမပြုရ။

(၂) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ –

(က) လျှောက်ထားသည့်နေ့ရက် မတိုင်မီ အနီးဆုံးဖြစ်သော တစ်ဆယ့်နှစ်နှစ် အတွင်း တရားရှုံးက လိမ်လည်၍ဖြစ်စေ၊ အနိုင်အထက်ပြု၍ ဖြစ်စေ၊ ဒီကရီအတည်ပြုခြင်းကို ပိတ်ပင်ခဲ့လျှင်

ယင်း တစ်ဆယ့်နှစ်နှစ်ကာလ ကုန်ဆုံးပြီးနောက် တင်သွင်းသော လျှောက်လွှာအရ ဒီကရီ အတည်ပြုသည့် အမိန့်ချမှတ်ခြင်းမပြုရန် တရားရုံးအား တားမြစ်ကြောင်း၊

သို့မဟုတ်

(ခ) ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၁၈၃ အရ ဆောင်ရွက်ခြင်းတို့ကို ကန့်သတ်ကြောင်း၊ သို့မဟုတ် အခြားနည်းထိခိုက်ကြောင်း မှတ်ယူခြင်းမပြုရ။

အလားတူပင် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၈၂ (၅) တွင် ယခင်ဒီကရီ အတည်ပြုပေးရန် လျှောက်ထားခဲ့ပြီးနောက် ထိုဒီကရီကို အတည်ပြုပေးရန် လျှောက်ထားမှုကို နောက်ဆုံးအမိန့်ချသည့်နေ့မှစ၍ (၃) သုံးနှစ်၊ ဒီကရီ သို့မဟုတ် အမိန့်၏ တာဝန်ခံမိတ္တူကို မှတ်ပုံတင်ထားပြီးဖြစ်လျှင် (၆) ခြောက်နှစ်အတွင်း လျှောက်ထားရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၈ (၁) (က) နှင့် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) တို့သည် ဇာရီအတည်ပြုပေးရန် လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ်ကာလများဖြစ်ပါသည်။

အပေါင်ပစ္စည်းရောင်းချပေးစေလိုမှုနှင့် အပေါင်ပစ္စည်းရွေးနုတ်ရလိုမှုများမှအပ အခြားသောဒီကရီ တည်ပြုပေးရန် ဦးစွာလျှောက်ထားမှု (ပထမအကြိမ်) လျှောက်ထားမှုများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပထမဇယား အမှတ်စဉ် ၁၈၂ (၁) ပါ ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ် (၃) သုံးနှစ်၊ မှတ်ပုံတင်ပြီးဖြစ်က (၆) ခြောက်နှစ်အတွင်း လျှောက်ထားရမည်ဖြစ်သည်။

**ကာလစည်းကမ်းသတ်စတင်ရေတွက်ခြင်း**

ဇာရီမှုတွင် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် ပစ္စည်းထိန်း ခန့်အပ်သည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ နောက်ဆုံးအမိန့်ချမှတ်သည့်နေ့မှစ၍ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၈၂ အရ ရေတွက်ရမည် ဖြစ်သည်။ [၁]

အထက်တရားရုံးတစ်ရုံး၏ အမိန့်အရ မူလတရားရုံး၌ အနိုင်ရရှိထားသည့် ဒီကရီအမိန့်အရ ဇာရီမှုအသစ် ဖွင့်လှစ်ဆောင်ရွက်လျှင် အထက်တရားရုံး၏ နောက်ဆုံးအမိန့် ချမှတ်သည့်နေ့မှစ၍ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၈၂ (၅) အရ (၃) နှစ်အတွင်း လျှောက်ထားရန် ဖြစ်သည်။

**ဦးအောင်ထွန်းနှင့် ဦးတင်ထွန်း အမှု**[၂]တွင် ဒီကရီအတည်ပြုစေရန်ဖြစ်စေ၊ အတည်ပြုမှုအတွက် အထောက်အပံ့ဖြစ်စေသည့် အရေးယူမှုပြုစေရန်ဖြစ်စေ ဆိုင်ရာတရားရုံးသို့ ဥပဒေနှင့်အညီ လျှောက်ထားမှုရှိပါက ယင်းလျှောက်ထားမှုအပေါ်၌ နောက်ဆုံးအမိန့်ချသည့်နေ့ရက်ကစ၍ (၃) နှစ်အတွင်း ထိုဒီကရီကို အတည်ပြုနိုင်သည်ဟု ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၈၂ (၅) တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်ထွန်းအား အချင်းဖြစ်အိမ်မှ နှင်ထုတ်ပေးရန် ဦးတင်ထွန်းလျှောက်ထားခဲ့သည့် (၁၅-၇-၇၇) ရက်စွဲပါ လျှောက်လွှာမှာ အဆိုပါဥပဒေပထမဇယားအမှတ်စဉ် ၁၈၂ (၅) တွင် ရည်ညွှန်းထားသော လျှောက်လွှာမျိုး ဖြစ်ပေရာ ယင်းလျှောက်လွှာနှင့်စပ်လျဉ်း၍ ဗဟိုတရားရုံးက နောက်ဆုံးအမိန့်ချမှတ်သည့် (၂၈-၃-၈၁) နေ့မှ (၃) နှစ်အတွင်း အချင်းဖြစ်ဒီကရီကို အတည်ပြုခွင့် ရှိပေသည်ဟု ထုံးဖွဲ့ထားခဲ့ပြီးဖြစ်သည်။

---

၁။ ဒေါ်တင်အေးနှင့် ဦးအိဘရာဟင်အလီမိုဟာမက်မာစတာ ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၀၉။

၂။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၁၆။

အလားတူပင် **ဒေါ်ရင်မေ (ဘားမားပရိုဂျူးထရေးဒင်းကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်)နှင့် ဒေါ်လှလှကြည် အမှု** [၃] တွင်လည်း ဇာရီမှုများတွင် ကာလစည်းကမ်းသတ်ကာလကို မည်သို့ရေတွက် ဆောင်ရွက်နိုင်ကြောင်း အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေအပိုဒ် ၁၈၂ မှာ တရားရုံးများမှ ချမှတ်သည့်ဒီကရီများအတွက် ကာလစည်းကမ်းသတ်အချိန်ကာလကို သတ်မှတ်သည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ယေဘုယျအားဖြင့် အပိုဒ် ၁၈၂ (၁) အရ ဒီကရီချမှတ်သည့်နေ့မှ (၃) နှစ်အတွင်း ဇာရီလျှောက်လွှာတင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် အပိုဒ် ၁၈၂ အပိုဒ်ခွဲ (၂) မှ (၇) တို့အထိ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်လျှင် ယင်းပြဋ္ဌာန်းချက်များ အတိုင်း ကာလစည်းကမ်းသတ်အချိန်ကာလကို တွက်ရပေမည်။ အပိုဒ် ၁၈၂ (၅) က ဒီကရီတစ်ရပ်သည် (၃) နှစ် ကျော်နေသော်လည်း ယင်းဒီကရီကို အသက်ရှင်သန်လျက် ရှိစေရန် အချိန်မီအသက်သွင်းပြန်ခဲ့သော် ထိုသို့ဒီကရီရှင်သန်စေခြင်းငှာ နောက်ဆုံးတင်သွင်းသည့် လျှောက်လွှာအပေါ် အမိန့်ချမှတ်သည့်နေ့မှ (၃) နှစ်အတွင်း ဇာရီလျှောက်လွှာ တင်သွင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဘားမားပရိုဂျူးကုမ္ပဏီတင်သွင်းသည့် လျှောက်လွှာမှာ အပိုဒ် ၁၈၂ (၅) နှင့် အကျုံးဝင်နေသဖြင့် ကာလစည်းကမ်းသတ် မကျော်လွန်သေးပေ။

**ဒေါ်မြင့်သက်မှုနှင့် ဒေါ်လွင်လွင်နွယ် ပါ (၂) အမှု** [၄] တွင်လည်း နောက်ထပ်တင်သွင်းသောဇာရီမှု၏ စည်းကမ်းသတ်ကာလကို မည်သည့်အခါကစ၍ ရေတွက်ရမည့်အကြောင်း အောက်ပါအတိုင်း ထုံးပြု ထားချက်ကိုလည်း သတိပြုလိုက်နာရပေမည်။

ဇာရီမှုကို တရားနိုင်က ရုပ်သိမ်းလိုက်ခြင်းကြောင့်ဖြစ်စေ၊ တရားရုံးက အကြောင်းတစ်ခုခုကြောင့် ပလပ်လိုက်ခြင်းကြောင့် ဖြစ်စေ၊ ဇာရီမှု ဆုံးခန်းတိုင်သွားခြင်းများ မဖြစ်သေးမီအထိတို့အပါအဝင် ဒီကရီကို အတည်ပြုသော လျှောက်ထားမှု၊ တရားရုံးတွင် တည်ရှိနေသမျှကာလပတ်လုံး၊ သို့မဟုတ် ဇာရီမှု၏ အဆင့်တစ်ဆင့်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ဆဲရှိနေသမျှ ကာလပတ်လုံး၊ နောက်ဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်မှု မဖြစ်ပေါ်သေးချေ။ တစ်နည်းအားဖြင့် တရားနိုင်က ယခင်ဇာရီမှု ရုပ်သိမ်းလိုက်သည်နှင့်တစ်ပြိုင်နက်သော်လည်းကောင်း၊ တစ်နည်းနည်းကြောင့် တရားရုံးက ယခင်ဇာရီမှု ပလပ်သည်နှင့်တစ်ပြိုင်နက်သော်လည်းကောင်း နောက်တင်သွင်းသောဇာရီမှုအတွက် ကာလစည်းကမ်းသတ် စတင်ရေတွက်ရကြောင်း ပြဆိုထားခြင်း ဖြစ်သည်။ အထက်ပါအချက်များအရ နောက်ထပ်တင်သွင်းသည့် ဇာရီမှု၏ စည်းကမ်းသတ်ကာလသည် ၎င်းရှေ့ကျသော ဇာရီမှုကို တရားနိုင်မလာရောက် ပျက်ကွက်ခြင်းကြောင့် ပလပ်လိုက်သည့်နေ့ရက်က စတင်ရေတွက်ရန်ဖြစ်ပြီး ကော်မရှင်နာခန့်အပ်သော အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်ရေတွက်ရန်မဟုတ်ချေ။

## ကာလစည်းကမ်းနှင့် မသက်ဆိုင်သောဇာရီမှု

ဇာရီမှု ဆောင်ရွက်နေစဉ်အတွင်း တရားနိုင် တရားရှုံးများ ကွယ်လွန်ခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ ဤတွင် တရားနိုင်၊ တရားရှုံးများ၏ရှေ့နေတို့ကလည်းကောင်း၊ အမှုစစ်တရားသူကြီးကလည်းကောင်း၊ အမှုမဲ့အမှတ်မဲ့ ကွယ်လွန်သူကိုယ်စား တရားဝင်ကိုယ်စားလှယ်များ ထည့်သွင်းဆောင်ရွက်ကြသည်။ အမိကအားဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၃ နှင့် ၄ ရည်ညွှန်း၍ လျှောက်ထားခြင်း ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၇၆၊ ၁၇၇ အရ ရက်ပေါင်း ၉၀ အတွင်း

၃။ ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၉၈။
၄။ ၂၀၀၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၅၆။

ထည့်သွင်းခြင်းတို့ ပြုလုပ်တတ်သည်။ အမှန်မှာ ဇာရီမှုတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန်ကိစ္စသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၃ နှင့် ၄၊ ကာလစည်းကမ်းသတ် အက်ဥပဒေနှင့် သက်ဆိုင်ခြင်းမရှိပေ။ ထိုအချက် သတိပြုစေရန် **ကိုစံညိန်း ပါ (၂) နှင့် မချိုချို (ခ) လော်ရာစိန်ထွန်း အမှု**[၅] တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ အရ သေဆုံးခဲ့သည့် အမှုသည်တစ်ဦး၏နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရန် ကာလစည်းကမ်းသတ်ဥပဒေအချက် ၁၇၆ အရ ရက်ပေါင်း (၉၀) အတွင်း လျှောက်ထားရမည်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ အရ ကုစား၍မရနိုင်ပါဟု အယူခံတရားလိုတို့ဘက်က တင်ပြသည်။ ဤတင်ပြချက်မှာ ယခုအမှု၏ အခြေအနေဖြင့် စပ်ဟပ်ရန်မဖြစ်နိုင်ချေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၁၂ အရ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အမိန့် ၂၂၊ နည်းဥပဒေ ၃၊ ၄ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်တို့သည် ဇာရီလျှောက်လွှာနှင့် မသက်ဆိုင်စေရဟု ဆိုထားသည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ဇာရီလျှောက်လွှာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးပါဟု လျှောက်ထားရန်မလိုဘဲ ၎င်းကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်၍ တရားဝင်ကိုယ်စားလှယ်လျှောက်ထားခြင်းနှင့်ပတ်သက်သည့် စည်းကမ်းဥပဒေမှာ ဤအမှုနှင့် မသက်ဆိုင်သဖြင့် ထည့်သွင်းစဉ်းစားရန်မလိုပေဟု လမ်းညွှန်ထားပါသည်။

**မောင်ဖေနှင့် မအောင် စီရင်ထုံး**[၆] တွင် အပေါင်ပစ္စည်းရွေးနှုတ်ရလိုမှု ချမှတ်သော ဒီကရီအရ ကျသင့်သောငွေကြေးကိုပေးသွင်း၍ အပေါင်ပစ္စည်းလက်ရောက်ရရှိရေးအတွက် ပေါင်နှံသူက လျှောက်ထားသော လျှောက်လွှာသည် ကာလစည်းကမ်းသတ်ဥပဒေပါ ဒီကရီတစ်ရပ်ကို အတည်ပြုပေးစေရန် ဇာရီလျှောက်ထားမှုကဲ့သို့ မဟုတ်ကြောင်း၊ ထိုလျှောက်ထားမှုများသည် ကာလစည်းကမ်းသတ်ဥပဒေနှင့် မသက်ဆိုင်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဇာရီမှု ရေးဖွင့် ဆောင်ရွက်ရန်မသင့်ဘဲ တရားမကြီးမှုများတွင်ပင် ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ အပေါင်ပစ္စည်း ရောင်းချပေးစေလိုမှုမှ ပဏာမဒီကရီများနှင့် သဘာဝချင်း ထပ်တူထပ်မျှ တူညီကြကြောင်း၊ ထိုအမှုများတွင် တရားမကျင့်ထုံးဥပဒေပါ ဇာရီမှုနှင့် ကာလစည်းကမ်း (သက်ဆိုင်ရာ) ပြဋ္ဌာန်းချက်သည် အာဏာမသက်ရောက်ကြောင်း ညွှန်ပြထားခဲ့သည်။ ဘဏ်မှုဒီကရီအရ ဆောင်ရွက်လျှင် ကာလစည်းကမ်းသတ်ကာလကို သတိပြုရှောင်ရှားရပေမည်။

**မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၄) ရန်ကုန်မြို့) နှင့် ဒေါ်ခင်သင်း (ခ) ဒေါ်ခင်မြင့်ပါ (၃) စီရင်ထုံး** [၇] တွင်လည်း (၁၂) နှစ်ကျော်ပြီးမှ ဇာရီပြန်ဖွင့်လှစ်ပေးရန် လျှောက်ထားမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၈ တွင် ဖော်ပြထားသော ဇာရီအတည်ပြုရန် အသစ်တစ်ဖန် ထပ်မံလျှောက်ထားသည့် လျှောက်လွှာအဖြစ် မှတ်ယူရန်မသင့်ကြောင်း သုံးသပ်လမ်းညွှန်ထားခဲ့သည်။

ဇာရီမှုများကို အနိုင်ဒီကရီရရှိထားသူ တရားနိုင်များ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ နောက်ကျရသည့် အကြောင်းများတင်ပြ၍ လျှောက်ထားလာလေ့ရှိသည်။ အထူးသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ အရ လုံလောက်သည့် အကြောင်းပြချက်ဖြင့် လျှောက်ထားလာတတ်သည်။ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ သည် ဇာရီလျှောက်လွှာများနှင့် သက်ဆိုင်ကြောင်း တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင်ပြဋ္ဌာန်းထားခြင်းမရှိဟု **ဦးစောဖေ၊ ဦးဘထွန်း၊ ဒေါ်ခင်ညွှန့်၊**


---

၅။ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၂။
၆။ အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ-၄၊ စာမျက်နှာ ၈၃။
၇။ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၀၇။

**ဦးမောင်မောင်စိန်ပါ(၂)၊ ဒေါ်အမာပါ(၂) နှင့် ဦးဖေတင်ဝင်း၊ ဦးဖေတင်ဝင်း ပါ(၅) စီရင်ထုံး**[၈] ပါ လမ်းညွှန်ချက်ကိုလည်း သတိပြုရပေမည်။

အထက်တွင် ဖော်ပြထားသည့်အချက်များကို သက်ဆိုင်ရာ ဥပဒေ စီရင်ထုံးများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှု၍ ဆုံးဖြတ်ကြမည်ဆိုလျှင် အမှန်ဆုံးစစ်ဆေးစီရင်မှု ရနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

**လှအေး (တရားရေး)**



၈။ ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁။

# တရားရုံးနှင့် သတင်းမီဒီယာ

လှအေး (တရားရေး)

အမှုတစ်မှုဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် သတင်းမီဒီယာများအတွက် သတင်းတစ်ပုဒ် ဖြစ်ပေါ်လာတော့သည်။ အများပြည်သူများ စိတ်ဝင်စားမှုရရှိစေရေး ဦးစားပေးကာ သတင်းများအပြိုင်အဆိုင် ဖော်ပြတော့သည်။ ထိုသို့ သတင်းမီဒီယာများဖော်ပြသည့် သတင်းသည် သတင်းမီဒီယာများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များနှင့် ညီညွတ်သည့် သတင်းရှိသလို သတင်းမီဒီယာများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များနှင့် ညီညွတ်မှုမရှိသည့် သတင်းများလည်း ရှိလာခဲ့သည်။ သတင်းမီဒီယာများလိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ ညီညွတ်မှုမရှိသည့် သတင်းရှိလာသဖြင့် တရားရုံးနှင့် ဆက်စပ်ပတ်သက်လာရတော့သည်။ တရားရုံးနှင့် သတင်းမီဒီယာတို့အကြား သဘောကွဲမှု အမြင်မတူမှုများရှိလာသည်ကို တွေ့ရသည်။ ထို့ကြောင့် တရားရုံးနှင့် သတင်းမီဒီယာတို့ သိသင့်သိထိုက်သည့် ဥပဒေရေးရာ တရားစီရင်ရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသွားပါမည်။

**တရားရုံးများတွင် တရားစွဲဆိုခြင်း**

မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဤရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ပြုလုပ်လျှင် သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်အတိုင်း မပြုလုပ်ဘဲ ပျက်ကွက်လျှင် ထိုသူကို ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။ အခြားနည်းအားဖြင့် ပြစ်ဒဏ်ထိုက်သင့်ခြင်းမရှိစေရဟု ရာဇသတ်ကြီးပုဒ်မ ၂ တွင် ပြဋ္ဌာန်းထားသည်။

ရာဇသတ်ကြီးပါပြဋ္ဌာန်းချက်အရဆိုလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ပြစ်မှုကျူးလွန်ခဲ့လျှင် ပြစ်ဒဏ်ထိုက်သင့်ခံရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်တွင် မည်သူမဆိုဟု ဖော်ပြထားသဖြင့် သတင်းမီဒီယာသမားများသည် ရာဇသတ်ကြီးပါ ပြစ်မှုများကို ကျူးလွန်ခဲ့ပါက တရားစွဲဆိုခံရခြင်း၊ ပြစ်ဒဏ်ထိုက်သင့်ခံရခြင်း ကြုံရမည်ဖြစ်သည်။

အလားတူပင် သတင်းမီဒီယာသမားများသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း တားမြစ်ချက်ကို ချိုးဖောက်ခဲ့ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်ဖြစ်သည်။ [၁] တရားရုံး၌ တရားစွဲဆိုခြင်း

၁။ ၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေပုဒ်မ ၉(ဓ)၊ ပုဒ်မ – ၂၆၊

ခံရမည်ဖြစ်သည်။

**တရားစွဲဆိုရာတွင် သတိပြုရမည့်ကိစ္စ**

၂၀၁၄ ခုနှစ်၊ သတင်း မီဒီယာဥပဒေပုဒ်မ ၉ တွင် သတင်းမီဒီယာများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များအဖြစ် (က) မှ (ဈ) အထိ ဖော်ပြထားသည်။ အဆိုပါ သတင်းမီဒီယာများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များ ဖောက်ဖျက်ခဲ့လျှင် နစ်နာသူသည် ရှေးဦးစွာ သတင်းမီဒီယာကောင်စီသို့ တိုင်ကြားနိုင်သည်။ သတင်းမီဒီယာကောင်စီမှ ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရှိပါက တိုင်ကြားသူက သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်။[၂]

သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်သည် "တိုင်ကြားနိုင်သည်" "တရားစွဲဆိုနိုင်သည်" ဟုသာ ပါရှိခြင်းကြောင့် ရာဇသတ်ကြီးပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်မှုများနှင့်စပ်လျဉ်း၍ နစ်နာသူအနေဖြင့် သတင်းမီဒီယာကောင်စီထံသို့ မလွဲမသွေတိုင်ကြားဖို့လိုမည်မဟုတ်ချေ။ သတင်းမီဒီယာဥပဒေပုဒ်မ ၉ ပါ သတင်းမီဒီယာများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များဖောက်ဖျက်မှု ပေါ်ပေါက်သည့်အခါ၌သာ သတင်းမီဒီယာကောင်စီထံသို့ တိုင်ကြားခြင်း၊ ညှိနှိုင်းဖြေရှင်းခြင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ အကြောင်းမှာ သတင်းမီဒီယာဥပဒေတွင် ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်သူနှင့် စပ်လျဉ်း၍ ဤသတင်းမီဒီယာ ဥပဒေအရသာ အရေးယူရမည်ဟု အတိအလင်းပြဋ္ဌာန်းထားမှုမရှိခြင်းကြောင့်ဖြစ်သည်။

**သတင်းမီဒီယာများသတိပြုရမည့်ပြဋ္ဌာန်းဥပဒေ**

မှုခင်းသတင်းများရေးသားရာတွင် တရားရုံး၏ဆောင်ရွက်ချက်အပေါ် အမှန်ဖော်ပြရေးသားသင့်ပါသည်။ လိုလျှင်လိုသလို တစ်ဖက်စောင်းနင်းသဘော သက်ရောက်သည့် ရေးသားမှုမဖြစ်ရန်လိုပါမည်။ အများပြည်သူအကျိုးအတွက် သဘောရိုးဖြင့် ဝေဖန်ရေးသားရမည်ဖြစ်ပါသည်။ အထူးအားဖြင့် အမှုစစ်ဆေးနေချိန်တွင် ထင်မြင်ချက်၊ ဝေဖန်ချက်ဖြင့်ရေးသားခြင်း ရှောင်ကြဉ်သင့်ပါသည်။ အမှုဆုံးဖြတ်ပြီးချိန်တွင် အမှု၏ ဆုံးဖြတ်ချက်မှာ အကြောင်းခြင်းရာအရ မည်သို့မည်ပုံ မှားယွင်းနေသည်၊ ဥပဒေချွတ်ယွင်းချက်ကြောင့် ဤကဲ့သို့ဆုံးဖြတ်ချက် ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဝေဖန်ရေးသားခွင့် ရှိပါသည်။

သတင်းစာဆရာသည် အများပြည်သူ၏ အကျိုးကို ကာကွယ်ရာ၌ အရေးကြီးသော ကဏ္ဍမှ ပါဝင်လျက်ရှိသော်လည်း ၎င်းတို့၏ စွပ်စွဲချက်သည် တိုင်းပြည်နှင့် အဝှန်း ရောက်ရှိနိုင်သည့်အလျောက် မသမာစိတ်ဖြင့် စွပ်စွဲပါက စွပ်စွဲခံရသူအဖို့ များစွာနစ်နာဖွယ်ရာ အကြောင်းရှိပေသည်။ သို့ဖြစ်ရာ သတင်းစာဆရာ၏ စွပ်စွဲချက်သည် သတိတရားထား၍ သဘောရိုးဖြင့်ပြုရန် လိုအပ်ပေသည်။တစ်နည်းဆိုသော် သတင်းစာဆရာသည် အများပြည်သူနည်းတူ ဤကင်းလွတ်ချက် ရယူလိုပါက သဘောရိုးဖြင့် လူတစ်ဦး၏ အကျိုးအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက်သော်လည်းကောင်း စွပ်စွဲခြင်းဖြစ်သည်ဟု တင်ပြရန်လိုပေသည်။[၃]

သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကိုလည်း သိရှိနားလည်ထားရန် လိုအပ်ပါမည်။ တည်ဆဲဥပဒေနှင့် ငြိစွန်းသည့် ရေးသားဖော်ပြမှုကြောင့် တရားရုံးများက အရေးယူ ဆောင်ရွက်နေရခြင်းဖြစ်သည်။ ထို့ကြောင့် သတင်းမီဒီယာများနှင့် သက်ဆိုင်ပြီး သိထားသင့်သည့်ဥပဒေ ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည် -

---

၂။ သတင်းမီဒီယာဥပဒေပုဒ်မ - ၂၁၊ ၂၃။

၃။ ဦးလေးရုံနှင့် ဦးလှမောင် ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၇၆ (လွှတ်တော်ချုပ်)။

(၁) ရာဇသတ်ကြီးပုဒ်မ ၁၂၄–က (အကြည်ညိုပျက်အောင်ပြုခြင်း)
(၂) ရာဇသတ်ကြီးပုဒ်မ ၁၈၂ (အခြားသူတစ်ယောက်နစ်နာစေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား ဥပဒေအရ အာဏာကို အသုံးပြုစေရန် ကြံရွယ်၍မမှန်စွပ်စွဲခြင်း)
(၃) ရာဇသတ်ကြီးပုဒ်မ ၂၁၀ (နစ်နာစေရန်အကြံနှင့်ပြစ်မှုကျူးလွန်သည်ဟုမမှန်စွပ်စွဲခြင်း)
(၄) ရာဇသတ်ကြီးပုဒ်မ ၅၀၀ (အသရေဖျက်မှု)
(၅) ရာဇသတ်ကြီးပုဒ်မ ၅၀၅ (အများပြည်သူအကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်)
(၆) ၂၀၀၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (ခ)။
(နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏လျှို့ဝှက်ချက်နှင့်သက်ဆိုင်သော သတင်းအချက်အလက်တစ်ရပ်ရပ်ကို ရယူခြင်း၊ သို့မဟုတ် ပေးပို့ဖြန့်ချီခြင်း)
(၇) ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၉၆ (ဃ) (င)။
(ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချီခြင်း၊ အသုံးပြုခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်း၊ ကလေးသူငယ်သက်သေများ၊ ကလေးသူငယ်မှုခင်းကိစ္စထုတ်ဖော်ပြောဆိုခြင်း)
(၈) ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)။
(၉) ၂၀၁၃ ခုနှစ်၊ တရားရုံးများ မထိမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၀ နှင့် ၁၁။
(တရားမဆိုင်ရာမထိမဲ့မြင်ပြုမှု၊ ပြစ်မှုဆိုင်ရာ မထိမဲ့မြင်ပြုမှု)

**တရားရုံးများမှ သတင်းရယူဆောင်ရွက်ခြင်း။**

သတင်းသမားများသည် တရားရုံးသတင်းများရယူရာတွင် သတင်းမီဒီယာဥပဒေ၊ တရားရုံး သတင်းမီဒီယာလက်စွဲပါ ပြဋ္ဌာန်းချက်၊ ဖော်ပြချက်များ သိရှိနားလည်ထားဖို့ လိုအပ်ပါသည်။ တရားရုံးသတင်းပြန်ကြားရေး အရာရှိများအနေဖြင့်လည်း အလားတူသိရှိနားလည်ထားဖို့ လိုပါသည်။ သတင်းမီဒီယာဥပဒေ၊ တရားရုံးသတင်းမီဒီယာလက်စွဲတို့ကို သိရှိနားလည်ထားမှသာ တရားရုံးသတင်းရယူရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်သည်။ တရားရုံးများနှင့် သတင်းသမားတို့အချင်းချင်း နားလည်မှု လွဲမှားမှုများနည်းပါးလာမည်ဖြစ်သည်။

တရားရုံး သတင်းမီဒီယာလက်စွဲကို သိရှိစေလိုခြင်းမှာ သတင်းမီဒီယာဥပဒေပုဒ်မ ၄ (ဃ)ပါ ပြဋ္ဌာန်းချက်ကြောင့်ဖြစ်ပါသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်တွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ အစိုးရရုံးဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက် ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ရှိသည်ဟူသော သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်အဖြစ် ပါရှိနေခြင်းကြောင့်ဖြစ်ပါသည်။

သတင်းမီဒီယာသမားများသည် အမှုရုံးချိန်းရက် (ရီမန်) ချုပ်မိန့်တောင်းခံသည့်ရက်များတွင် တရားရုံးပရဝုဏ်အတွင်း ရောက်ရှိနေသူ မည်သူတစ်ဦးတစ်ယောက်ကိုမှ ရုံးအကြီးအကဲ၏ ခွင့်ပြုချက်မရရှိဘဲ မေးမြန်းခြင်း၊ သတင်းရယူခြင်းမပြုနိုင်ပေ။[၄]

၄။ တရားရုံး သတင်းမီဒီယာလက်စွဲ အပိုဒ် – ၁၁ (စ)

သတင်းမီဒီယာသမားများသည် တရားခွင်အတွင်းသို့ ဝင်ရောက်သတင်းရယူလိုပါက တရားရုံးအကြီးအကဲ၏ ခွင့်ပြုချက်ရယူခြင်း၊ တရားခွင်အတွင်းသို့ အသံဖမ်းစက်၊ ကင်မရာ၊ လက်ကိုင်ဖုန်းများ ယူဆောင်လာခြင်း မပြုခြင်း၊ အမှုစစ်ဆေးစီရင်နေသည့် တရားခွင်အတွင်းသို့ တစ်နည်းနည်းဖြင့် ဗီဒီယိုရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း လုံးဝမပြုလုပ်ရခြင်း [၅] စသည့်တရားရုံးက သတ်မှတ်ထားသည့် စည်းကမ်းချက်များ လိုက်နာရန်လိုအပ်ပါသည်။ တရားရုံး သတင်းပြန်ကြားရေး အရာရှိများကလည်း တရားရုံးမှ သတင်းရယူရာတွင် သိရှိလိုက်နာရမည့်အချက်များ သိရှိထားဖို့လိုပါသည်။

**တရားရုံးများက သတိပြုရမည့်အချက်များ**

ရာဇသတ်ကြီးပုဒ်မ ၁၂၄ –က အရ တရားစွဲဆိုတင်ပို့လာပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၆ အရ အစိုးရ သို့မဟုတ် အစိုးရမှအာဏာလွှဲအပ်ခြင်းခံရသူက တရားစွဲဆိုခွင့်အမိန့်ပါရှိမှသာ တရားရုံးများက လက်ခံစစ်ဆေးရပါမည်။ ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ စွဲဆိုလာမှုဖြစ်လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်ကြားမှုရှိရန် လိုအပ်ပါသည်။ [၆] ရာဇသတ်ကြီးပုဒ်မ ၂၁၁ အရ တရားစွဲဆိုထားမှုတွင်လည်း တရားရုံးတစ်ရုံး၌ စွဲဆိုသောအမှုနှင့်ပတ်သက်၍ စွဲဆိုခြင်းမဟုတ်ဘဲ အထက်အဖွဲ့အစည်းများသို့ မမှန်မကန် စွပ်စွဲတိုင်ကြားခြင်းခံရသဖြင့် တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၂၁၁ အရ ဦးတိုက်လျှောက်ထားမှုမျိုးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) တွင် အကျုံးမဝင်ပါ။[၇] တရားရုံး၌ စွဲဆိုထားသည့်အမှုနှင့်ပတ်သက်၍ ရာဇသတ်ကြီးပုဒ်မ ၂၁၁ အရ တိုင်ကြားစွဲဆိုမည်ဆိုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) နှင့်အညီဖြစ်ရပေမည်။ [၈]

ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ တရားစွဲဆိုလျှင်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၈ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိရပေမည်။[၉] တစ်နည်းအားဖြင့် နစ်နာသူက တိုင်ကြားမှုဖြစ်ရမည်။

၂၀၁၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (ခ) အရ တရားစွဲဆိုလာလျှင် ဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ [၁၀]

၂၀၁၃ ခုနှစ်၊ တရားရုံးများ မထိမဲ့မြင်ပြုမှုဥပဒေအရ တရားစွဲဆိုမှုကို တရားလွှတ်တော်တွင်သာ စွဲဆိုခွင့်ရှိမည် [၁၁] ဖြစ်ကြောင်းနှင့် ကျူးလွန်သည့်နေ့မှစ၍ တစ်နှစ်အတွင်း အမှုစွဲဆိုခွင့်ရှိကြောင်းတို့ကိုလည်း သိရှိထားစေလိုပါသည်။

ဆောင်းပါးပါအချက်အလက်များသည် တရားရုံးများနှင့် မီဒီယာများအတွက် အထောက်အပံ့ ဖြစ်စေမည်ဟု ယုံကြည်မိပါသည်။ တရားရုံးများနှင့် မီဒီယာတို့ ဆက်ဆံရေးများလည်း အဆင်ပြေချောမွေ့လိမ့်မည်ဖြစ်ပါသည်။

**လှအေး (တရားရေး)**

---

၅။ တရားရုံး သတင်းမီဒီယာလက်စွဲ အပိုဒ် – ၁၁ (ဆ) (ဇ) (ဈ)

၆။ ဦးအေးကို နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)၊ ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၂၃၂။

၇။ ဦးလှမြင့်ပါ(၈) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂)၊ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၉၅။

၈။ ဦးဥာဏ်ပါ (၂) နှင့် ဦးမောင်မောင်ကြီး ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၄၀။

၉။ ဦးမြင့်သိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၆၆။

၁၀။ ၂၀၀၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၄၄။

၁၁။ ၂၀၁၃ ခုနှစ်၊ တရားရုံးများ မထိမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၃ နှင့် ၁၄။

# စွဲချက်ပြောင်းလဲအပြစ်ပေးခြင်း

လှအေး (တရားရေး)

ပြစ်မှုဆိုင်ရာအမှုများ စီရင်ဆုံးဖြတ်ရာတွင် မူလတင်ထားသည့် စွဲချက်အစား စွဲချက် တင်ထားခြင်း မရှိသည့် စွဲချက်ဖြင့် ပြောင်းလဲအပြစ်ပေးခြင်း၊ ရာဇသတ်ကြီးပုဒ်မဖြင့် စွဲချက်တင်ထားသည်ကို အထူးဥပဒေပါ ပုဒ်မတစ်ခုခုဖြင့် ပြောင်းလဲအပြစ်ပေးခြင်း၊ အထူးဥပဒေပါပုဒ်မမှ ရာဇသတ်ကြီးပုဒ်မဖြင့် ပြောင်းလဲ အပြစ်ပေးခြင်း စသည့်ဆုံးဖြတ်မှုများ ရှိခဲ့ကြောင်း တွေ့ရသည်။ အများပြည်သူအနေဖြင့် ထိုသို့ ဆောင်ရွက် စစ်ဆေးဆုံးဖြတ်မှုများအပေါ် အမှန်မသိသဖြင့် ပြစ်တင်ဝေဖန်မှုများ ရှိလာခဲ့သည်။ အမှုစစ်တရားသူကြီးများ အနေဖြင့်လည်း စွဲချက်ပြောင်းလဲ အပြစ်ပေးခြင်းပြုရာတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေ၊ ကျင့်ထုံးဥပဒေ၊ တရားရုံးများလက်စွဲ အစရှိသည်များ သိရှိထားဖို့ အမှန်လိုအပ်နေပါသည်။

**စွဲချက်တင်ထားသည့် ရာဇသတ်ကြီးပုဒ်မအစား အခြားပုဒ်မပြောင်းလဲခြင်း**

ပြစ်မှုဆိုင်ရာအမှု၌ စွပ်စွဲခံရသူအပေါ် စွဲချက်တင်ခြင်းသည် အပြစ်ပေးခြင်းမဟုတ်ပေ။ စွဲဆိုသည့်ပြစ်မှုကို စွပ်စွဲခံရသူက ကျူးလွန်သည်ဟု ထင်ဖွယ်ရှိကြောင်း ညွှန်ပြသည့် သက်သေခံချက်ရှိမှုကြောင့် ဖြေရှင်းရန် စွဲချက်တင်ခြင်းသာဖြစ်သည်။ အမှုဆက်လက် စစ်ဆေးပြီးချိန်၌ စွဲချက်တင်ထားသည့်ပုဒ်မအရ အပြစ်မရှိကြောင်း စွဲချက်တင်ထားသည့်ပုဒ်မနှင့် ငြိစွန်းသည့် သက်သေခံချက်မရှိကြောင်း၊ အခြားဥပဒေပုဒ်မအရသာ ငြိစွန်းသည့် သက်သေခံချက်ရှိကြောင်း စသည့်အချက်များသည် ပေါ်ပေါက်လာခဲ့သည်။ ဤအခြေ အနေမျိုးတွင် အမှုစစ်တရားသူကြီးသည် မူလတင်ထားသည့်ပုဒ်မဖြင့် အပြစ်ပေးသင့်၊ မသင့်၊ အခြားပုဒ်မဖြင့် ပြောင်းလဲ သင့်၊ မသင့် ဥပဒေအရ စဉ်းစားရမည်ဖြစ်သည်။ စွဲချက်ပြောင်းသင့်မသင့် စဉ်းစားရာတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၇ ပါ အောက်ပါပြဋ္ဌာန်းချက်ကို ဂရုပြုလိုက်နာရပေမည်။

ပုဒ်မ ၂၃၆ တွင် ဖော်ပြထားသည့်အချက်၌ တရားခံအပေါ် ပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲချက်တင်ထားပြီးနောက် သက်သေခံချက်တွင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရ စွဲချက်တင်နိုင်သည့် အခြားကွဲပြားခြားနားသည့် ပြစ်မှုတစ်ရပ်ရပ်ကို တရားခံက ကျူးလွန်ကြောင်း ပေါ်ပေါက်လျှင် ၎င်းကျူးလွန်သည့်ပြစ်မှုဖြင့် ၎င်းအပေါ် စွဲချက်မတင်သော်လည်း ပေါ်ပေါက်သည့်ပြစ်မှုဖြင့်ပင် ပြစ်မှုထင်ရှားစီရင်နိုင်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၇ အရ စွဲချက်တင်ထားသည့်ပုဒ်မအစား အခြားပုဒ်မဖြင့် ပြောင်းလဲ ခြင်းပြုရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၈ ပါ ပြဋ္ဌာန်းချက်ကိုလည်း လိုက်နာရန်လိုအပ်ပါမည်။

အလားတူပင် တရားရုံးများလက်စွဲအပိုဒ် ၄၃၈ နှင့် ၄၃၉ နှင့်အညီ ဆောင်ရွက်ရပေမည်။စွပ်စွဲခံရသူ တရားခံအပေါ် ကြီးသောပုဒ်မဖြင့် စွဲချက်တင်ပြီးနောက် ငယ်သောပုဒ်မပြောင်းလဲ၍ ပြစ်မှု ထင်ရှားစီရင် နိုင်ပါသည်။

ဓားပြတိုက်ခံရသူတို့၏နေအိမ်တွင် ဓားပြတိုက်မှုဖြစ်ပွားပြီး (၄) လကျော်ကြာမှ ဓားပြတိုက်ရာပါ ပစ္စည်းဖြစ်သော ရေဒီယိုကို လျှောက်ထားသူများထံတွင် ပြန်လည်တွေ့ရှိရခြင်းဖြစ်သည်။ ဤသို့တွေ့ရှိရုံမျှနှင့် လျှောက်ထားသူများသည် ဓားပြမှုကျူးလွန်ခဲ့သည်ဟု တစ်ထစ်ချမဆိုနိုင်၊ ထို့ကြောင့် ၎င်းတို့အပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေအရ မှန်ကန်ပုံ မပေါ်ပေ။ ယင်းပုဒ်မအစား ဓားပြတိုက်ရာပါပစ္စည်းကို လက်ခံမှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၂ အရ ပြောင်းလဲ စီရင်သင့်သည်ဟု **ရင်ကျော့မောင်ပါ (၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] တွင် ထုံးပြုထားချက်အရ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ကြီးလေးသောပုဒ်မမှ ရာဇသတ်ကြီးပုဒ်မ ၄၁၂ အရ ငယ်သော ပုဒ်မဖြင့် ပြောင်းလဲ၍ အပြစ်ပေးခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၇ နှင့် ၂၃၈ နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကို ညွှန်ပြလျက် ရှိခဲ့သည်။

ထို့အတူ **မောင်ဦး၊ မောင်သန်း၊ ကျောက်ဒိုး (ခ) လှမြင့်၊ သန်းရွှေ၊ ကျော်သောင်း၊ ညွန့်ရွှေနှင့် ပေါက်စ (ခ) ရွှေမြင့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု** [၂] တွင်လည်း စွဲချက်တင်ထားသည့် ကြီးသောရာဇသတ်ကြီးပုဒ်မ ၃၉၆၊ ၁၀၂ (၁) (ခ)/၂၄ မှ ငယ်သော ရာဇသတ်ကြီးပုဒ်မ ၄၁၁ ပုဒ်မသို့ပြောင်းလဲ၍ အပြစ်ပေးခဲ့ခြင်းကို အောက်ပါအတိုင်း ထုံးပြုထားပါသည်။

ဤအမှုတွင် အယူခံတရားလိုတို့သည် သေသူ မောင်စိန်နှင့် ဒေါ်ငွေးတို့အား သတ်ခဲ့ကြောင်း မည်သည့်သက်သေကမျှ ထွက်ဆိုထားခြင်းမရှိပေ။ အမှုဖြစ်ရပ် အကြောင်းအရာများအရ အချင်းဖြစ်ပြီး (၁၁) ရက်အကြာတွင် သေသူ ဦးမောင်စိန်နှင့် ဒေါ်ငွေးတို့ပိုင်ဆိုင်သော ပစ္စည်းများကို မောင်ဦး၊ မောင်ပေါက်စ (ခ) မြင့်ရွှေ၊ မောင်ကျောက်ဒိုး (ခ) လှမြင့်၊ မောင်သန်းရွှေနှင့် ကျော်သောင်းတို့ထံမှ သိမ်းဆည်းရမိခဲ့ ကြောင်းသာ ပေါ်ပေါက်သည်။ သို့ဖြစ်ရာ မောင်ဦး၊ မောင်ပေါက်စ (ခ) မြင့်ရွှေ၊ မောင်ကျောက်ဒိုး (ခ) လှမြင့်၊ မောင်သန်းရွှေနှင့် ကျော်သောင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ အရ ခိုးရာပါပစ္စည်းများကို လက်ဝယ်ထားရှိမှုကို အသီးသီးကျူးလွန်ကြကြောင်း ပေါ်ပေါက်သည်။

ငယ်သောပုဒ်မဖြင့် စွဲချက်တင်ထားပြီးမှ ကြီးလေးသောပုဒ်မသို့ ပြောင်းလဲအပြစ်ပေးခြင်းမပြုဖို့လိုပါမည်။ **မောင်ဘမြေ့နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၃] တွင်လည်း စွပ်စွဲခံရသူ တရားခံ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၉၆၊ ၁၀၂ (၂) အရ စွဲချက်တင်ထားပြီးမှ ရာဇသတ်ကြီးပုဒ်မ ၃၉၆၊ ၁၀၂ (၁) (ခ) အရ ပြောင်းလဲအပြစ်ပေးခြင်းကို အောက်ပါအတိုင်း လမ်းညွှန်ထားသည်ကို သတိပြုရန်လိုပါသည် –

မင်းကင်းမြို့နယ်တရားရုံးသည် မောင်ဘမြေ့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ – ၁၀၂(၂)အရ စွဲချက် တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ – ၁၀၂ (၁) (ခ) အရ အပြစ်ပေးခြင်းမှာ ဥပဒေအရ မှားယွင်းသည်။ တရားခံတစ်ဦးအပေါ် သေးငယ်သောပြစ်မှုနှင့် စွဲချက်တင်ပြီးနောက် ကြီးလေး သောပြစ်မှုသို့ ပြောင်းလဲအပြစ်မပေးနိုင်ပေ။

---

၁။ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၈၄။

၂။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၃၅။

၃။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၉၉။

**ရာဇသတ်ကြီးပုဒ်မတစ်ခုခုဖြင့် စွဲချက်တင်ပြီးမှ အထူးဥပဒေပုဒ်မသို့ ပြောင်းလဲခြင်း။**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၃၇ ပါပြဋ္ဌာန်းချက်နှင့် ပုဒ်မ ၂၃၈ ပြဋ္ဌာန်းချက်တို့တွင် ရာဇသတ်ကြီးပုဒ်မမှ အထူးဥပဒေပုဒ်မသို့ပြောင်းလဲ၍ စွဲချက်တင်ခြင်း၊ အပြစ်ပေးခြင်းမပြုရဟု ကန့်သတ်တားမြစ် ပိတ်ပင်ထားခြင်းမရှိပါ။ တရားရုံးများလက်စွဲအပိုဒ် ၄၃၉ တွင်လည်း ပိတ်ပင်ထားခြင်း မရှိခဲ့ပေ။ ထိုသို့ ရာဇသတ်ကြီးပုဒ်မမှ အထူးဥပဒေပုဒ်မသို့ ပြောင်းလဲမည်ဆိုပါက အထူးဥပဒေပါပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်ပြုမိန့်ပါရှိမှ စွဲဆိုရသည့်အမှုကို သတိပြုရပေမည်။ တရားစွဲဆိုခွင့်အမိန့်မပါသည့် အထူးဥပဒေပုဒ်မတစ်ခုသို့ ပြောင်းလဲမည်ဆိုခဲ့လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁ နှင့် ၂၃၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရမည်ဖြစ်သည်။ အဓိကအားဖြင့် ရာဇသတ်ကြီးဥပဒေမှ အထူးဥပဒေသို့ ပြောင်းလဲစွဲချက်တင် အပြစ်ပေးမည်ဆိုပါက သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်၌ တားမြစ်ချက်မရှိရန် လိုမည်ဖြစ်သည်။

**အထူးဥပဒေပုဒ်မမှ ရာဇသတ်ကြီးပုဒ်မသို့ ပြောင်းလဲခြင်း။**

အထူးဥပဒေပုဒ်မမှ ရာဇသတ်ကြီးပုဒ်မသို့ ပြောင်းလဲခြင်းပြုလုပ်ခွင့်ရှိပါသည်။ **ဦးတင်အေးကျော်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၅]တွင်လည်း ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ မှ ရာဇသတ်ကြီးပုဒ်မ ၄၇၇-ကသို့ စွဲချက်ပြောင်း၍ အပြစ်ပေးခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် အထူးဥပဒေပုဒ်မမှအခြားအထူးဥပဒေပုဒ်မသို့လည်း ပြောင်းလဲခြင်း၊ အပြစ်ပေးခြင်းပြုလုပ်နိုင်ပါသည်။ **ကာဆင်ပါ (၁) ဦးနှင့် နိုင်ငံတော်အမှု**[၆] ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (၁) (ဃ) မှ ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ပြောင်းလဲခြင်းပြုလုပ်ခဲ့သည်ကို တွေ့နိုင်ပါသည်။ **ဦးချစ်ဆွေပါ (၃)/ ဦးမြင့်သိန်းပါ (၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်/ ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု**[၆] တွင်လည်း မြန်မာနိုင်ငံအတွင်းသို့ ရွှေချောင်းများ တင်သွင်းခွင့်မပြုရန် ကန့်သတ်ထားသည့် အမိန့်မရှိသဖြင့် တရားခံများကို ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) မှ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ ၂၄ (၁) အရ ပြစ်မှုထင်ရှားစီရင်ဆုံးဖြတ်ခဲ့သည်။ အထူးဥပဒေပုဒ်မမှ အခြားအထူးဥပဒေပုဒ်မသို့ ပြောင်းလဲရာတွင် တရားစွဲဆိုခွင့်ပြုမိန့် လိုခြင်းရှိမရှိ ထပ်မံစိစစ်ရပေမည်။ **မောင်သောင်းပါ (၂)/ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်/ လန်ဘားပါ (၇) အမှု**[၇] တွင် အထူးဥပဒေပုဒ်မမှ အခြားအထူးဥပဒေပုဒ်မသို့ ပြောင်းလဲရာတွင် တရားစွဲဆိုခွင့်ပြုမိန့်မပါဘဲ ပြောင်းလဲခွင့်မရှိဟု အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမီ စွဲချက်ကိုပြောင်းလဲခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်နိုင်သည်မှန်သော်လည်း ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့်မရှိစေရဟု အဆိုပါဥပဒေပုဒ်မ ၄ တွင်

---

၄။ ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၆၄။

၅။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ (အထူးရာဇဝတ်အယူခံအဖွဲ့ ၁)။

၆။ ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၈။

၇။ ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၇၇။

ပိတ်ပင်ထားသည်ဖြစ်၍ မြို့နယ်တရားရုံးက တရားခံများအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် ရာဇသတ်ကြီးပုဒ်မ ၁၀၉ အရ စွဲချက်အသီးသီး တင်ခြင်းသည် အဆိုပါဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပေသည်။

အထူးဥပဒေမှ ရာဇသတ်ကြီးဥပဒေသို့ ပြောင်းလဲစွဲချက်တင်ခြင်း၊ အပြစ်ပေးခြင်းမပြုနိုင်သည့် အထူး ဥပဒေပါပြဋ္ဌာန်းချက်များရှိ မရှိ သတိပြုရမည်ဖြစ်ပါသည်။ အချို့သော အထူးဥပဒေများတွင် **တည်ဆဲ ဤဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေအရသာ အရေးယူရမည်** [၈] ဟုအတိအလင်း ပြဋ္ဌာန်းထားခြင်းကြောင့် သတိပြုသင့်သည်ဟု တင်ပြရခြင်းဖြစ်ပါသည်။

**လှအေး(တရားရေး)**



၈။ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၈။

# Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်ခြင်း

ဒေါ်တင်နွယ်စိုး

မြန်မာနိုင်ငံ၏ ပထမဆုံး ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်း အမှတ်(၂) ၌ ကျင်းပခဲ့ပြီး အထက်တန်းရှေ့နေ (၁၆၄) ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပါသည်။ ထိုသို့ Virtual အခမ်းအနားများကို COVID-19 ကာကွယ် ထိန်းချုပ်၊ ကုသရေးအတွက် အသွားအလာ ကန့်သတ်ကာလတွင် ဆက်လက်ကျင်းပရန် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေအရ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့် လျှောက်ထားသူများကို တရားလွှတ်တော်ရှေ့နေများ မှတ်ပုံတင်စာရင်း၌ အမည်တင်သွင်းပြီးတရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပါသည်။* ထိုသို့ ပေးအပ်ရန်အတွက် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန၊ ရှေ့နေရှေ့ရပ်ဌာနခွဲသည် ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများနှင့်အညီ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့် လျှောက်လွှာများကို လက်ခံခြင်း၊ လျှောက်လွှာ၏ ပြည့်စုံမှန်ကန်မှု၊ ဥပဒေပြဋ္ဌာန်းချက် သတ်မှတ်ချက်မူများနှင့် ကိုက်ညီမှုတို့ကို စိစစ်ခြင်း၊ ပြည့်စုံသည့်လျှောက်လွှာများကို တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ပေးပို့ခြင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီက ကန့်ကွက်ခြင်း မရှိသည့် လျှောက်ထားသူများအား တရားလွှတ်တော်ရှေ့နေစာရင်းတင်သွင်းခြင်းနှင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ကို အခမ်းအနားဖြင့်ပေးအပ်ခြင်းတို့ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပါသည်။**

အစဉ်အလာအားဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းတွင် ကျင်းပပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုတရား

---

* တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၈

** ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ်ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉

လွှတ်တော်ချုပ်တရားသူကြီးက အမှာစကားပြောကြားပြီး အခမ်းအနားတက်ရောက်သည့် အထက်တန်းရှေ့နေများအား တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးရှေ့မှောက်တွင် အသိအမှတ်ပြုလက်မှတ် လက်ခံရယူပြီးသူများက ကတိသစ္စာပြုကြပါသည်။

ရှေ့နေများသည် အမှန်တရားဖြစ်ထွန်းစေရန် ရုံးအရာရှိများသဖွယ် ကူညီဆောင်ရွက်ကြရပါသည်။ ပြည်သူတို့၏အကျိုးဆောင်များလည်း ဖြစ်ပါသည်။ သို့အတွက် မိမိအမှုသည်များဖြစ်သည့် ပြည်သူအတွက် သစ္စာရှိရန်လိုအပ်သကဲ့သို့ တရားရုံးများအပေါ်တွင်လည်း သစ္စာထားရန် လိုအပ်ပါသည်။*** သို့အတွက် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းသူများသည် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်၍ ကတိသစ္စာပြုရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019) COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ညွှန်ကြားချက်များ၊ Stay at Home အစီအစဉ် ထုတ်ပြန်ကြေညာချက်များအရ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃ ရက်နေ့ ကြေငြာချက် ထုတ်ပြန်၍ တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲ အခမ်းအနားများ ကျင်းပပြုလုပ်ခြင်းကို ယာယီရပ်ဆိုင်းထားခဲ့ရပါသည်။

အဆိုပါအခြေအနေတွင် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်မှုကို ကြန့်ကြာမှု မရှိစေရန်အတွက် Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းစီမံချက်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အစည်းအဝေးအမှတ် ၆/၂၀၂၀၏ သဘောတူညီချက်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို Video Conferencing စနစ်ဖြင့် ပြုလုပ်နိုင်ရန် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ကြီးကြပ်မှုဖြင့် ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန၊ ရှေ့နေရှေ့ရပ်ဌာနခွဲနှင့် E-Government ဌာနတို့က ပူးပေါင်း၍ တရားလွှတ်တော်ရှေ့နေ စာရင်းတင်သွင်းသူများက တရားလွှတ်တော်ရှေ့နေများ ကောင်စီဝင်ကြေး၊ နှစ်စဉ်ကြေး ပေးဆောင်ရန်နှင့် တံဆိပ်ခေါင်း ပေးသွင်းရန်ကိစ္စတို့ကို တရားလွှတ်တော်ရှေ့နေများကောင်စီနှင့် ညှိနှိုင်းခြင်း၊ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်မည့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် အမည်စာရင်းနှင့် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း၊ အခမ်းအနားတက်ရောက်ရန် လျှောက်ထားလာသူများအား အခမ်းအနားမကျင်းပမီ VideoConferencing စနစ်၏ ကုတ်နံပါတ်၊ အခမ်းအနားကျင်းပမည့် နေ့ရက်၊ အချိန်တို့ကိုပေးပို့ခြင်း၊ သတ်မှတ်ဝတ်စုံဖြင့် အကြို အစမ်းလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။


Video Conferencing စနစ်ဖြင့် ပြုလုပ်ခဲ့သည့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သူများသည် မိမိတို့၏ အသိအမှတ်ပြု လက်မှတ်အမှတ်စဉ်ကို Email ဖြင့် လက်ခံရရှိပြီး တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ရှေ့နေရှေ့ရပ်ဌာနခွဲ၌ ထုတ်ယူရရှိနိုင်မည်ဖြစ်ပါသည်။

---

*** ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၂၀၈

ဤသို့ Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကျင်းပနိုင်ခဲ့ခြင်းသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၈–၂၀၂၂ အရ နည်းပညာဖြင့် တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးသောဆောင်ရွက်မှုတစ်ခုပင် ဖြစ်ပါသည်။ တရားလွှတ်တော်ရှေ့နေများအနေဖြင့် နည်းပညာအသုံးပြု၍ တရားရုံးများတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် Video Conferencing စနစ်ဖြင့် အမှုများ အမိန့်ချမှတ်ခြင်း၊ အမှုကြားနာခြင်းစသည့် တရားစီရင်ရေးလုပ်ငန်းများတွင် ဆက်လက်၍ တိုးမြှင့် ပါဝင်ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုက်ပါသည်။

**ဒေါ်တင်နွယ်စိုး**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**



# ပြည်ထောင်စုတရားသူကြီးချုပ်
# (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး တက်ရောက်ခြင်း

**ဦးအောင်ကျော်မိုး**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်း၊ မြန်မာစံတော်ချိန်အားဖြင့် နံနက် ၀၈း၀၀ နာရီ၌ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဗီယက်နမ်နိုင်ငံ၊ ပြည်သူ့တရားရုံးချုပ်မှကြီးမှူး၍ အွန်လိုင်းဖြင့် ကျင်းပပြုလုပ်သည့် "(၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး (8th Council of ASEAN Chief Justices' Meeting)" ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်မှနေ၍ ပါဝင်တက်ရောက်ခဲ့ပါသည်။ ဤအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အာဆီယံတရားသူကြီးချုပ်များကောင်စီအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းဆိုင်ရာအဖွဲ့များတွင် သက်ဆိုင်ရာကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်နေကြသည့် လုပ်ငန်းအဖွဲ့ဝင်များလည်း လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အာဆီယံနိုင်ငံများတွင် နှစ်စဉ်ပုံမှန်ကျင်းပနေကျဖြစ်သော ယခင်အစည်းအဝေးများသို့ ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များက လူကိုယ်တိုင် တက်ရောက်ခဲ့ကြရာတွင် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်က ခွင့်ပြုသည့် ကိုယ်စားလှယ်အရေအတွက်သာ တက်ရောက်လေ့ရှိပါသည်။ ယခုနှစ်တွင် အွန်လိုင်းဖြင့် ကျင်းပသော အစည်းအဝေးဖြစ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံး ပါဝင်တက်ရောက် လေ့လာခွင့်ရရှိခဲ့ခြင်းသည် ထူးခြားမှုဟု ဆိုနိုင်ပါသည်။

"(၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး"ကို မူလက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဟာလောင်းမြို့နှင့် ဟနွိုင်းမြို့တို့တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိခဲ့သော်လည်း ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေအရ အွန်လိုင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

## သမိုင်းကြောင်း*

အာဆီယံတရားသူကြီးချုပ်များကောင်စီ (Council of ASEAN Chief Justices) သည် ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၌ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး(ASEAN Chief Justices Meeting - ACJM) ကစတင်သန္ဓေတည်ခဲ့ခြင်း

* https://cacj-ajp.org

ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးမှာလည်း "အာဆီယံဥပဒေအသင်း"(ASEAN Law Association - ALA) "အာရှ-ပစိဖိတ်ဥပဒေအသင်း"(The Law Association for Asia and the Pacific- LAWASIA) ၏တရားစီရင်ရေးဆိုင်ရာကဏ္ဍ (Judicial Section) တို့နှင့် ပတ်သက်နီးနွယ်မှုရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။

အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး (ACJM) ကို စင်ကာပူနိုင်ငံတွင် ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီးနောက်၊ ဒုတိယအကြိမ် အစည်းအဝေး (2nd ACJM) ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့၌ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်လည်းကောင်း၊ တတိယအကြိမ် အစည်းအဝေး (3rd ACJM) ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ ဖိလစ်ပိုင်နိုင်ငံ၊ ဘိုရာကေးကျွန်းတွင်လည်းကောင်း၊ စတုတ္ထအကြိမ် အစည်းအဝေး (4th ACJM) ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင်လည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ စတုတ္ထအကြိမ် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး (4th ACJM) တွင် အာဆီယံနိုင်ငံများ၏ တရားသူကြီးချုပ်များက အာဆီယံတရားသူကြီးချုပ်များကောင်စီ (The Council of ASEAN Chief Justices) အဖြစ် ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းနောက် ပဉ္စမအကြိမ် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး(5th Council of ASEAN Chief Justices' Meeting) ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၌ ဘရူနိုင်း၊ ဒါရူဆလမ်မြို့တွင်လည်းကောင်း၊ အာဆီယံတရားသူကြီးချုပ်များကောင်စီ အထူးအစည်းအဝေး (Special CACJ Meeting) ကို အာဆီယံ နှစ် (၅၀) ပြည့် အခမ်းအနားနှင့် တိုက်ဆိုင်ဂုဏ်ပြုလျက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့၌ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ် ကောင်စီအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၌ စင်ကာပူနိုင်ငံတွင်လည်းကောင်း၊ သတ္တမအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၃ ရက်နေ့ထိ ထိုင်းနိုင်ငံ၊ ဖူးခက်မြို့နှင့် ဗန်ကောက်မြို့တို့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီးနောက် ယခု အဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို အွန်လိုင်းဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီသည် ၂၀၁၃ ခုနှစ်တွင် စတင်ဖြစ်ပေါ်လာခဲ့ပြီးနောက် ပင်မအာဆီယံအဖွဲ့အစည်းကြီးနှင့် ချိတ်ဆက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အာဆီယံပဋိညာဉ်စာတမ်း (The ASEAN Charter) ၏ နောက်ဆက်တွဲ- ၂ တွင် ပါရှိသည့် 'အာဆီယံနှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများ' (Entities Associated with ASEAN) စာရင်းတွင် ပါဝင်လာနိုင်ခဲ့ပါသည်။

### အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်း

အာဆီယံတရားသူကြီးချုပ်များကောင်စီသည် အာဆီယံနှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများစာရင်းတွင် တစ်ခုအပါအဝင် ဖြစ်လာသည်နှင့်အညီ ကောင်စီ၏ ဥပဒေဆိုင်ရာနှင့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်တစ်ရပ် ဖြစ်ပေါ်လာစေရန် ပဋိညာဉ်စာတမ်းတစ်ခုကို ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ယင်းကြိုးပမ်းအားထုတ်မှုများကြောင့် ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်း (Charter of the Council of ASEAN Chief Justices) ကို အာဆီယံနိုင်ငံများ၏ တရားသူကြီးချုပ်များက အောင်မြင်စွာ သဘောတူချမှတ် အတည်ပြုနိုင်ခဲ့သည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်းနှင့်အညီ လုပ်ထုံးလုပ်နည်းများ (Rules

Pursuant to the Charter of the Council of ASEAN Chief Justices) ကိုလည်း ရေးဆွဲထားရှိပြီး ဖြစ်ပါသည်။

## သဘောတူညီချက် / ကြေညာချက်များ

အာဆီယံတရားသူကြီးချုပ်များကောင်စီသည် နှစ်အလိုက် ကျင်းပပြုလုပ်သည့် အစည်းအဝေးများတွင် သဘောတူညီချက်များ/ကြေညာချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် တတိယအကြိမ်မြောက် အစည်းအဝေးမှ စတင်ကာ ထုတ်ပြန်ခဲ့သည့် သဘောတူညီချက်/ကြေညာချက်များမှာ -

- ၂၀၁၅ ခုနှစ် ဘိုရာကေးသဘောတူညီချက် (Boracay Accord)
- ၂၀၁၆ ခုနှစ် ဟိုချီမင်းကြေညာချက် (Ho Chi Minh Declaration)
- ၂၀၁၇ ခုနှစ် ဘရူနိုင်းကြေညာချက် (Brunei Declaration)
- ၂၀၁၈ ခုနှစ် စင်ကာပူကြေညာချက် (|Singapore Declaration)
- ၂၀၁၉ ခုနှစ် ဗန်ကောက်ကြေညာချက် (Bangkok Declaration)
- ၂၀၂၀ ပြည့်နှစ်ဟနွိုင်းကြေညာချက် (Hanoi Declaration)

တို့ဖြစ်ပါသည်။

## လေ့လာရေးအဖွဲ့/လုပ်ငန်းအဖွဲ့များ

အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်စာတမ်း အပိုဒ် ၁၅ ပါ ပြဋ္ဌာန်းချက်များအရ ကောင်စီ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သီးသန့်လုပ်ငန်းစီမံချက်များအတွက် လေ့လာရေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားရှိပါသည်။ အဆိုပါ လေ့လာရေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ တစ်ရပ်စီတွင် ကောင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ဦးဆောင်ကာ ကျန်အဖွဲ့ဝင်နိုင်ငံများ၏ တရားစီရင်ရေးကဏ္ဍများက ကိုယ်စားလှယ်များ ပါဝင်ကြပါသည်။ ယင်းလေ့လာရေးအဖွဲ့ /ကိုယ်စားလှယ်အဖွဲ့များမှာ -

- အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အနာဂတ်လုပ်ငန်းရပ်များအတွက် လေ့လာရေးအဖွဲ့ (Study Group of the Future Work of CACJ)

  ဤလေ့လာရေးအဖွဲ့ကို စင်ကာပူတရားရေးက ဦးဆောင်ကာ မြန်မာနိုင်ငံအတွက်ကိုယ်စားလှယ်မှာ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ဒေါ်တင်နွယ်စိုး ဖြစ်ပါသည်။
- အာဆီယံဒေသတွင်း တရားမမှုခင်း ဆင့်စာဆင့်ဆိုမှု လွယ်ကူစေရေးလုပ်ငန်းအဖွဲ့ (Working Group on Facilitating Civil Process within ASEAN)

  ဤလုပ်ငန်းအဖွဲ့ကို မလေးရှားတရားရေးက ဦးဆောင်ကာ မြန်မာနိုင်ငံအတွက်ကိုယ်စားလှယ်မှာ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး ဖြစ်ပါသည်။
- မှုခင်းစီမံခန့်ခွဲမှု နည်းလမ်းများနှင့် တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု လုပ်ငန်းအဖွဲ့ (Working Group on Case Management and Court Technology)

  ဤလုပ်ငန်းအဖွဲ့ကို မလေးရှားတရားရေးက ဦးဆောင်ကာ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်မှာ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန၊ ညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်နှင့် e-Government ဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုလွင်တို့ ဖြစ်ကြပါသည်။
- တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်း လုပ်ငန်းအဖွဲ့

(Working Group on Judicial Education and Training)

ဤလုပ်ငန်းအဖွဲ့ကို အင်ဒိုနီးရှားတရားရေးနှင့် ဖိလစ်ပိုင်တရားရေးတို့က ဦးဆောင်ကာ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်မှာ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာလာမော် ဖြစ်ပါသည်။

- နိုင်ငံဖြတ်ကျော် ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ် အငြင်းပွားမှုများဖြေရှင်းရေးလုပ်ငန်းအဖွဲ့ (Working Group on Cross-Border Disputes involving Children)

  ဤလုပ်ငန်းအဖွဲ့ကို ဖိလစ်ပိုင်တရားရေးနှင့်စင်ကာပူတရားရေးတို့က ဦးဆောင်ကာ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်မှာ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်ထွေး ဖြစ်ပါသည်။

- အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ်လုပ်ငန်းအဖွဲ့

  (ASEAN Judiciaries Portal)

  ဤလုပ်ငန်းအဖွဲ့ကို စင်ကာပူတရားရေးက ဦးဆောင်ကာ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်မှာ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန၊ ညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်နှင့် e-Government ဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုလွင်တို့ ဖြစ်ကြပါသည်။

- အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်း လုပ်ငန်းအဖွဲ့

  (Working Group on ASEAN + Meetings)

  ဤလုပ်ငန်းအဖွဲ့ကို ဖိလစ်ပိုင်တရားရေးနှင့် စင်ကာပူတရားရေးတို့က ဦးဆောင်ကာ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်မှာ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်ထွေး ဖြစ်ပါသည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အမြဲတမ်းအတွင်းရေးမှူးရုံး (Secretariat) ကို လတ်တလောတွင် စင်ကာပူတရားရေးက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး၊ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီတွင် ဆက်သွယ်ရေးအရာရှိ (Liaison Officers) များ ထားရှိကာ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွက် ဤဆောင်းပါးရေးသားသူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

## (၈) ကြိမ်မြောက် အစည်းအဝေး တက်ရောက်ခြင်း

အထက်တွင်ဆိုခဲ့သည့်အတိုင်း အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးများကို နှစ်စဉ်လိုလိုအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ကျင်းပခဲ့သော်လည်း ဖြစ်ပွားလျက်ရှိသည့် Covid-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ယခု (၈) ကြိမ်မြောက် အစည်းအဝေးကို အွန်လိုင်းဖြင့် ပထမဆုံးကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

အစည်းအဝေးသို့ ကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်ပြည်သူ့တရားရုံးချုပ်၊ တရားသူကြီးချုပ် The Hon, Nguyen Hoa Binh နှင့်တကွ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ တရားသူကြီးချုပ် The Hon. Steven Chong Wan Oon၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယတရားသူကြီးချုပ် H.E. You Ottara၊ အင်ဒိုနီးရှားနိုင်ငံ တရားသူကြီးချုပ် The Hor. Muhammad Syarifuddin၊ လာအိုနိုင်ငံ ပြည်သူ့တရားရုံးချုပ်ဒုတိယဥက္ကဋ္ဌ H.E. Bounkhouang Thavisack ၊ မလေးရှားနိုင်ငံ တရားသူကြီးချုပ် The Hon. Tun Tengku Maimun

binti Tuan Mat၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဖိလစ်ပိုင်နိုင်ငံ တရားသူကြီးချုပ် The Hon. Diosdado Madarang Peralta နှင့် စင်ကာပူနိုင်ငံ တရားလွှတ်တော်ချုပ်တရားသူကြီး H.E. Lee Seiu Kin တို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် အဖွဲ့ဝင်နိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်၏ အဖွင့်အမှာစကားတွင် –

"......ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အထူးအခြေအနေများအကြား တရားရုံးများ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန် နည်းလမ်းများအားရှာဖွေနိုင်ရေး မိမိတို့အနေဖြင့် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ကြောင်း၊ တရားရုံးများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များက ချမှတ်ထားသည့် ကိုဗစ်အရေးပေါ် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသကဲ့သို့ နည်းပညာကိုအသုံးပြု၍ နေ့စဉ် တရားရုံးလုပ်ငန်းစဉ်များကို တီထွင်ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ကပ်ရောဂါဘေး၏ လက်ရှိပြဿနာများကို ဖြေရှင်းနေဆဲမှာပင် တရားစီရင်ရေးအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါလွန်ကာလတွင် ဖြစ်လာနိုင်မည့် အကျိုးဆက်များအတွက်လည်း ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း..." ဟုထည့်သွင်းပြောကြားခဲ့ပါသည်။

အဆိုပါပြောကြားချက်မှာ မလွှဲမရှောင်သာ ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း နည်းပညာအသုံးပြု၍ တရားရုံးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆက်လက်ဆောင်ရွက်နိုင်စေရန် ပကတိအခြေအနေနှင့် ကိုက်ညီစွာ မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

ယင်းနောက် အစည်းအဝေးအစီအစဉ်များကို သတ်မှတ်ထားသည့်အတိုင်း ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံတရားသူကြီးချုပ်များကောင်စီက ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များက အစီရင်ခံစာများ ဖတ်ကြားတင်သွင်းကြပြီး၊ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပြည်ထောင်စုတရားသူကြီးချုပ်က ပါဝင်ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုတရားသူကြီးချုပ်သည် အစည်းအဝေးအစီအစဉ်တွင် ပါရှိသည့် ကိုဗစ်–၁၉ ကပ်ရောဂါ ကာလအတွင်း တရားစီရင်ရေးအပေါ်အကျိုးသက်ရောက်မှုနှင့် ဖြေရှင်းခြင်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတရားစီရင်ရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အတွေ့အကြုံမျှဝေခွင့်ရရှိခဲ့ပါသည်။

## ဟနွိုင်းကြေညာချက်ထုတ်ပြန်ခြင်း

(၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး၏ နိဂုံး အဆုံးသတ်အပိုင်းတွင် ယခင်အစည်းအဝေးများတွင် ဆောင်ရွက်နေကျ အစဉ်အလာအတိုင်း အစည်းအဝေး ကျင်းပသည့် အိမ်ရှင်နိုင်ငံကို အစွဲပြုလျက် ကြေညာချက်တစ်ရပ် ထုတ်ပြန်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြပြီး "ဟနွိုင်းကြေညာချက် (Hanoi Declaration)" ကို တက်ရောက်လာသည့် တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါကြေညာချက်တွင် နိဒါန်းပိုင်းနှင့် အပိုဒ်ပေါင်း ၂၄ ပိုဒ် ပါရှိပါသည်။

ကြေညာချက်ပါ ပါဝင်သည့်အချက်များအား အကျဉ်းချုပ် ဖော်ပြရလျှင် လုပ်ငန်းအဖွဲ့တစ်ခုချင်းအလိုက် ဆောင်ရွက်ခဲ့သည့်ကိစ္စများ၊ ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အစည်းအဝေးတွင် အဖွဲ့ဝင်

များက တင်ပြဆွေးနွေးသည့် အခြားသောကိစ္စရပ်များအပေါ် အသိအမှတ်ပြုခြင်း (Acknowledgment) နှင့် သဘောတူညီကြခြင်း (Agreement) တို့ပင် ဖြစ်ပါသည်။

ထူးခြားချက်အနေနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပြု တင်ပြခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကိစ္စရပ်အပေါ် ကောင်စီက ကျေနပ်လက်ခံပါကြောင်း ဟူသောအချက်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံတရားရေးက အာဆီယံ တရားသူကြီးချုပ်များကောင်စီအဖွဲ့ဝင်များကို ဖိတ်ကြား၍ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိတော့မည်ဖြစ်ပါသည်။

အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် 'ဟန္နိုင်းကြေညာချက်'၏ မူရင်းအင်္ဂလိပ်ဘာသာဖြင့် ဖော်ပြချက်အား ဤတရားရေးဂျာနယ်၏ English Section ပိုင်းတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

**အစည်းအဝေး ပြီးမြောက်ခြင်း**

အစည်းအဝေးသို့ တက်ရောက်လာသည့် တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အစည်းအဝေးတွင် သဘောတူအတည်ပြုခဲ့ကြသည့် ဟန္နိုင်းကြေညာချက်အား အွန်လိုင်းမှတစ်ဆင့် လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးကို ယင်းနေ့ညနေပိုင်း မြန်မာစံတော်ချိန် ၁၆း၀၀ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်က အိမ်ရှင်နိုင်ငံကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ဖော်ကိုင်ဖက် တရားသူကြီးချုပ်များအား ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မကြာမတင်မီ အားလုံး ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းစကား ပြောကြားခဲ့ပါသည်။ စာရေးသူ၏ ရင်ထဲတွင်လည်းအလားတူ ဆန္ဒပြုလျက် ရှိနေပါတော့သည်။

**ဦးအောင်ကျော်မိုး**
**ညွှန်ကြားရေးမှူး**
**အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြတိုက်
## (The Museum of the Supreme Court of the Union)

**အေးချမ်းညီ (တရားရေး)**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏အာဏာများကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဟူ၍ ပိုင်းခြားကျင့်သုံးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄၊ ၂၉၉ တို့အရ နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ဦးရေ အနည်းဆုံး (၇) ဦးမှ အများဆုံး (၁၁) ဦးဖြင့် ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၁ ရက်စွဲပါ ကြေညာချက်အမှတ် ၃/၂၀၁၁ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၆) ဦးတို့ဖြင့် စတင်ခန့်အပ်ဖွဲ့စည်းခဲ့ပြီး ရုံးအမှတ် (၅၄)၊ သီရိမဏ္ဍိုင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဖြစ် ဖွင့်လှစ်ရုံးထိုင်ခဲ့ပါသည်။ ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၈) ဦးတို့ဖြင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရုံးထိုင်ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မတိုင်မီ ခေတ်အဆက်ဆက် ပြောင်းလဲဖွဲ့စည်းခဲ့သည့် ယခင်တရားလွှတ်တော်ချုပ်၊ ဗဟိုတရားရုံးနှင့် တရားရုံးချုပ်တို့၏ တရားစီရင်ရေးစနစ်များတွင် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုနှင့် သမိုင်းအထောက်အထားများကို လေ့လာသိရှိနိုင်စေရန် တစ်နေရာတည်း၌ ပြတိုက်အဖြစ် သီးခြားခင်းကျင်း ဖွင့်လှစ်ပြသဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။

ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ဒြပ်ရှိနှင့်ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာပြတိုက်များ ကောင်စီ (International Council of Museums) က

အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သို့ဖြစ်ရာ ဌာနနှင့်သက်ဆိုင်သည့် သမိုင်းမှတ်တမ်းများ၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အချိန်တိုအတွင်း တစ်နေရာတည်းတွင် လေ့လာပြီး ဗဟုသုတရရှိနိုင်မည့် နေရာတစ်ခု လိုအပ်လာပါသည်။ ထိုသို့လိုအပ်လာသည်နှင့်အမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းပြီးနောက် ပြည်ထောင်စုတရားစီရင်ရေးစနစ်၊ ဌာနများနှင့်သက်ဆိုင်သည့် သမိုင်းမှတ်တမ်းများ၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို နောက်လူငယ်မျိုးဆက်သစ်များ အချိန်တိုအတွင်းတစ်နေရာတည်းတွင် အလွယ်တကူသိရှိနိုင်စေရန် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၁၆) တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ဒုတိယထပ်ရှိ ယခင်ဥပဒေလုပ်ထုံးလုပ်နည်းဌာနရုံးခန်း (၄၃ ပေ × ၄၀ ပေ) နေရာ၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ပြတိုက်အဖြစ် ထားရှိဆောင်ရွက်ရန် ပြည်ထောင်စုတရားသူကြီးချုပ်က ခွင့်ပြုခဲ့ပါသည်။ ထို့နောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၂) ရက်တွင် ကျင်းပသော လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ပြတိုက်ဖွင့်လှစ်ထားရှိဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမော်ကွန်းတိုက် အခင်းအကျင်းများကို လေ့လာဆောင်ရွက်တင်ပြရန် ပြည်ထောင်စုတရားသူကြီးချုပ်က လမ်းညွှန်မှုပြုခဲ့ပါသည်။

ပြတိုက်အတွင်းတွင် ရှေးဓမ္မသတ်ကျမ်းတို့ကို ကောက်နုတ်စီစဉ်ပေါင်းစုကာ ဓမ္မသတ် (၃၆) စောင်ချုပ်ရေးသားပြုစုသဖြင့် ထင်ရှားသူ ကင်းဝန်မင်းကြီး ဦးကောင်း၏ပုံတူပန်းချီကား၊ မြန်မာနိုင်ငံ၏ ပထမဆုံးတရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ ဆာဘဦး၏ ပုံတူပန်းချီကား၊ တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိန်းမောင်၏ ပုံတူပန်းချီကားတို့ကို ချိတ်ဆွဲပြသထားပါသည်။ (၁၉၄၈) ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်သည့် တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးချုပ်၊ ဆာဘဦးမှစ၍ မျက်မှောက်ခေတ် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဦးထွန်းထွန်းဦးအထိ ခေတ်အဆက်ဆက် တရားစီရင်ရေးတာဝန်ထမ်းဆောင်ကြသည့် တရားသူကြီးချုပ်များ၏ မှတ်တမ်းဓာတ်ပုံများကို အစဉ်အတိုင်း ချိတ်ဆွဲပြသထားပါသည်။ ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် စတင်ဖွဲ့စည်းခဲ့သည့် (၂၀၁၁) ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်ကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ဓာတ်ပုံများကိုအစဉ်အတိုင်း ပြသထားပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၀၁၁–၂၀၁၅)၊ ဒုတိယသမ္မတ (၂) ဦး၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ မှတ်တမ်းဓာတ်ပုံ၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ (၂) ဦး၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးများ မှတ်တမ်းဓာတ်ပုံတို့ကိုလည်း ချိတ်ဆွဲပြသထားပြီး (၂၀၁၇–၂၀၁၈) ခုနှစ်အတွင်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ရိုက်ကူးထားကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ အစုလိုက် အဖွဲ့လိုက် မှတ်တမ်းဓာတ်ပုံများကိုလည်း ချိတ်ဆွဲပြသထားပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းပြီးနောက်ပိုင်း ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၁) မှ အမှတ်စဉ် (၂၈) ထိ ဒုတိယမြို့နယ်တရားသူကြီးများ၏ စုပေါင်းမှတ်တမ်းဓာတ်ပုံများကိုလည်း မှတ်တမ်းအဖြစ်ပြသထားပါသည်။

(၂၀၁၄) ခုနှစ်မှ (၂၀၁၉) ခုနှစ်အတွင်း အာဆီယံနိုင်ငံများတွင် အလှည့်ကျကျင်းပခဲ့သော အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေးများသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကိုလည်းပြသထားပါသည်။ နိုင်ငံတကာအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများအနေဖြင့် (၁၃-၉-၂၀၁၈) ရက်နေ့တွင် ထိုင်းနိုင်ငံ၌ကျင်းပသော မဟာမဲခေါင်ဒေသတွင်း နိုင်ငံများအတွင်း ကောင်းမွန်သောတရားစီရင်ရေးအပေါ် ယနေ့တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို တုံ့ပြန်ခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံသို့လည်းကောင်း၊ (၂၅-၉-၂၀၁၈) ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော (၁၀) ကြိမ်မြောက် အာရှ-ပစိဖိတ် နိုင်ငံတကာ ဥပဒေဖိုရမ်သို့ လည်းကောင်း၊ (၂၅-၁၁-၂၀၁၈) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင်ကျင်းပသော ပထမအကြိမ် ဘင်းမ်စတက်နိုင်ငံများမှ တရားစီရင်ရေးအကြီးအကဲများ စကားဝိုင်းဆွေးနွေးပွဲသို့လည်းကောင်း၊ (၁၄-၅-၂၀၁၉) ရက်နေ့တွင် ကျင်းပသော (၉) ကြိမ်မြောက် စိန့်ပီတာဇဘတ် နိုင်ငံတကာဥပဒေဖိုရမ် ဆွေးနွေးပွဲသို့ လည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သောအဖွဲ့ဝင်များ တက်ရောက် ခဲ့ကြသည့်မှတ်တမ်းဓာတ်ပုံများကို ပြသထားပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တရားရုံးစီရင်ဆုံးဖြတ်မှုဆိုင်ရာ အာရှ-ပစိဖိတ် တရားရေးညီလာခံကို (၂၉-၁၀-၂၀၁၈) ရက်နေ့မှ (၃၀-၁၀-၂၀၁၈) ရက်နေ့ထိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် နေပြည်တော်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံ များကိုလည်း ကြိုးပမ်းဆောင်ရွက်မှုများအဖြစ် မြင်တွေ့နိုင်ပါသည်။ (၁၅-၆-၂၀၁၆) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးတို့အကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးသည့်မှတ်တမ်းဓာတ်ပုံနှင့် (၁၀-၂-၂၀၂၀) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်တို့အကြား ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် မှတ်တမ်းဓာတ်ပုံ များကိုလည်း ပြသထားပါသည်။

ယနေ့မျက်မှောက်ခေတ် တရားစီရင်ရေးစနစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်း ဒေသကြီး/ပြည်နယ်တရားလွှတ်တော်၊ ခရိုင်နှင့်မြို့နယ်တရားရုံးများတွင် တရားသူကြီးများ၏အဆင့်အလိုက် ဝတ်စားဆင်ယင်မှုပုံစံ ဝတ်စုံများကို နမူနာအရုပ်များတွင်ဝတ်ဆင်ကာ လေ့လာသူများသိရှိနိုင်စေရန် သစ်သား မှန်ဗီရိုအတွင်း ခင်းကျင်းပြသထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဖြစ် စတင်ဖွဲ့စည်းပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်း တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည့် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးအဆောက်အဦသစ်များ၊ ဝန်ထမ်းအိမ်ရာများ၏ ဖွင့်ပွဲ အထိမ်းအမှတ် အလံတိုင်များ၊ အမှတ်တရပစ္စည်းများကို နှစ်အလိုက်စုစည်းထားရှိရာ အရေအတွက်အားဖြင့် အလံတိုင်ပေါင်း (၂၃) ခုနှင့် အမှတ်တရပစ္စည်း (၁၀) ခုရှိသဖြင့် မည်မျှကြိုးပမ်းတည်ဆောက်ခဲ့သည်ကို မြင်တွေ့နိုင်ပါသည်။ ထို့ပြင် တည်ဆောက်ဆဲ ချင်းပြည်နယ်တရားလွှတ်တော်နှင့် မွန်ပြည်နယ်တရား လွှတ်တော် (၃) ထပ် အဆောက်အဦပုံစံငယ် နှင့် တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခဲ့သည့် မန္တလေးခရိုင် တရားရုံးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး (၅) ထပ် RC အဆောက်အဦ ပုံစံငယ်တို့ကိုလည်း နမူနာအဖြစ် ပြသထားပါသည်။

ပြည်ပနိုင်ငံခရီးစဉ်များတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်

တရားသူကြီးများအား နိုင်ငံတကာမှပေးအပ်သဖြင့် လက်ခံရရှိခဲ့သည့် အမှတ်တရလက်ဆောင် အထိမ်းအမှတ်ပစ္စည်းများကိုလည်း ထိန်းသိမ်းထားရှိပါသည်။ အဆိုပါအမှတ်တရ အထိမ်းအမှတ်ပစ္စည်း (၆၆) ခုအား ရရှိခဲ့သည့် ခုနှစ်အလိုက် မှန်ဗီရို (၈) လုံးတွင် အစဉ်အတိုင်း လက်ခံသိမ်းဆည်း ပြသထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံမှ ရရှိခဲ့သော Global Arbitration Review Awards 2016 အထိမ်းအမှတ်ဆုကိုလည်း ပြသထားပါသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း (၇၀)ကျော်က ရေးဆွဲပြဋ္ဌာန်းခဲ့သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအဟောင်းကို ရုပ်သိမ်းပြီး UNCITRAL Model Law ကိုအခြေခံ၍ New York Conventionပါစည်းကမ်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအသစ်ကို အချိန်တိုအတွင်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် ကျွမ်းကျင်ပညာရှင်များဦးဆောင်၍ အင်္ဂလန်နိုင်ငံ၌ ၂၀၀၆ တွင် စတင်တည်ထောင်ခဲ့သည့် Global Arbitration Review ( GAR ) အဖွဲ့အစည်းက ၂၀၁၆ ခုနှစ်၊ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်သည့် The 6th Annual GAR Awards Ceremony တွင် " The award for the jurisdiction that has made great process" ဆုကို ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဖြစ် စတင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်မှုသမိုင်းအစဉ်အဆက်များကို ပြတိုက်အတွင်းအလွယ်တကူ လေ့လာသိရှိနိုင်မည်ဖြစ်ပြီး နှစ်အလိုက် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း မြင်တွေ့သိရှိနိုင်မည်ဖြစ်သဖြင့် တာဝန်ထမ်းဆောင်ကြမည့် တရားရေးဌာနမျိုးဆက်သစ်များအနေဖြင့် တန်ဖိုးထားလက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရမည့် အမွေအနှစ်တစ်ခု ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**အေးချမ်းညီ (တရားရေး)**

**ကျမ်းကိုးစာရင်း**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

၂။ အတွဲ (၃)၊ အမှတ် (၇)၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်ထုတ် တရားရေးဂျာနယ် ဆောင်းပါးရှင် Dr.အိအိခင်(တရားရေး)၏ မြန်မာနိုင်ငံ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆)နှင့် Global Arbitration Review Awards

## ကိုဗစ်နှင့် နည်းပညာ၊ မီဒီယာအပါ ဗျူဟာအရွေ့

ဇော်မင်းအောင်(တရားရေး)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသော ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှုဆိုသည့် တရားရုံး၏တန်ဖိုးများအပေါ်အခြေခံလျက် အများပြည်သူသို့ အမြဲတစေ ဖြည့်ဆည်းပေးနေရမည်ဖြစ်ကြောင်း ခံယူထားပြီးဖြစ်ပါသည်။

သို့သော်လည်း Coronavirus Disease 2019 (COVID-19) ဆိုသည့် ကပ်ရောဂါကြီး ကျွန်ုပ်တို့ရှင်သန်နေထိုင်ရာကမ္ဘာကြီးသို့ မဖိတ်ခေါ်ဘဲ ဝင်ရောက်လာခဲ့ခြင်းကြောင့် နိစ္စဓူဝလုပ်ငန်းများကို တုံ့ဆိုင်းစေခဲ့သည်။ နှောင့်နှေးကြန့်ကြာသွားစေခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ဝန်းကျင်ခန့်မှစ၍ COVID-19 ကပ်ရောဂါ ပထမလှိုင်း ရိုက်ခတ်ခဲ့ပြီးနောက် စက်တင်ဘာလခန့်မှစတင်ကာ COVID-19 ကပ်ရောဂါ၏ ဒုတိယလှိုင်းဒဏ်ကိုခံခဲ့ရသည်။ နေရာဒေသအလိုက် အသွားအလာကန့်သတ်ခြင်း၊ လူစုလူဝေးများကိုရှောင်ရှား၍ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း (Physical Distancing)၊ နှာခေါင်းနှင့်ပါးစပ်စည်း (Mask) တပ်ဆင်ခြင်း၊ မျက်နှာအကာအကွယ် (Face Shield) တပ်ဆင်ခြင်း၊ စနစ်တကျလက်ဆေးခြင်းအစရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများကို ပြည်သူလူထုပူးပေါင်းပါဝင်လာစေရန် သက်ဆိုင်ရာဌာနများက အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရသည့်အပြင် အသိပညာပေးအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြရသည်။

COVD-19 ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် လူ့အဖွဲ့အစည်းနှင့် အစိုးရ၊ ပုဂ္ဂလိက စသည့် ကဏ္ဍပေါင်းစုံ၏ လုပ်ငန်းများအပေါ် ကြီးစွာသောအကျိုးသက်ရောက်မှုများ၊ စိန်ခေါ်မှုများဖြစ်ပေါ်စေသကဲ့သို့ တရားရုံးအဆင့်ဆင့်တွင်လည်း ပုံမှန်လုပ်ငန်းစဉ်များ မောင်းနှင်လည်ပတ်ရာ၌ အခက်အခဲ အတားအဆီးများ တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။

တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားရုံးများနှင့် စပ်လျဉ်းသည့် COVID-19 ကပ်ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးတွင် တရားသူကြီးများ၊ ရုံးဝန်ထမ်းများအပြင် သက်ဆိုင်ရာ အမှုသည်များ၊ ရှေ့နေရှေ့ရပ်များ၊ တရားရုံးအသုံးပြုသူများ အားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အရေးပါလှပေသည်။

သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်အောက်တရားရုံးအသီးသီးသို့ အမိန့်များ၊ ညွှန်ကြားချက်များ၊ အများပြည်သူဆိုင်ရာ အသိပေးကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခဲ့သည်။ ထိရောက်သော ကာကွယ်မှုများဖြစ်စေရေး ကြိုတင်စီမံမှုနှင့်အတူ တစ်ဆက်တည်းပင် နည်းပညာစွမ်းဆောင်ရည်များမြှင့်တင်ကာ လိုအပ်သည့်ပြင်ဆင်မှုများဖြင့် စနစ်တကျ စုဖွဲ့ဆောင်ရွက်ခဲ့ကြသည်။

ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို အထူးအလေးထားလျက် လူအများနှင့်ထိတွေ့ဆက်ဆံရသည့် တရားရုံးများ၊ တရားခွင်များအတွင်း ဝင်ရောက်ခွင့်ပြုရေးကို တရားရုံး အသုံးပြုသူအသီးသီးအပေါ် ကန့်သတ်မှုများလုပ်ဆောင်ခဲ့ရသည်။

ယင်းကာလများအတွင်း အချို့သောတရားရုံးများတွင် COVID-19 ကပ်ရောဂါဆိုင်ရာ ရာဇဝတ်မှုများအပါအဝင် မဖြစ်မနေအရေးပေါ်ဆောင်ရွက်ရမည့် မှုခင်းကိစ္စရပ်များကိုသာ ကြားနာမှုပြုလုပ်ခဲ့ရသည်မှတစ်ပါး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ရွှေ့ဆိုင်းထားခဲ့ရသည်။

တရားရုံးပရဝုဏ်အတွင်း ဝင်ရောက်မှုများ ကန့်သတ်ထားရသဖြင့် တစ်ဖက်တွင်လည်း တရားစီရင်ဆောင်ရွက်ချက်များ နှောင့်နှေးကြန့်ကြာမှုပေါ်ပေါက်လာရသည်။ ထိုသို့ နှောင့်နှေးကြန့်ကြာမှုများသည် လက်အောက်တရားရုံးအဆင့်ဆင့်သာမက ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ စိန်ခေါ်မှုများနှင့် တွေ့ကြုံခဲ့ရသည်။

COVID-19 ကပ်ရောဂါသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေး၊ တရားမျှတမှုနှင့် တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီရေးတို့ကို ထိခိုက်လာခဲ့ပြီး တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကိုပင် ရေရှည်ရိုက်ခတ်မှုရှိလာတော့မည်ဖြစ်ကြောင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် သတိပြုမိလာသည်နှင့်အညီ လုပ်ငန်းဆောင်တာများ တတ်နိုင်သ၍ လည်ပတ်နိုင်ရေးကို ထည့်သွင်းစဉ်းစားရပါတော့သည်။

(၅)နှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၊ မဟာဗျူဟာလုပ်ငန်းနယ်ပယ်-၅၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုဆိုသည့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများအချိန်မီပြီးစီးနိုင်မှု အစိတ်အပိုင်းကို အထိအခိုက်နည်းပါးစေရေးနှင့် တရားရုံးများ၏ မှုခင်းဆိုင်ရာဆောင်ရွက်ချက်များကို အများပြည်သူသို့ ထုတ်ပြန်ပေးနိုင်ရေးအတွက် COVID-19 ကပ်ရောဂါအကြပ်အတည်းကာလဒေသတွင်းနှင့် နိုင်ငံတကာမှ တရားစီရင်ရေးဆိုင်ရာ တုန့်ပြန်ဖြေရှင်းသည့် နည်းနာကောင်းများကို လေ့လာမှု ပြုခဲ့ရသည်။

တရားရုံးများအား လူထုယုံကြည်မှုနှင့် ကိုးစားမှုရရှိစေရန် လုပ်ထုံးလုပ်နည်းမျှတမှု (Procedural Fairness)၊ လူထုထံသို့ သတင်းအချက်အလက် ပြန်ကြားခြင်း (Public Information)၊ လူထုဖြန့်ကျက်ဆက်သွယ်ခြင်း (Community Outreach) ဆိုသည့် ကဏ္ဍ(၃)ရပ်ကိုပါ ထည့်သွင်းဆောင်ရွက်ရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် တရားရုံးများအနေဖြင့် မိမိတို့၏ရည်မှန်းချက်များ မည်သို့ချမှတ်ထားသည်၊ မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်ကို ပြည်သူလူထုအကြားသို့ အသိပေးမှုမြှင့်တင်ရန်အတွက်

တရားမျှတမှု လက်လှမ်းမီရရှိရေး၊ ဆက်သွယ်ရေးနှင့် တာဝန်ယူ တာဝန်ခံမှုရှိရေးတို့အား တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လှပါသည်။

သို့ဖြစ်ရာ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်–၂ အတွင်းရှိ မဟာဗျူဟာအစီအစဉ် – ၂.၁.၂ အရ တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုတိုးတက်စေခြင်းဆိုသည့် ရည်မှန်းချက်နှင့်အညီ တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကို အများပြည်သူသိရှိစေအောင် မီဒီယာလုပ်ငန်းစဉ်ဖြင့် ကျင့်သုံးဆောင်ရွက်ရပါသည်။

ယနေ့ကမ္ဘာတွင် မီဒီယာလုပ်ငန်းစဉ်ဖြင့် သတင်းအချက်အလက်များ လက်လှမ်းမီရေးဆောင်ရွက်ရာ၌ IT နည်းပညာသည် အရေးပါသောမောင်းနှင်အားတစ်ခုအဖြစ် ခံယူထားပြီး ယခုအခါတွင် တရားစီရင်မှုကိစ္စရပ်များ ဆက်လက်လည်ပတ်နိုင်ရေးအတွက် ဖြေရှင်းမှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထိရောက် တွင်ကျယ်စွာ အသုံးပြုလာကြသဖြင့် ပို၍ပင်အရေးပါနေပြီဖြစ်ကြောင်း မြင်တွေ့ကြရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ နည်းပညာကို အကျိုးရှိစွာအသုံးချ၍ သတင်းအချက်အလက်များကို မြန်ဆန်ထိရောက်စွာ ထုတ်ပြန်ပေးနေသည့် ခေတ်ကာလဖြစ်သည်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဖွင့်လှစ်ထားသည့် Facebook လူမှုကွန်ယက်စာမျက်နှာမှ တစ်ဆင့်လည်း ပြည်သူလူထုအတွင်းသို့ သတင်းအချက်အလက်များ လျင်မြန်စွာ စီးဆင်းစေခဲ့သည်။ ထို့အပြင် IT နည်းပညာပိုင်းဆိုင်ရာကို နောက်ကျကျန်ရစ်မှုမရှိစေရေး၊ e-Government ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်အတွင်း ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ခဲ့သည်။ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂) ၏ တတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၀) အတွင်းရှိ မဟာဗျူဟာလုပ်ငန်းနယ်ပယ်–၂၊ မဟာဗျူဟာအစီအစဉ်– ၂.၁.၃ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ကို Web Portal အသွင်ကူးပြောင်းခြင်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် (၁၄)ခု ၏ Website များကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြင့်လည်းကောင်း အများပြည်သူသို့ သတင်းအချက်အလက်များ အချိန်မီလွှင့်တင်နိုင်ခဲ့ပြီလည်းဖြစ်ပါသည်။

ထိုကဲ့သို့ မဟာဗျူဟာရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့်အညီ တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုအတွင်းသို့ အချိန်မီရောက်ရှိစေရေးအတွက် COVID-19 ကပ်ရောဂါကာလမတိုင်မီ ကြားနာပြီးဖြစ်သည့် မှုခင်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website နှင့် Facebook လူမှုကွန်ယက်စာမျက်နှာများမှတစ်ဆင့် COVID-19 ကပ်ရောဂါကာလအတွင်း Online မှ Live Streaming ဖြင့် တိုက်ရိုက်ထုတ်လွှင့်ကာ စီရင်ချက်များချမှတ်ရန် စီစဉ်ခဲ့ရပါသည်။ တစ်ဆက်တည်းပင် Website နှင့် Facebook မှတဆင့် ကြားနာပြီးမှုခင်းများကို Video Conferencing စနစ်ဖြင့် စီရင်ချက်များ ချမှတ်တော့မည်ဖြစ်ကြောင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၃–၁၁–၂၀၂၀ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် စီရင်ချက်များချမှတ်ခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ကာ ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ (ရုံးပိတ်ရက်များ မပါ) (၈)ရက်တာအတွင်း Video Conferencing ဖြင့် Online မှ Live Streaming တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

အဆိုပါ စီရင်ချက်များကို ကြိုတင်ကြော်ငြာထားသည့် သတ်မှတ်နေ့ရက်အလိုက် ချမှတ်ဆောင်ရွက်ခဲ့ရာ ရာဇဝတ်အထူးအယူခံမှု (၄)မှု၊ ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး) (၂၆)မှု၊ သေဒဏ်အတည်ပြုမှု

(၂)မှု၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (၁)မှု၊ ရာဇဝတ်အယူခံမှု (၁၆)မှု၊ ရာဇဝတ်ပြင်ဆင်မှု (၂၄)မှု၊ ရာဇဝတ် အထွေထွေလျှောက်ထားမှု(စာချွန်တော်) (၁၀)မှု စုစုပေါင်းရာဇဝတ်ဆိုင်ရာအမှု(၈၃)မှုကိုလည်းကောင်း၊ တရားမအထူးအယူခံမှု (၆)မှု၊ တရားမအထွေထွေလျှောက်လွှာ(အထူး) (၈၉)မှု၊ တရားမအယူခံမှု (၄၀)မှု၊ တရားမပြင်ဆင်မှု(၃၀)မှု၊ တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၂၃)မှု စုစုပေါင်း တရားမဆိုင်ရာအမှု (၁၈၈)မှုကိုလည်းကောင်း စီရင်ချက်များချမှတ်နိုင်ခဲ့သဖြင့် ကြိုတင်ကြော်ငြာထားသည့်အတိုင်း ရာဇဝတ်ဆိုင်ရာအမှု (၁၀၀%) နှင့် တရားမဆိုင်ရာအမှု (၁၀၀%)ဆောင်ရွက်နိုင်ခဲ့သည်။

Online မှ Live Streaming ဖြင့် တိုက်ရိုက်ထုတ်လွှင့်ကာ စီရင်ချက်ချမှတ်နေမှုအား ဝင်ရောက်ကြည့်ရှုသူများကို နေ့စဉ်စစ်တမ်းကောက်ယူခဲ့ရာ လူဦးရေ ထောင်ကျော်သည်အထိ များပြားခဲ့ကြောင်းလည်း တွေ့ရှိရသည်။

ဆက်လက်ပြီးလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းထားသော ရာဇဝတ်နှင့် တရားမဆိုင်ရာမှုခင်းများကို ၂၁-၁၂-၂၀၂၀ ရက်နေ့မှ စတင်ကာ Video Conferencing စနစ်ဖြင့် လက်ခံသင့်/မသင့်ကြားနာမည်ဖြစ်ကြောင်းကို Website နှင့် Facebook မှတဆင့် ၂၅ ၁၁-၂၀၂၀ ရက်စွဲဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ကြားနာခြင်းကို အမှုနှင့်သက်ဆိုင်သူများ၏ သဘောတူညီချက်များရယူကာ ၂၁-၁၂-၂၀၂၀ နေ့မှ ၃၀-၁၂-၂၀၂၀ ရက်နေ့အထိ (ရုံးပိတ်ရက်များမပါ) (၇)ရက်တာအတွင်း ကြိုတင်ကြော်ငြာထားသည့် သတ်မှတ် နေ့ရက်အလိုက်ဆောင်ရွက်ခဲ့ရာ ရာဇဝတ်အယူခံမှု(၃)မှု ရာဇဝတ်ပြင်ဆင်မှု(၅၃)မှု စုစုပေါင်း ရာဇဝတ်ဆိုင်ရာ အမှု(၅၆)မှုကိုလည်းကောင်း၊ တရားမအယူခံမှု(၁၆)မှု၊ တရားမပြင်ဆင်မှု(၁၉)မှု စုစုပေါင်း တရားမဆိုင်ရာ အမှု(၃၅)မှုကိုလည်းကောင်း လက်ခံသင့်/မသင့် လျှောက်လဲချက်များ ကြားနာဆုံးဖြတ်ခဲ့သည်။

ကြိုတင်အမှုခေါ်ကြော်ငြာထားစဉ်က ရာဇဝတ်ဆိုင်ရာအမှု(၇၂)မှု၊ တရားမဆိုင်ရာအမှု(၇၀)မှုကို လက်ခံသင့်၊ မသင့် လျှောက်လဲချက်ပေးကြရန်ဖြစ်သော်လည်း နည်းပညာအခက်အခဲကြောင့် ရွှေ့ဆိုင်းပေးရန် အချို့သောအမှုနှင့်သက်ဆိုင်သူများ၏ အကြောင်းကြားချက်အရ ရွှေ့ဆိုင်းပေးလိုက်ရသည်မှတစ်ပါး ရာဇဝတ်ဆိုင်ရာအမှု (၇၇.၇၇ %) နှင့် တရားမဆိုင်ရာအမှု (၅၀ %)ကို လက်ခံသင့်၊ မသင့် လျှောက်လဲချက် ကြားနာနိုင်ခဲ့သည်။

ထို့ပြင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းပြုကြသည့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်လျှောက်ထားဆဲ အထက်တန်းရှေ့နေများအတွက်လည်း Video Conferencing အသုံးပြုကာ Online မှတစ်ဆင့် Virtual စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ် သွားမည်ဖြစ်ကြောင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၆-၁၁-၂၀၂၀ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပြီး ၂၁-၁၂-၂၀၂၀ ရက်နေ့က အထက်တန်းရှေ့နေ(၁၆၄)ဦးတို့ကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

COVID-19 ကပ်ရောဂါကာလအတွင်း ထိုကဲ့သို့ နည်းပညာကိုအသုံးချ၍ Website နှင့် Facebook တို့မှတစ်ဆင့် စီရင်ချက်များ ချမှတ်ခြင်းဖြင့်လည်းကောင်း၊ အမှုများကြားနာခြင်းဖြင့်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ရာတွင်လည်းကောင်း အကျိုးသက်ဆိုင်သူများအနေဖြင့် တရားရုံးပရဝုဏ်အတွင်း ခြေချခြင်းပင်ပြုရန်မလိုအပ်တော့ချေ။ သမရိုးကျစီရင်ချက်များချမှတ်စဉ်က တရားခွင်အတွင်း ဝင်ရောက်လေ့လာခွင့်မှာ အခန်းအကျယ်အဝန်းအရ လူဦးရေကန့်သတ်မှုရှိသော်လည်း

Online မှ Live Streaming ဖြင့် တိုက်ရိုက်ထုတ်လွှင့်ဆောင်ရွက်ပေးခဲ့ခြင်းအားဖြင့် အများပြည်သူ၊ အမှုနှင့်သက်ဆိုင်သူ၊ ဥပဒေပညာသင်ယူနေကြသည့် ကျောင်းသားကျောင်းသူများအနေဖြင့် အကန့်အသတ်မဲ့ လေ့လာခွင့်ရရှိခဲ့သည်။ အလားတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းထားသည့် လက်ခံသင့်၊ မသင့် ကြားနာရန်စောင့်ဆိုင်းနေရသော မှုခင်းများအတွက် Online မှ လျှောက်လဲချက်တင်သွင်းခွင့် ရရှိခဲ့ခြင်းဖြင့်လည်း အမှုနှင့်သက်ဆိုင်သူများအတွက် အချိန်ကုန်၊ လူပမ်း၊ စရိတ်ထောင်းခြင်းဒဏ်မှ ကင်းဝေးစေသည့်အပြင် အမှုနှင့်ပတ်သက်၍ အချိန်မီပြီးစီးမှုအကျိုးကိုလည်း ခံစားရရှိစေပါသည်။ တစ်ပြိုင်တည်းပင် တရားလွှတ်တော် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို Online မှ Virtual စနစ်ဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့ခြင်းဖြင့် တရားလွှတ်တော် ရှေ့နေလိုင်စင်လျှောက်ထားဆဲ အထက်တန်းရှေ့နေများအတွက် အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိစေခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်ချက်အသီးသီးသည် အများပြည်သူ၏လိုအပ်ချက်ကို လက်လှမ်းမီနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖော်ဆောင်ပေးခဲ့သည့် ထိရောက်သော ပြည်သူ့ဝန်ဆောင်မှုများလည်း ဖြစ်ခဲ့သည်။

COVID-19 ကပ်ရောဂါကာလအတွင်း ထိုကဲ့သို့ နည်းပညာအကူအညီဖြင့် အတားအဆီးများကို တုန့်ပြန် ဖြေရှင်းပေးခဲ့ခြင်းသည် သက်ဆိုင်သူတိုင်းအတွက် အတွေ့အကြုံအသစ်ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လုပ်ထုံးလုပ်နည်းမျှတမှု (Procedural Fairness) ကို ထိခိုက်လျော့ပါးစေခြင်း အလျှင်းမရှိခဲ့ချေ။ အဝေးမှ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ရခြင်းဖြင့်အဆင်ပြေချောမွေ့မှုရှိပြီး အချိန်နှင့်ကုန်ကျစရိတ်များသက်သာစေခဲ့ကြောင်းကို ယေဘုယျအားဖြင့် လက်ခံရမည့် သိသာထင်ရှားသော ရလဒ်တစ်ခုလည်းဖြစ်ခဲ့သည်။

သို့ဖြစ်ရာ COVID-19 ကပ်ရောဂါသည် ကျွန်ုပ်တို့၏ နေထိုင်မှု၊ လုပ်ငန်းဆောင်တာများလည်းပတ်မှုနှင့် ဆက်ဆံပြောဆိုမှုနည်းလမ်းများကို ပြောင်းလဲပေးစေရုံသာမက တရားစီရင်ရေးယန္တရားအနေဖြင့် COVID-19 ကပ်ရောဂါကြောင့်ဖြစ်ပေါ်လာသည့် အတားအဆီးများ၊ စိန်ခေါ်မှုများကြားမှ ပြည်သူလူထုအား မြန်ဆန်ထိရောက်စွာ ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ထိထွင်ကြံဆမှုများလုပ်ဆောင်ရန် အခွင့်အလမ်းများလည်း ဖြစ်ပေါ်စေခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း COVID-19 ကပ်ရောဂါ၏ အကျပ်အတည်းကာလအတွင်း တရားစီရင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ခွင့် ရရှိစေရန် ကြန့်ကြာနေသော လုပ်ငန်းဆောင်တာများကို တရားစီရင်ရေးမဟာဗျူဟာအရ ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များအတိုင်း IT နည်းပညာနှင့် မီဒီယာလုပ်ငန်းစဉ် ပေါင်းစပ်၍ အများပြည်သူအကျိုးအတွက် မြန်ဆန်ထိရောက်စွာ ဖော်ဆောင်ပေးခဲ့ခြင်းအားဖြင့် " အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့ " ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်လင့်တကူ တိုးတက်စေခဲ့သည်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ဇော်မင်းအောင်(တရားရေး)**

# မျှတမှုနှစ်ထပ်ကိန်း

**သက်ဇော်နိုင်**

လွန်ခဲ့သော (၇)နှစ်ခန့်က အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းသို့ တက်ရောက်ခဲ့သည့် တရားရေးအရာရှိတစ်ဦးနှင့် စကားပြောဖြစ်သည်။ သူက သင်တန်းတွင် အဖွဲ့လိုက် စာတမ်းဖတ်ပွဲများ ပြုလုပ်ရကြောင်း၊ သူပါဝင်သည့် အစုအဖွဲ့တွင် ဥပဒေဘာသာရပ် စာတမ်းဖတ်ခဲ့ကြောင်း ပြောသည်။ ဌာနဆိုင်ရာ ပေါင်းစုံတက်ရောက်ခဲ့သည့် ထိုသင်တန်းတွင် သူက ကလေးသူငယ်ဥပဒေအကြောင်း ဖတ်ကြားခဲ့ကြောင်း ပြောသည်။ စာတမ်းဖတ်ပွဲတွင် သူကကလေးသူငယ်ဥပဒေကို ရွေးချယ်ရခြင်းမှာ အများစုသည် အရွယ်ရောက်ပြီး သူလူကြီးများနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများကို ရင်းနှီးကျွမ်းဝင်ကြပြီး ကလေးသူငယ် နှင့် ပတ်သက်၍ ဥပဒေရေးရာများ သိရှိကြသူ နည်းပါးနိုင်သဖြင့် ရွေးချယ်ရခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်ဟု ဆိုသည်။ စာတမ်းဖတ်ပွဲတွင် ကလေးသူငယ်အမှုများ စစ်ဆေးစီရင်ရာ၌ ဝရမ်းမှုနှင့် သမ္မာန်မှုခွဲခြားမှုအကြောင်းကို ရှင်းပြရင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါ ဝရမ်းမှုနှင့် သမ္မန်မှု ခွဲခြားမှုနှင့် ကလေးသူငယ်ဥပဒေတွင် ဝရမ်းမှုနှင့် သမ္မန်မှု ခွဲခြားမှု မတူညီကြောင်းပါ ရှင်းပြခဲ့သည်ဟု ဆိုသည်။ သူက တရားရုံးရှေ့တွင် သက်သေလာရောက်ထွက်ဆိုရန်ရှိလျှင် သာမန်အားဖြင့် တစ်ကြိမ် ရုံးရှေ့ ထွက်ဆိုလျှင် ပြီးဆုံးပြီဟု ပြောဆိုနိုင်သော်လည်း ဝရမ်းမှု စစ်ဆေးရာတွင် စွပ်စွဲခံရသူ တရားခံအနေဖြင့် စွဲချက်တင်ခံရပြီးနောက် စစ်ဆေးပြီးသည့် တရားလိုပြသက်သေများကို ထပ်မံခေါ်ယူမေးမြန်းနိုင်သည့် အခွင့်အရေးရှိကြောင်း၊ သို့ဖြစ်၍ ဝရမ်းမှု စစ်ဆေးရာတွင် တရားလိုပြသက်သေအဖြစ် တရားရုံးရှေ့တွင် အစစ်ဆေးခံပြီးသော်လည်း နောက်တစ်ကြိမ် ထပ်မံထွက်ဆိုရန်အကြောင်း ပေါ်ပေါက်နိုင်ကြောင်း၊ အဆိုပါ အခွင့်အရေးမှာဥပဒေအရ တရားခံအား ပေးအပ်ထားသည့် အခွင့်အရေးဖြစ်ကြောင်း ရှင်းပြခဲ့သည်ဟု ပြောသည်။ သက်သေတစ်ယောက်အနေဖြင့် တရားရုံးသို့ (၂)ခေါက် သက်သေခံသွားရောက်ရန် ကြုံတွေ့နိုင်ကြောင်းကို ကလေးသူငယ်ဥပဒေနှင့် မသက်ဆိုင်သော်လည်း ဥပဒေဗဟုသုတအဖြစ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

× × × × × ×

မကြာသေးမီက စာအုပ်ဟောင်းဆိုင်တစ်ဆိုင်တွင် စာအုပ်ကြည့်ရင်းကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်၊ ဇူလိုင်လက Version 02 ဖြင့် ဖြန့်ဝေသော မွှခင်းဆေးပညာဆိုင်ရာ လမ်းညွှန်စာအုပ်တွေ့၍ ဖတ်ကြည့်မိသည်။ ထိုလမ်းညွှန်စာအုပ်မှာ ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်များအားလုံး အသုံးပြုနိုင်ရန် ဖြန့်ဝေထားသည့် လမ်းညွှန်စာအုပ်ဟု ဖော်ပြထားသည်။ အဆိုပါ လမ်းညွှန်စာအုပ်တွင် "တရားသူကြီးများအတွက် ပြည်သူ့ဆေးရုံ၏ လုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းမေတ္တာရပ်ခံချက်" ဟူသည့် အခန်းတစ်ခန်းပါဝင်သည်။ ထိုအခန်း၏ အပိုဒ်(စ)တွင် "ဆရာဝန်များမှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်း၊ ဘွဲ့လွန်သင်တန်းများတက်ရောက်ရခြင်း၊ အလုည့်ကျတရားရုံးသက်သေခံလာရခြင်းတို့ကြောင့် ပြန်ခေါ်သက်သေကိစ္စများကို တတ်နိုင်သမျှနည်းအောင် ဆောင်ရွက်သင့်ပါသည်။ ပြန်ခေါ်သက်သေခေါ်လျှင် အချိန်များစွာ ကြန့်ကြာမည်ဖြစ်ပါသည်"ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

တရားရုံးများလက်စွဲ အပိုဒ် ၆၁၀ တွင် ရာဇဝတ်မှုများတွင်သက်သေခံရန် ဆေးဘက်ဆိုင်ရာ အရာရှိတို့ကို ၎င်းတို့ အလုပ်လုပ်ရာ အရပ်ဒေသများမှ လာရောက်ရန် ဆင့်ခေါ်သည့်အတွက် ကသိကအောက်ဖြစ်စေခြင်းကို လျော့နည်းစေရန် လိုက်နာရမည့်အချက်များကို ဖော်ပြထားသည်။ ထို့အပြင် အပိုဒ် ၆၁၁ တွင် ဆေးဘက်ဆိုင်ရာ

အရာရှိမှာ မိမိအလုပ်လုပ်ရာ အရပ်ဒေသတွင်မရှိခြင်းကြောင့် ဆေးဝါးကုသရန်လိုသော သူတို့အား အကြီးအကျယ် ဆုံးရှုံးနစ်နာမှု မဖြစ်စေနိုင်သည်ကို အားလုံးသော ရာဇဝတ်တရားသူကြီးတို့ နှလုံးပိုက်ကြရမည်ဟု အစချီ၍ ဆေးဘက်ဆိုင်ရာ သက်သေများ စစ်ဆေးခြင်းကို ထပ်မံအလေးနက်ပြုထားသည်။

တရားရုံးများအနေဖြင့် လိုအပ်၍ ဆေးဘက်ဆိုင်ရာသက်သေများသက်သေခံရန် လာရောက်ပါက ချောမွေ့နိုင်သမျှ ချောမွေ့စေရန်၊ အဆင်ပြေနိုင်သမျှ အဆင်ပြေစေရန်၊ အချိန်လျော့နည်းနိုင်သမျှ လျော့နည်းနိုင်စေရန် တရားရုံးများလက်စွဲတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

သို့သော် ပြန်ခေါ်သက်သေကိစ္စမှာ စွပ်စွဲခံရသူတရားခံအား ဥပဒေကပေးထားသော အခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးကို ထိခိုက်အောင် တရားရုံးအနေဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်။ ဆောင်ရွက်ခွင့်လည်း ရှိမည်မဟုတ်။

× × × × × ×

ဝရမ်းမှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ အရ စွဲချက်မတင်မီ တရားလိုပြသက်သေများကို တရားခံက ပြန်လှန်စစ်မေးနိုင်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ က စွဲချက်တင်ပြီးနောက် ယခင်ပြန်လှန်စစ်မေးခဲ့သော တရားလိုပြသက်သေများကို ဒုတိယအကြိမ် ပြန်လှန်စစ်မေးနိုင်သည့် အခွင့်အလမ်း ပြဋ္ဌာန်းထားသည်။ တရားလိုပြသက်သေများကို ပထမအကြိမ် ပြန်လှန်စစ်မေးခွင့်ရစဉ်က ပြန်လှန်စစ်မေးခဲ့သည်ဖြစ်စေ၊ မမေးခဲ့သည်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ အရ ပြန်လှန်စစ်မေးခွင့်သည် ဥပဒေက ပေးထားသည့် အခွင့်အရေးဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ အရ သက်သေများကို ပြန်ခေါ်သည့် ကိစ္စတွင် တရားရုံး အနေဖြင့် ပြန်ခေါ်ပေးရန်သင့်၊ မသင့် စဉ်းစားဆုံးဖြတ်ခွင့် မရှိ။ စွဲချက်မတင်မီက သက်သေများကို ပြန်လှန်စစ်မေးခဲ့ရုံမျှဖြင့် တရားခံ၏ အခွင့်အရေးကို ထိခိုက်ခြင်းမရှိ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ ကို လိုက်နာရန် ပျက်ကွက်ခြင်းသည် တရားမျှတမှုကို ထိခိုက်သည်ဖြစ်စေ၊ မထိခိုက်သည်ဖြစ်စေ အမှုပျက်ပြယ်သည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၆ အရ တရားခံက ရရှိသည့်အခွင့်အရေးသည် အကန့်အသတ်မရှိသော အခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးကို ငြင်းပယ်ရန် တရားသူကြီးတွင် အခွင့်အာဏာ မရှိပေ။ တရားခံကို ခုခံချေပချက် အခွင့်အရေး အပြည့်အဝပေးရန်ဖြစ်သဖြင့် အမှုကြန့်ကြာသည်ဆိုသော အကြောင်းဖြင့် ဥပဒေကပေးသည့် ထိုအခွင့်အရေးကို တရားရုံးက ငြင်းဆိုခွင့် မရှိပေ။ စွဲချက်တင်ပြီးနောက် စစ်ဆေးပြီးသော တရားလိုပြသက်သေများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ အရ တရားခံက ပြန်ခေါ်စစ်မေးနိုင်ခွင့်နှင့် စပ်လျဉ်း၍ စီရင်ထုံးအသီးသီးတွင် အထက်ပါအတိုင်း ညွှန်ပြ သုံးသပ် ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

× × × × × ×

ထင်ရှားသော ဥပဒေပညာရှင် ဆရာဦးမြကြ ၎င်း၏ "သောင်းပြောင်းထွေလာ ဥပဒေပြဿနာအမှတ်(၉)" စာအုပ်တွင် ပြန်ခေါ်သက်သေအခွင့်အရေးနှင့် စပ်လျဉ်း၍ ၎င်း၏အမြင်ကို အောက်ပါအတိုင်း ရေးသားထားသည်ကို မှတ်သားရပါသည်–

"တရားခံဖက်မှ စစ်ဆေးပြီးသော တရားလိုပြသက်သေများကို ပြန်ခေါ်စစ်ဆေးခြင်းသည် (အမှန်ကို ဖော်ထုတ်ရာ၌) များစွာ အထောက်အကူဖြစ်စေသည်။ သို့ကြောင့်လည်း ယင်းအခွင့်အရေးကို ဥပဒေတွင် အသိအမှတ်ပြုထားခြင်း ဖြစ်သည်။ တစ်ဖက်တွင် တရားခံဖက်မှ ပြန်ခေါ်သက်သေ စစ်ဆေးခွင့်ကို

အလွဲသုံးစားပြုသည်ဟု စွပ်စွဲလိုကြသည်။ မှန်သင့်သလောက်မှန်ပါသည်။ မြန်ဆန်ရေးသမားများက ထိုအခွင့်မျိုး မပေးသင့်ဟု ဆိုလာကြသည်။ သက်သေစစ်တုန်းက ပြန်လှန်မေးခွင့်ရပြီးသားပဲ။ အခွင့်အရေးထပ်ပေးဖို့ မလိုပါဘူး၊ အပိုပါဟု ဆိုကြသည်။ ပြန်ခေါ်သက်သေ စစ်ဆေးတော့မှ တရားခံဖက်က ဆင်သည့် ဇာတ်လမ်းသည် နောက်မှ အကြံရ၍ ဖန်တီးယူတာပါဟု စွပ်စွဲသည်အထိ အတင့်ရဲလာသည်။ တရားခံဖြစ်ဖူးမှ ထိုအခွင့်အရေး အဖိုးတန်ပုံကို ကောင်းစွာ သဘောပေါက်ကြပေလိမ့်မည်။ သက်သေများကို ပြန်လည် ခေါ်ယူစစ်ဆေးခြင်း၏ အကျိုးကျေးဇူး အများအပြားရှိသည်။ ထိုအခွင့်အရေးကို ဖြတ်တောက်ပစ်လျှင် မှန်မှန်ကန်ကန် တရားစီရင်ခြင်းကို အနည်းနှင့် အများ ထိခိုက်မည်ဖြစ်သည်။ တစ်ဖက်တွင် တရားခံဘက်မှလည်း အမှုကြန့်ကြာစေရန် ဖန်တီးသည့်အနေဖြင့် အဆိုပါ အခွင့်အရေးကို အလွဲသုံးစား မသုံးသင့်။ အကျိုး ဖြစ်ထွန်းစေသည့် ပြဋ္ဌာန်းချက် (a heal by provision)ကို နှစ်ဦးနှစ်ဖက် မျှမျှတတကျင့်သုံးကြဖို့လိုသည်။

ဆရာ ဦးမြက ဆက်လက်၍ "တရားခံဘက်မှ အမှုတွင် ပြည့်ပြည့် ဝဝ ခုခံချေပခွင့်နှင့် အမှုမြန်ဆန်ရေးကို မျှမျှတတ ပေါင်းစပ်ကာ ပြစ်မှုဆိုင်ရာအမှုများကို စစ်ဆေး စီရင်နိုင်ရန် ကြိုးပမ်းကြရပါမည် ဟု ရေးသား သည်ကိုလည်းမှတ်သားရပါသည်။

× × × × × ×

သာမန်အားဖြင့် သက်သေတစ်ယောက်ကို တစ်ကြိမ် စစ်ဆေးပြီး ပြန်လှန်စစ်မေးခွင့်လည်း ရရှိပြီးဖြစ်လျှင် တရားမျှတမှုအတွက် လုံလောက်သည်ဟု ဆိုနိုင်သည်။ တရားမမှုများ စစ်ဆေးခြင်းနှင့် ရာဇဝတ်မှုများတွင် သမ္မန်မှုစစ်ဆေးခြင်းတို့တွင် ဤအတိုင်းပင် ဖြစ်သည်။

သို့သော် ရာဇဝတ်မှုတွင် ဝရမ်းမှု စစ်ဆေးခြင်းတွင်မှ တရားလိုပြသက်သေများကို စစ်ဆေး၍ စွဲချက်တင် လျှင် စစ်ဆေးပြီးသော တရားလိုပြသက်သေများကို တရားခံက နောက်ထပ် တစ်ကြိမ် ပြန်ခေါ် စစ်ဆေးခွင့် ပေးခြင်း ဖြစ်သည်။

ဝရမ်းမှုများတွင် တရားခံအပေါ် စွဲချက်တင်ပြီးမှသာ တရားခံအနေဖြင့် ၎င်းရင်ဆိုင် ဖြေရှင်းရမည့် အမှုအခြေအနေကို တိတိကျကျ သိရှိနိုင်မည်ဖြစ်သည်မှာ မှန်သည်။ သို့အတွက် တရားခံကို ထပ်မံ အခွင့်အရေး ပေးခြင်းဟု ဆိုနိုင်သည်။

တစ်ဖက်တွင်လည်း ဝရမ်းမှုမှာ ထောင်ဒဏ် (၆)လထက်ပိုသောပြစ်မှုမှစ၍ အမြင့်ဆုံး ပြစ်ဒဏ်ဖြစ်သည့် သေဒဏ်ထိုက်သင့်နိုင်သည့် ပြစ်မှုများအထိဖြစ်၍ တရားခံအနေဖြင့် ခုခံချေပခွင့် တစ်စုံတစ်ရာ တိမ်းစောင်း ချွတ်ချော်ပါက တရားမျှတမှုကို ပို၍ထိခိုက်နိုင်ပြီး ကုစားမှုမရသည်မျိုး ကြုံရနိုင်သည်။ ထို့ကြောင့် တရားခံ အတွက် ခုခံချေပခွင့်လမ်းကြောင်းကို မထိခိုက်အောင်ထပ်ဆောင်း ပေးထားခြင်းဟုလည်း ဆိုနိုင်သည်။ ဤအခွင့်အရေးအတွက် တရားရုံးသည် ဆင်ခြင်ရန်အခွင့်မရှိ။ စဉ်းစားရန်အခွင့်မရှိ။

တစ်နည်းအားဖြင့် ပြန်ခေါ်သက်သေ စစ်ဆေးခွင့်သည် ဥပဒေပြုအဖွဲ့က တရားမျှတမှုကို အမြင့်ဆုံးရောက် ရှိအောင် ဖော်ဆောင်မှုဖြစ်သည်။ တရားမျှတမှုဆိုသည်ကို အနက်ရှိုင်းဆုံး ဖော်ထုတ်မှုဖြစ်သည်။

ဥပဒေဆိုသည်မှာ မျှတမှုကို အခြေခံရခြင်း ဖြစ်သည်။ ဥပဒေသဘောအရ မျှတမှု၊ ဥပဒေအမြင်အရ မျှတမှုဆိုသည်မှာ သာမန်အများသူငါလက်ခံနိုင်သော တရားမျှတမှု အဆင့်မျှဖြင့်ရပ်တန့်၍ လုံလောက် မည်မဟုတ်။ ဥပဒေတစ်ရပ်သည် မျှတမှုကို အမြင့်ဆုံး၊ အနက်ရှိုင်းဆုံး၊ အကျယ်ပြန့်ဆုံးအထိ ရောက်အောင် ဆောင်ယူပေးနိုင်မှသာ ဥပဒေ၏ အဓိပ္ပာယ်လေးနက် ပြည့်စုံပေလိမ့်မည်။

သက်ဇော်နိုင်

# စင်ကာပူနိုင်ငံ၏ တရားရုံးများ မထီမဲ့မြင်ပြုမှုဆိုင်ရာဥပဒေ

မြတ်မျိုးလတ်(တရားရေး)

**တရားရုံးများ မထီမဲ့မြင်ပြုမှု သတင်းတစ်ပုဒ်**

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်ထုတ် မြန်မာ့အလင်း နေ့စဉ်သတင်းစာတွင် 'စင်ကာပူတည်ထောင်သူ ဖခင်ကြီး၏မြေး ဟားဗတ်ကျောင်းဆရာကို တရားရုံးချုပ်ကဒဏ်ရိုက်'ဆိုသည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ရပါသည်။ ဟားဗတ်ကျောင်းဆရာမှာ အသက် ၃၅ နှစ်အရွယ်ရှိ 'မစ္စတာလီရှန်ဝု' ဖြစ်ပြီး စင်ကာပူနိုင်ငံတည်ထောင်သူ 'လီကွမ်ယု'၏မြေးဖြစ်သည်။ လက်ရှိဝန်ကြီးချုပ်၏ တူတော်စပ်သူဖြစ်သည်။ ၎င်း၏ဖခင် မစ္စတာလီရှန်ရန်နှင့် လက်ရှိဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းတို့ မိဘအမွေပစ္စည်းနှင့်ပတ်သက်ပြီး အမှုအခင်းဖြစ်ပွားကြရာ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်အပေါ် ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင်ဝေဖန်သည့် ပို့စ်တစ်ခုကို ရေးသားခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ဝေဖန်ရေးသားခဲ့သည့်အတွက် တရားရုံးများကို မထီမဲ့မြင်ပြုသည်ဆိုကာ စင်ကာပူဒေါ်လာ ၁၅၀၀၀ ဒဏ်ငွေပေးဆောင်ရန်နှင့် နှစ်ပတ်အတွင်း ပေးဆောင်ခြင်းမရှိပါက ထောင်ဒဏ် ၁ ပတ်ကျခံစေရန် စင်ကာပူတရားရုံးချုပ်က အမိန့်ချမှတ်ခဲ့သည့် သတင်းဖြစ်သည်။[၁]

**အမှုဖြစ်စဉ်**

အမှုဖြစ်စဉ်မှာ ဟားဗတ်ကျောင်းဆရာ အသက် ၃၅ နှစ်အရွယ် 'မစ္စတာလီရှန်ဝု'သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် သူ၏ ဖေ့စ်ဘုတ်စာမျက်နှာ၌ ပို့စ်တစ်ခု ရေးတင်ခဲ့သည်။ သူရေးတင်ခဲ့သည့် စာသားမှာ "the Singapore government is very litigious and has a pliant court system. This constrains what the international media can usually report" ဟူ၍ဖြစ်ပြီး 'ထစ်ခနဲရှိလျှင် တရားစွဲမည်ဆိုသည့် အစိုးရ၊ တရားရုံးစနစ်သည်လည်း တိုင်တန်းသူ အသာစီးရသည့်စနစ်' ဟု ဝေဖန်ရေးသားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ပို့စ်ကို ၎င်း၏ဖေ့စ်ဘုတ်ရှိ မိတ်ဆွေများသာ ဖတ်ရှုရန်ကန့်သတ်ပြီး မျှဝေခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် စင်ကာပူရှေ့နေချုပ်က မစ္စတာလီရှန်ဝုထံစာရေး၍ ၎င်းရေးတင်ခဲ့သည့် ဖေ့စ်ဘုတ်စာမျက်နှာပို့စ်ပါ အရေးအသားများသည် တရားရုံးများကို မထီမဲ့မြင်ပြုရာရောက်ကြောင်း၊ အဆိုပါပို့စ်နှင့် ထပ်ဆင့်မျှဝေထားသော ပို့စ်များကိုဖယ်ရှားရန်၊ နောက်နောင် အလားတူရေးသားမှုမျိုး မပြုလုပ်ရန်နှင့် ယင်းသို့ ရေးသားမှုအတွက်

၁။ ၁၂-၈-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းနေ့စဉ်သတင်းစာ၊ စာမျက်နှာ-၁၂

တောင်းပန်စာကို တစ်ပတ်အတွင်းပေးပို့ရန် အကြောင်းကြားခဲ့သည်။ ထိုသို့ လိုက်နာဆောင်ရွက်ရန် နောက်ဆုံးသတ်မှတ်ခဲ့သည့်ကာလကို တစ်ပတ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၄ ရက်ထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ သို့ရာတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်ထိ မစ္စတာလီရှန်ဝူက လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ရှေ့နေချုပ်က တရားစွဲဆိုရန် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်စဉ်မှာပင် 'မစ္စတာလီရှန်ဝူ'သည် အမေရိကန်နိုင်ငံသို့ ပြန်သွားခဲ့ရာ အမေရိကန်နိုင်ငံရှိ နေရပ်လိပ်စာသို့ ဆင့်ဆို၍ တရားစွဲဆိုမှုကို ဆောင်ရွက်ခဲ့သည်။[၂]

တရားရုံး၏ သုံးသပ်ချက်တွင် မစ္စတာလီရှန်ဝူ၏ ရေးသားမှုမှာ စင်ကာပူနိုင်ငံ၏ တရားစီရင်ရေးသည် အုပ်ချုပ်ရေးအာဏာပိုင်များ၏ လွှမ်းမိုးမှု၊ ဖိအားများကြောင့် လွတ်လပ်မှုမရှိကြောင်း၊ ဘက်လိုက်မှုကင်းသည်ဟုမဆိုနိုင်ကြောင်းဖြင့် အဓိပ္ပာယ်သက်ရောက်နေကြောင်း၊ ၎င်းသည် အများကိုဖြန့်ဝေမှုမရှိဟု ဆိုသော်လည်း ၎င်း၏မိတ်ဆွေများအားလုံး ဖတ်ရှုနိုင်ခြင်းဖြင့် ၎င်း၏မိတ်ဆွေများအားလုံးကို ဖြန့်ဝေရာရောက်ကြောင်းဖြင့် တရားရုံးများ မထီမဲ့မြင်ပြုရာရောက်ကြောင်း သုံးသပ်ကာ ဒဏ်ငွေတပ်ရိုက်ခဲ့ခြင်းဖြစ်သည်။[၃]

## စင်ကာပူနိုင်ငံ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ

စင်ကာပူနိုင်ငံတွင် တရားရုံးများကို မထီမဲ့မြင်ပြုမှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် "တရားမျှတမှုကာကွယ်ရေး စီမံဆောင်ရွက်ခြင်းအက်ဥပဒေ (The Administration of Justice (Protection)Act 2016)" ကို ပြဋ္ဌာန်းထားပါသည်။ အဆိုပါဥပဒေတွင် အခန်း(၈) ခန်းပါဝင်ပြီး ပုဒ်မပေါင်း (၄၆) ခု ပါဝင်ပါသည်။

## တရားရုံးများကို မထီမဲ့မြင်ပြုမှုများ

တရားမျှတမှု ကာကွယ်ရေး စီမံဆောင်ရွက်ခြင်းအက်ဥပဒေ၊ အခန်း-၅တွင် တရားရုံးများကို မထီမဲ့မြင်ပြုမှုအမျိုးအစားများကို အောက်ပါအတိုင်း ၅ မျိုး ခွဲခြား ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်-

(၁) တရားရုံးအပေါ် သေးသိမ်အောင် မမှန်မကန် ဝေဖန်ပြောဆိုရေးသားခြင်းနှင့် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် တရားရုံးများကို မထီမဲ့မြင်ပြုမှု(ပုဒ်မ-၃)
(Contempt by scandalizing court, interfering with administration of justice)

(၂) တရားရုံး၏ဆောင်ရွက်ချက်နှင့် အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ တရားရုံးများကို မထီမဲ့မြင်ပြုမှု (ပုဒ်မ-၄)
(Contempt by disobedience of court order or undertaking, etc.)

(၃) ခွင့်ပြုချက်မရှိဘဲ အသံနှင့်ရုပ်သံရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် တရားရုံးများကို မထီမဲ့မြင်ပြုခြင်း(ပုဒ်မ-၅)
(Contempt by unauthorized audio or visual recordings)

---

၂။ https://www.supremecourt.gov.sg/news/case-summaries/li-shengwu-v-the-attorney-general 2019-sgca-20(Accessed on November 3, 2020)

၃။ https://www.straitstimes.com/singapore courts crime/li-shengwu-sentenced-to-15000-fine-for-contempt-one-weeks-jail-if-hedoesnot? fbclid=IwAR38CGEdkee0oxJ_bd06bv0g4mu0j Ejk0xS603IHs1Rp0XJDI-eVdhiXDLU (Accessed on Nov 3, 2020)

(၄) ကော်ပိုရေးရှင်းများက တရားရုံးများကို မထီမဲ့မြင်ပြုခြင်း (ပုဒ်မ–၆)
(Contempt by corporations)

(၅) ကော်ပိုရေးရှင်းမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အစုစပ်လုပ်ငန်းများက တရားရုံးများကို မထီမဲ့မြင်ပြုခြင်း(ပုဒ်မ–၇)
(Contempt by unincorporated associations or partnerships)

ပထမအမျိုးအစားဖြစ်သည့် 'တရားရုံးအပေါ် သေးသိမ်အောင် မမှန်မကန် ဝေဖန်ပြောဆိုရေးသားခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် တရားရုံးများကို မထီမဲ့မြင်ပြုမှု' တွင် တရားရုံးတစ်ရုံးရုံး၏ ဂုဏ်သိက္ခာနှင့် သမာသမတ်ကျမှုကို မလျော်ကန်သည့်စိတ်ဖြင့် ဝေဖန်စွပ်စွဲခြင်းနှင့် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြည်သူများ ယုံကြည်အားကိုးမှုကျဆင်းစေအောင် ဆောင်ရွက်ခြင်း၊ တရားရုံးတစ်ရုံးရုံးတွင် စစ်ဆေးစီရင်ဆဲ အမှုတစ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ဆုံးဖြတ်မှုပြုခြင်းဖြင့်ဖြစ်စေ၊ ဝင်ရောက်စွက်ဖက်ရာရောက်သည့် ဝေဖန်ရေးသားမှုဖြင့်ဖြစ်စေ၊ တရားရုံးရှေ့လာရောက်ရမည့်သူကို မလာရောက်စေရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ တရားစီရင်နေသည့် တရားသူကြီးကို စော်ကားဆဲရေးတိုင်းထွာခြင်း၊ ဟန့်တားနှောင့်ယှက်မှုပြုခြင်းဖြင့်ဖြစ်စေ၊ တရားစီရင်မှုဆိုင်ရာ ဆောင်ရွက်ချက်တစ်ခုခုကို တားဆီးနှောင့်ယှက်ရာရောက်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ ရည်ရွယ်ချက်ရှိရှိ အများပြည်သူသိရှိအောင်ပြုလုပ်ခြင်းတို့ ပါဝင်ကြောင်း အသေးစိတ်ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။ ထို့ပြင် တရားရုံးတစ်ရုံးရုံးက စစ်ဆေးကြားနာလျက်ရှိသည့် အမှုများတွင် ဝင်ရောက်စွက်ဖက်မှုပြုခြင်း သို့မဟုတ် ကြိုတင်ဆုံးဖြတ်ရာရောက်သည့် ဆောင်ရွက်ချက်များပြုခြင်း၊ တရားရုံးတစ်ရုံးရုံး၏ ဂုဏ်သိက္ခာနှင့် သမာသမတ်ကျမှုကို မယုံသင်္ကာပြုမှုဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ပြည်သူယုံကြည်ကိုးစားမှု လျော့နည်းအောင်ဆောင်ရွက်ခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများကို မခံချင်စိတ်ဖြင့် သိမ်ဖျင်းသေးနုတ်အောင် ပြောဆိုဆောင်ရွက်ခြင်းဖြင့် တရားရုံးအား မထီမဲ့မြင်ပြုခြင်းနှင့် သက်သေများတရားရုံးရှေ့သို့ လာရောက်နိုင်မှုကို ဝင်ရောက်စွက်ဖက်ခြင်း စသည့် ပြုမူဆောင်ရွက်မှုများ ပါဝင်ပါသည်။

ဒုတိယအမျိုးအစားဖြစ်သည့် တရားရုံး၏ အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ တရားရုံးများကို မထီမဲ့မြင်ပြုမှုတွင် တရားရုံးကချမှတ်သည့် အမိန့်ညွှန်ကြားချက်များကို တမင်လိုက်နာမှုမပြုခြင်းနှင့် တရားရုံးတွင် ဆောင်ရွက်ရန်ရှိသည်များကို တမင်ပျက်ကွက်ခြင်းတို့ ပါဝင်သည်။

တတိယအမျိုးအစားဖြစ်သည့် 'ခွင့်ပြုချက်မရှိဘဲ အသံနှင့်ရုပ်သံရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် တရားရုံးများကို မထီမဲ့မြင်ပြုခြင်း'တွင် ခွင့်ပြုချက်မရှိဘဲ တရားရုံးအတွင်း အသံနှင့်ရုပ်သံရိုက်ကူးခြင်း၊ ထိုသို့ ရိုက်ကူးရန် ပစ္စည်းကရိယာကို ယူဆောင်လာခြင်း၊ ထိုသို့ ခွင့်ပြုချက်မရဘဲ ရိုက်ကူးဖမ်းယူထားသည့်အသံ သို့မဟုတ် ရုပ်သံကို အများပြည်သူသိရှိနိုင်ရန် ထုတ်လွှင့်ခြင်းတို့ ပါဝင်ကြောင်းပြဋ္ဌာန်းထားသည်။

စတုတ္ထအမျိုးအစားဖြစ်သည့် 'ကော်ပိုရေးရှင်းများက တရားရုံးများကို မထီမဲ့မြင်ပြုခြင်း' သည် တရားရုံးများကို မထီမဲ့မြင်ပြုခြင်းကို ကော်ပိုရေးရှင်း၏ အရာရှိ၊ အလုပ်သမား သို့မဟုတ် ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များအားလုံးက ကော်ပိုရေးရှင်းတစ်ခုအနေဖြင့် စုပေါင်းကျူးလွန်ခြင်းကို ဖွင့်ဆိုသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ပဉ္စမအမျိုးအစားဖြစ်သည့် 'ကော်ပိုရေးရှင်းမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အစုစပ်လုပ်ငန်းများ က တရားရုံးများကို မထီမဲ့မြင်ပြုခြင်း'သည်လည်း တရားရုံးများကို မထီမဲ့မြင်ပြုခြင်းကို အဆိုပါကော်ပိုရေး

ရှင်းမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် အစုစပ်လုပ်ငန်းများရှိ အရာရှိ၊ အလုပ်သမား သို့မဟုတ် ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များအားလုံးက စုပေါင်းကျူးလွန်ခြင်းကို ဖွင့်ဆိုသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

**တရားရုံးကို အပ်နှင်းသည့် မူလဘူတအာဏာ**

တရားရုံးများကို မထီမဲ့မြင်ပြုမှုများကို ပြည့်ပြည့်ဝဝ ကာကွယ်နိုင်ရန် တရားရုံးများ၏ မူလဘူတ အာဏာများ (Inherent Power)ကို ဤဥပဒေက 'ကန့်သတ်ခြင်း၊ ထိခိုက်စေခြင်းမရှိစေရန် ပုဒ်မ-၉ တွင် ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါသည်။ ယင်းသို့ သီးခြားပြဋ္ဌာန်းထားသည့် တရားရုံးများ၏ မူလဘူတ အာဏာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တရားရုံးများ မထီမဲ့မြင်ပြုမှုကို တရားလွှတ်တော်ကဖြစ်စေ၊ အယူခံတရားရုံးကဖြစ်စေ မိမိသဘောအလျောက် စတင်စစ်ဆေးကြားနာခွင့်အာဏာ၊

(ခ) လူတစ်ဦးတစ်ယောက်ကို တရားရုံးရှေ့မှ ထွက်ခွာသွားစေသည့် တရားရုံးက အမိန့်ချမှတ်ခွင့်အာဏာ၊

(ဂ) ပုဒ်မ-၁၂ တွင် သတ်မှတ်ထားသည့်ကာလ (တရားရုံးများ မထီမဲ့မြင်ပြုမှုအတွက် ပြစ်ဒဏ်သတ်မှတ်ချက်များ)ထက်မကျော်စေဘဲဖြစ်စေ၊ တရားရုံး၏အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်သည့် ကာလအထိဖြစ်စေ လူတစ်ဦးတစ်ယောက်ကို အတင်းအကြပ် ထိန်းသိမ်းချုပ်နှောင်ထားခွင့် အာဏာ၊

(ဃ) တရားရုံးများမထီမဲ့မြင်ပြုမှုကို တားမြစ်ရန် တရားလွှတ်တော်ကဖြစ်စေ၊ အယူခံတရားရုံးကဖြစ်စေ တားဝရမ်းထုတ်ဆင့်ပိုင်ခွင့် အာဏာ၊

(င) တရားရုံး၏ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာစေရန် လူတစ်ဦးတစ်ယောက်ကို လုံခြုံရေးပေးစေရန် အမိန့်ထုတ်ခွင့်အာဏာ။

**စီရင်ပိုင်ခွင့်**

စင်ကာပူနိုင်ငံ တရားမျှတမှုကာကွယ်ရေး စီမံဆောင်ရွက်ခြင်း အက်ဥပဒေပုဒ်မ-၁၀(၁) အရ တရားရုံးများ မထီမဲ့မြင်ပြုမှုကို အယူခံတရားရုံး(Court of Appeal)နှင့် တရားလွှတ်တော် (High Court) တို့က စစ်ဆေးအပြစ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အလားတူပင် မိမိတရားရုံးရှေ့ ကျူးလွန်မှုများ သို့မဟုတ် ယင်းအမှုများနှင့်ဆက်နွယ်သည့် ကျူးလွန်မှုများကို စစ်ဆေးစီရင်ရန် ပြည်တွင်းတရားရုံး (State Court)၊ မိသားစုတရားရုံးနှင့် ကလေးသူငယ်တရားရုံး (Family Court and the Youth Court)တို့ကိုလည်း စီရင်ပိုင်ခွင့် အပ်နှင်းထားကြောင်း တွေ့ရှိရပါသည်။ တရားလွှတ်တော် (High Court) သည် တစ်ဦးဦး၏လျှောက်ထားချက်အရဖြစ်စေ၊ မိမိသဘောအလျောက်ဖြစ်စေ အမှုကိုစစ်ဆေးစီရင်ရန် အခြားရုံးသို့ လွှဲပြောင်းခြင်း သို့မဟုတ် မိမိကိုယ်တိုင် စစ်ဆေးကြားနာခြင်း ပြုလုပ်နိုင်ကြောင်း၊ ရှေ့နေချုပ်က လျှောက်ထားလာလျှင် အမှုကိုလွှဲပြောင်းမည် သို့မဟုတ် မိမိကိုယ်တိုင် ကြားနာစစ်ဆေးမည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

**ပြစ်ဒဏ်များ**

တရားရုံးများ မထီမဲ့မြင်ပြုမှုကျူးလွန်သူအပေါ် အရေးယူအပြစ်ပေးနိုင်သည့် ပြစ်ဒဏ်များကို ပုဒ်မ-၁၂ တွင် ပြဋ္ဌာန်းထားပါသည်။ တရားရုံးများ မထီမဲ့မြင်ပြုမှုကို တရားလွှတ်တော် သို့မဟုတ် အယူခံတရားရုံးက

စီရင်ဆုံးဖြတ်ခြင်းဖြစ်လျှင် ပြစ်ဒဏ်သည် စင်ကာပူဒေါ်လာ ၁ သိန်းထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ၃ နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဖြစ်ပါသည်။

အကယ်၍ ပြည်တွင်းတရားရုံး၊ မိသားစုတရားရုံး သို့မဟုတ် ကလေးသူငယ်တရားရုံးတို့တွင် ဖြစ်ပွားသည့် တရားရုံးများ မထီမဲ့မြင်ပြုမှုကျူးလွန်ခြင်းကို တရားလွှတ်တော်က စစ်ဆေးစီရင်ခြင်းဖြစ်လျှင် ပြစ်ဒဏ်သည် စင်ကာပူဒေါ်လာ ၂၀၀၀၀ ထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ၁၂လ(တစ်နှစ်)ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပါသည်။

ထို့ပြင် အခြားသောတရားရုံးများက စစ်ဆေးစီရင်သည့် တရားရုံးများကို မထီမဲ့မြင်ပြုမှု ကျူးလွန်သူကို စင်ကာပူဒေါ်လာ ၂၀၀၀၀ ထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ၁၂ လ(တစ်နှစ်)ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

## ကင်းလွတ်ချက်များ

တရားရုံး၏ဆောင်ရွက်ချက်များကို မျှမျှတတဝေဖန်သုံးသပ်ခြင်းသည် တရားရုံးများကို မထီမဲ့မြင်ပြုမှု မမြောက်ပေ။ ထို့ပြင် တရားရုံးတရားသူကြီး၏ ဆုံးဖြတ်ဆောင်ရွက်ချက်များကို မှန်ကန်မျှတစွာ ရေးသား ဖော်ပြခြင်းသည်လည်း တရားရုံးများကို မထီမဲ့မြင်ပြုမှုမမြောက်ကြောင်း၊ ပုဒ်မ-၃(၁)၏ ရှင်းလင်းချက်များတွင် ဖော်ပြပြဋ္ဌာန်းထားပါသည်။

တရားရုံးတစ်ခုခုတွင် စစ်ဆေးဆဲအမှုတစ်မှု၏ အကြောင်းအရာ သို့မဟုတ် ပြဿနာတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အစိုးရကိုယ်စား တာဝန်ရှိသူတစ်ဦးဦးက အများပြည်သူအကျိုးငှာ ထုတ်ဖော်ပြောဆိုခြင်းသည် တရားရုံးများကို မထီမဲ့မြင်ပြုရာမရောက်ကြောင်း ပုဒ်မ-၃(၄)တွင် ကင်းလွတ်ခွင့်ပြုထားပါသည်။

## လုပ်ထုံးလုပ်နည်း

'အသေးစားတောင်းဆိုမှုများဆိုင်ရာတရားရုံး (Small claims Tribunal)'နှင့် 'အလုပ်ရှင်အလုပ်သမားရေးရာ တောင်းဆိုမှုများဆိုင်ရာတရားရုံး(Employment Claims Tribunal) 'တို့မှအပ ကျန်တရားရုံးများတွင် မိမိတရားရုံး ရှေ့မှောက်ကျူးလွန်သည့် တရားရုံးများမထီမဲ့မြင်ပြုမှုကို တရားရုံးက ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ် သည်ဟုထင်မြင်လျှင် အဆိုပါကျူးလွန်သူကို ချက်ချင်းချုပ်နှောင်၍ အရေးယူနိုင်ကြောင်း ပုဒ်မ-၂၅ တွင် ပြဋ္ဌာန်းထားပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကျူးလွန်သူကို ၎င်းကျူးလွန်မှုနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသား စွဲချက်တင်ရမည်ဖြစ်ပြီး ထုချေခွင့်ပေးရမည်ဖြစ်ကြောင်း၊ သက်သေခံချက်များ ချက်ချင်းရယူ၍ဖြစ်စေ၊ ရွှေ့ဆိုင်း ချိန်းဆိုရယူ၍ဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွှေ့ဆိုင်းချိန်းဆိုပါက ခံဝန်သူများနှင့်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်ဆို၍ဖြစ်စေ တရားခံကိုလွှတ်ထားနိုင်ကြောင်း၊ ယင်းသို့ အာမခံဖြင့် လွှတ်ထားရန်စဉ်းစား သည့်အခါ ရာဇဝတ်ကျင့်ထုံးဥပဒေအရ အာမခံမပေးနိုင်သော ပြစ်မှုများကဲ့သို့ မှတ်ယူရမည်ဖြစ်ကြောင်း ဆက်လက်ပြဋ္ဌာန်းထားပါသည်။

တရားရုံးများကို မထီမဲ့မြင်ပြုမှုဖြင့် တရားစွဲဆိုခံရသူကို အာမခံသူများနှင့်ဖြစ်စေ၊ ၎င်း၏ကိုယ်တိုင် ခံဝန်ဖြင့် ဖြစ်စေ လွှတ်ထားနိုင်ကြောင်း ပုဒ်မ-၂၇ တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်နေသည့် ကာလအတွင်း၌လည်း အာမခံဖြင့်လွှတ်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ-၃ နှင့် ပုဒ်မ-၄(၈)တွင် ဖော်ပြထားသည့် တရားရုံးများကို မထီမဲ့မြင်ပြုမှုများကို ရှေ့နေချုပ်၏

သဘောတူညီချက်အရမဟုတ်ဘဲ တရားစွဲဆိုခွင့်မရှိကြောင်း ပုဒ်မ–၃၀ တွင် ကန့်သတ်ထားပါသည်။ ထို့ပြင် တရားရုံးများကို မထီမဲ့မြင်ပြုမှုများကို တရားရုံးတစ်ရုံးရုံးက စတင်ဆောင်ရွက်ခြင်းမရှိလျှင် ရှေ့နေချုပ်က တရားစွဲဆိုနိုင်ရန် စတင်ဆောင်ရွက်နိုင်ကြောင်းကိုလည်း ပုဒ်မ–၃၁ တွင် ပြဋ္ဌာန်းထားပါသည်။

**တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ၏ အခန်းကဏ္ဍ**

စင်ကာပူနိုင်ငံ၏တရားရုံးများကို မထီမဲ့မြင်ပြုမှုများကို အရေးယူဆောင်ရွက်သည့် "တရားမျှတမှု ကာကွယ်ရေးစီမံဆောင်ရွက်ခြင်းအက်ဥပဒေ (The Administration of Justice(Protection) Act 2016)"သည် အင်္ဂလိပ်ရိုးရာဥပဒေစနစ် ကျင့်သုံးသည့်နိုင်ငံများ၏ဥပဒေများအနက် ပြည့်စုံကောင်းမွန်သည့် ဥပဒေတစ်ခု ဖြစ်ပါသည်။ ရှေ့ပိုင်းတွင်တင်ပြခဲ့သည့် မှုခင်းနမူနာအရ တရားစီရင်ရေးနှင့် စပ်လျဉ်း၍ Facebookစာမျက်နှာတွင် Post တင်၍ ဝေဖန်ရေးသားခဲ့သူကိုပင် ထိထိရောက်ရောက် အရေးယူအပြစ်ပေးခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ တရားရုံးများ၏ ဆောင်ရွက်ချက်များအပေါ် စည်းလွတ်ဝါးလွတ် ဝေဖန်ပြောဆိုမှုများ၊ နည်းလမ်းအမျိုးမျိုးဖြင့် ဖိအားပေးဝင်ရောက်စွက်ဖက်မှုများ၊ တရားရုံး၏ အမိန့်နှင့်ညွှန်ကြားချက်များကို တမင်သက်သက်မလိုက်နာခြင်း၊ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ တရားရုံး၏ ဆောင်ရွက်ချက်များကို အများပြည်သူ ယုံကြည်ကိုးစားမှု လျော့နည်းအောင်ဆောင်ရွက်ခြင်း စသည်တို့သည် တရားရုံးများကို မထီမဲ့မြင်ပြုရာရောက်ကြောင်း ဥပဒေတွင် တိတိကျကျပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်များကိုလည်း ထိထိရောက်ရောက်သတ်မှတ်ကာ အရေးယူအပြစ်ပေးခြင်းဖြင့် စင်ကာပူနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၊ နိုင်ငံ့တတိယမဏ္ဍိုင်၏ ဂုဏ်သိက္ခာရှိမှုကို တည်ဆောက်ထားကြောင်း ထင်ရှားစွာတွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံတွင် လွန်စွာအရေးကြီးသည့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ အမှီအခိုကင်းမှု ခိုင်မာကောင်းမွန်လာစေရန် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**မြတ်မျိုးလတ်(တရားရေး)**
ဦးမျိုးကျော်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊
အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနဌာန၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး။

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေအကြောင်း သိကောင်းစရာ

**စိုးခွန်ဖြူ(တရားရေး)**

လူမွဲဆိုတာဘာလဲ လူမွဲဆိုတာမွဲနေတဲ့လူပေါ့ ဘာတွေထပ်ရှင်းဖို့ လိုလို့လည်းဟု ဆိုနိုင်သည်။ လူမွဲဆိုသည့်အတွက် ဥပဒေ၏အမည်မှာ အနုတ်လက္ခဏာဆောင်သည့် သဘောရှိနေသော်လည်း အမှန်တော့ ဤဥပဒေမှာ နိုင်ငံ၏စီးပွားရေးမောင်းနှင်အားအပေါ်တွင် ကြီးစွာသောသက်ရောက်မှုရှိသည့် ပြန်လည်ပြုပြင်ရေးသဘောဆောင်သော ဥပဒေတစ်ရပ်ဟုဆိုရပေမည်။ (စကားချပ်–ဤစာစုမှာတတ်သိနားလည်သော လူမွဲ ခံယူခြင်းဆိုင်ရာဥပဒေပညာရှင်များကို ရည်ရွယ်ခြင်းမဟုတ်ဘဲ ဤဥပဒေအား မလေ့လာဖူးသည့် ဥပဒေသမားများ၊ ဥပဒေဗဟုသုတရှာမှီးလိုသူများကို လေ့လာရာတွင် လွယ်ကူစေရန်ပြုစုတင်ပြခြင်းသာဖြစ်ပါသည်။)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လူမွဲခံယူခြင်းဆိုင်ရာဥပဒေမူကြမ်းတစ်ရပ်ကို ၂၀၁၉ ခုနှစ်အတွင်းက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့၍ ပြည်ထောင်စုလွှတ်တော်၏ ၂၀၂၀ ခုနှစ် ဥပဒေအမှတ် ၁ အဖြစ် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သလို နိုင်ငံတော်သမ္မတရုံး၏ (၂၅–၃–၂၀၂၀) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၀ဖြင့် အာဏာသက်ရောက်စေသည့် အမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အမှန်တော့ ယခုဥပဒေအား ကမ္ဘာပေါ်တွင် ပထမဆုံးသော လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (Insolvency Law) ဟုပင် ခေါ်ဆိုသမုတ်နိုင်သည်။ ကမ္ဘာတွင် ပထမဆုံးလို့ဆိုရခြင်းမှာ နိုင်ငံအများစုတွင် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအား ကုမ္ပဏီနှင့်သက်ဆိုင်သည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ မိုက်ခရိုအသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်သည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (MSME Insolvency Law)၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (Personal Insolvency Law)၊ နယ်စပ်ဖြတ်ကျော် လူမွဲခံယူခြင်းနှင့်ဆိုင်သည့် ဥပဒေ (Cross- Border Insolvery law ) စသည်ဖြင့် အသီးသီး ခွဲခြားပြဋ္ဌာန်းထားကြခြင်းဖြစ်ပြီး ယခု မြန်မာနိုင်ငံ၏ ဥပဒေအသစ်မှာ အဆိုပါ သီးခြားဥပဒေအားလုံးကို ဥပဒေတစ်ရပ်တည်းတွင် လိုက်လျောညီထွေစွာ ထည့်သွင်းပေါင်းစပ်ရေးဆွဲထားခြင်းဖြစ်၍ ကမ္ဘာပေါ်တွင် ပထမဆုံးသော လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (Insolvency Law) ဟု ညွှန်းဆိုရခြင်းဖြစ်သည်။

ယခင်ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဥပဒေအဟောင်းများဖြစ်သည့် The Yangon Insolvency Act, (INDIA Act III, 1909) နှင့် The Myanmar Insolvency Act. (INDIA Act V,1920)တို့မှာ စီးပွားရေးလုပ်ငန်းတစ်ရပ်အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုသာ ဦးတည်ဆောင်ရွက်ပြီး ယခုပြဋ္ဌာန်းလိုက်သည့် လူမွဲခံယူခြင်း

ဆိုင်ရာဥပဒေသစ်တွင် ငွေကြေးအခက်အခဲကြုံတွေ့နေသည့် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား တန်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းခြင်း(Liquidation) သို့တည်းမဟုတ် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ခြင်း(Bankruptcy Order) ထက် ယင်းလုပ်ငန်း သို့မဟုတ် လူပုဂ္ဂိုလ်အား တတ်နိုင်သမျှ ယင်း၏စီးပွားရေးလုပ်ငန်းအား ပြန်လည် လည်ပတ်နိုင်စေရန် ကယ်ဆယ်ခြင်းနှင့် ပြန်လည်တည်ထောင်ရေး(rescue and rehabilitation) ကို ဦးတည်ဆောင်ရွက်ပြီး မရနိုင်တော့သည့်အခါမှ မြီရှင်များက ၎င်းတို့၏ ကြွေးမြီများကို ပြန်လည်ရရှိစေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားနိုင်ရန် ဦးတည်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ယခု ဥပဒေတွင် အပိုင်း ၁၁ ပိုင်းနှင့် ပုဒ်မပေါင်း ၄၂၅ ခု ပါဝင်သည်။ ဥပဒေတွင် အဓိက ဇာတ်လိုက်မင်းသားမှာ ပုဒ်မ ၇ ပါ 'ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ ပြန်လည်ထူထောင်ရေးအကြံပေး၊ ပြန်လည်ထူထောင်ရေးအစီအစဉ်ကြီးကြပ်သူ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ယုံမှတ်အပ်နှံခြင်းခံရသူ' တို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်အားလုံးကို ခြုံငုံ၍ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ (Insolvency Practitioner) ဟု ခေါ်သည်။ ဥပဒေ၏ သက်ဆိုင်ရာအပိုင်းအလိုက် အမည်အမျိုးမျိုးခေါ်တွင်နေသော်လည်း အမှန်တော့ ထိုပုဂ္ဂိုလ်မှာ တစ်ဦးတည်းလည်းဖြစ်နိုင်သည်။ မင်းသားဟုဆိုသော်လည်း စည်းကမ်းမဲ့မင်းသားတော့လုပ်၍မရပေ။ ဥပဒေတွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများမှာ ဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပုဂ္ဂိုလ်ရေးဆိုင်ရာတာဝန် (Personal Liability) ရှိကြောင်း ထည့်သွင်းပြဋ္ဌာန်းထားသလို မည်သည့် အချက်နှင့်ကိုက်ညီမှသာ ထိုတာဝန်မှ ကင်းလွတ်ခွင့်ရနိုင်ကြောင်းလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်။ တစ်နည်းဆိုသော် အခွင့်အရေး၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အချိုးညီစွာ ပိုင်းခြားသတ်မှတ်၍ လူမွဲခံယူခြင်း ဆိုင်ရာကျွမ်းကျင်သူများကို ကြပ်မတ်ကွပ်ကဲထားသည်။

ဘယ်သူတွေက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ ဖြစ်နိုင်သလဲ၊ ဥပဒေပုဒ်မ ၉ အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရှိသူကသာ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိမည် ဖြစ်သည်။ ပုဒ်မ ၁၅ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို ပြည်ထောင်စုအစိုးရ အဖွဲ့က ဖွဲ့စည်းတည်ထောင်ပေးရမည်ဖြစ်ပြီး ထိုကောင်စီက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအား မှတ်ပုံတင်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းအပါအဝင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ လိုက်နာရမည့် ကျင့်ဝတ် စံနှုန်းများ၊ လမ်းညွှန်ချက်များကို သတ်မှတ်ပေးရမည်ဖြစ်သည်။ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအား ကြီးကြပ်ကွပ်ကဲရန်အတွက် ကောင်စီက ပုဒ်မ ၁၇အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်း ထိန်းသိမ်းရေးကော်မတီ၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရေးကော်မတီ တို့ကို ဖွဲ့စည်းနိုင်သည်။

ထို့အတူ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအား ပြုစုပျိုးထောင်ရန်အတွက် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းက ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုအသင်း၏ အသင်းဝင်ဖြစ်မှသာ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် လျှောက်ထားခွင့်ရှိမည်ဖြစ်သည်။ တစ်နည်းဆိုသော် ဥပဒေ၏အပိုင်း ၃ မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့်သက်ဆိုင်သည့် ကောင်စီ၊ ကော်မတီ၊ အသင်း စသည်တို့ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်လက်မှတ်၊ ကျင့်ဝတ်၊ တာဝန်ဝတ္တရားများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ငွေရေးကြေးရေးအခက်အခဲဖြစ်နေသည့်မှတ်ပုံတင်ကုမ္ပဏီတစ်ခုအား ကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်

ခြင်းဆိုင်ရာကို ဥပဒေ၏အပိုင်း ၅ တွင် ပြဋ္ဌာန်းထားသည်။ ယင်းကုမ္ပဏီက ပြန်လည်ထူထောင်ရေးမန်နေဂျာ ခန့်အပ်ပြီး ထိုမန်နေဂျာမှ ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရေးဆွဲတင်ပြစေကာ ယင်းအစီအစဉ်ကို မြီရှင်အများစု၏သဘောတူညီမှုဖြင့် အတည်ပြုပြီးပါက ပြန်လည်ထူထောင်ရေးအစီအစဉ် ကြီးကြပ်သူမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ ယင်းအစီအစဉ် အောင်မြင်ပါက ကုမ္ပဏီမှာ လုပ်ငန်းဆက်လက်လည်ပတ်သွားပြီးဖြစ်၍ ဖျက်သိမ်းရန် မလိုအပ်တော့ပေ။

အပိုင်း ၆ မှာ မိုက်ခရို အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်ဖြစ်ပြီး ဆောင်ရွက်ပုံအများစုမှာ အပိုင်း ၅ နှင့်များစွာကွာခြားမှုမရှိပေ။ အပိုင်း ၅ သို့မဟုတ် အပိုင်း ၆ တို့အရ ကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များ အောင်မြင်ပါက လုပ်ငန်းဆက်လက်လည်ပတ်သွားမည်ဖြစ်ပြီး မအောင်မြင်ပါက ကုမ္ပဏီဆိုလျှင် အပိုင်း ၇ (စာရင်းရှင်းလင်းဖျက်သိမ်းခြင်း) အရ ဆက်လက်ဆောင်ရွက်ရပြီး ကျန်သည့်စီးပွားရေးလုပ်ငန်းများ သို့တည်းမဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းများဆိုလျှင် အပိုင်း ၈ အရ (တစ်သီးပုဂ္ဂလလူမွဲခံခြင်း) ဆောင်ရွက်ရန်ဖြစ်သည်။ အပိုင်း ၇ အရ ဆောင်ရွက်သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (Liquidator) ဟုခေါ်တွင်ပြီး အပိုင်း ၈ အရ ဆောင်ရွက်သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို ယုံမှတ်အပ်နှံခြင်းခံရသူ (Trustee) ဟု ခေါ်သည်။ အကယ်၍ တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းတွင် မြီစားက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသို့ ပေးရမည့်အခကြေးငွေကို မတတ်နိုင်သည့်အနေအထားဖြစ်ပါက တရားရုံးမှ တရားဝင်ပစ္စည်းထိန်း ခန့်အပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အပိုင်း ၈ တွင် တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သည်။ လူမွဲအဖြစ်ခံယူစေသည့်အမိန့် (Bankruptcy Order)ကို မြီစားကိုယ်တိုင်ကလည်းကောင်း၊ သက်ဆိုင်သူ မြီရှင်ကသော်လည်းကောင်း လျှောက်ထားနိုင်သည်။ လူမွဲဖြစ်မှုအချိန်ကာလမှာ ပုဒ်မ ၂၆၆ အရ ၃ နှစ်ဖြစ်သည်။ လူမွဲအဖြစ်အမိန့်ချမှတ်ခံရပါက နည်းဥပဒေပါ သတ်မှတ်ငွေပမာဏကိုသာ လက်ဝယ်ထားခွင့်ရှိမည်ဖြစ်ပြီး လူမွဲ၏ကျန်သည့်ငွေ/ပစ္စည်းတို့ကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့တည်းမဟုတ် တရားဝင်ပစ္စည်းထိန်းက ကြီးကြပ်ကွပ်ကဲလျက် ရထိုက်ခွင့်ရှိသူ မြီရှင်များထံ ခွဲဝေပေးရမည်ဖြစ်သည်။ ထို့အတူ လူမွဲဖြစ်သွားပါက ဥပဒေအရ သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်တစ်ချို့ ဆုံးရှုံးသွားမည်ဖြစ်သည်– ဥပမာ မဲပေးခွင့် စသည်.....

ထို့အတူ လွယ်လင့်တကူ လူမွဲအဖြစ်မလျှောက်ထားနိုင်စေရန်အတွက် ဥပဒေပုဒ်မ ၂၅၉ နှင့် နည်းဥပဒေပါသတ်မှတ်ထားသည့်ငွေပမာဏရှိပါက လူမွဲအဖြစ်အမိန့်မချမှတ်ရန် ကန့်သတ်ထားသည်။ တစ်နည်းဆိုသော် လူမွဲဆိုသည်မှာ ဥပဒေအရကန့်သတ်ချုပ်ခြယ်ထားသည့် သတ်မှတ်ချက်တခုဖြစ်နိုင်သလို အခွင့်အရေးတရပ်လည်းဖြစ်နိုင်၍ ကန့်သတ်ထားခြင်းဖြစ်သည်။ ထို့အတူ ဥပဒေက စီးပွားရေးလုပ်ငန်း၊ ပြန်လည်တည်ထောင်လည်ပတ်နိုင်ရေးကို ဦးတည်သည့်အတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် မပြီးပြတ်သေးပါက လူမွဲအဖြစ်ခံယူစေသည့်အမိန့်မချမှတ်ရန် ပုဒ်မ ၂၅၉ တွင် ကန့်သတ်ပိတ်ပင်ထားသည်။ အပိုင်း ၉ ပါ ရာထူးလက်ရှိ (Office Holder) ဖြစ်သူဆိုသည်မှာ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကိုခေါ်ဆိုသည့် အခြားဝေါဟာရတစ်ခုပင်ဖြစ်သည်။ အပိုင်း ၉တွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအတွက် အခကြေးငွေဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်သလို မြီစားက မြီရှင်များအား ကြွေးပေးဆပ်ခြင်းမှ ရှောင်ရှားလိုသည့်အတွက် မိမိပိုင် ပစ္စည်းများကို တန်ဖိုးလျှော့ခြင်း၊ မတန်တဆနှုန်းဖြင့် ကြွေးမြီထုတ်ချေးခြင်း၊ ကြွေးမြီရှောင်ရှားခြင်း စသည်တို့အတွက် မည်သည့်အတိုင်းအတာကာလအထိ ပြန်လည်ပယ်ဖျက် ဆောင်ရွက်နိုင်ကြောင်း

သတ်မှတ်ဖော်ပြသည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်။

အပိုင်း ၁၀ (နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်း) မှာ ကြွေးမြီနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံမှ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက မြန်မာနိုင်ငံအတွင်းလာရောက်ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံမှ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက ပြည်ပနိုင်ငံရှိ မြီစားထံသို့ သွားရောက်ဆောင်ရွက်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သည်။ အမှန်တော့ နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းဆိုသည်မှာ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဥပဒေဆိုင်ရာကုလသမဂ္ဂကော်မရှင်အဖွဲ့ (The United Nations Commission on International Trade Law-UNCITRAL) က ရေးဆွဲခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်အမှတ် A/RES/52/158 (1997)ဖြင့် အတည်ပြုခဲ့သော စံဥပဒေ(Model Law) ကို ဆိုလိုခြင်းဖြစ်သည်။ ပင်ရင်းပြဋ္ဌာန်းချက်ဖြစ်သည့် UNCITRAL ၏စံဥပဒေတွင် အခန်းကြီး ၅ ခန်းနှင့် အပိုဒ်ပေါင်း ၃၂ ခုပါဝင်ပြီး ယင်းအပိုဒ်များအား ဤဥပဒေ၏အခန်း ၁၀ တွင် ပုဒ်မများအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤအပိုင်းမှာ လတ်တလော အာဏာသက်ရောက်ခြင်း မရှိသေးဘဲ ပုဒ်မ ၁ ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်သမ္မတက သီးခြားအမိန့်ကြော်ငြာစာ ထုတ်ပြန်မှသာ အာဏာသက်ရောက်မှု စတင်မည်ဖြစ်သည်။

အပိုင်း ၁၁ မှာ အထွေထွေပိုင်းဖြစ်သည်။ ဤအပိုင်းတွင် တရားရုံးစီရင်ပိုင်ခွင့်များ တရားရုံးတည်ထောင်ခြင်း၊ ယခင်ဥပဒေရုပ်သိမ်းခြင်း၊ ရာဇဝတ်ကြောင်းအရ အရေးယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သည်။ ထို့အတူ ပုဒ်မ ၄၁၈ ပါ ပြဋ္ဌာန်းချက်အရ ကုမ္ပဏီဥပဒေတွင် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သော်လည်း ဤဥပဒေအာဏာတည်ပြီးနောက်တွင် ဤဥပဒေအရသာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အမည်ကသာ လူမွဲဆိုသော်လည်း မြန်မာနိုင်ငံ၏စီးပွားရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် မိုက်ခရို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီနှင့်ပတ်သက်သော ပြဋ္ဌာန်းချက်များပါသည့်အတွက် စီးပွားရေးတိုးတက်မှုနှင့်တိုက်ရိုက် သက်ဆိုင်သည့် အဓိက ဥပဒေကြီးတစ်ရပ်ပင်ဖြစ်သည်။ ထို့အတူ ဤဥပဒေမှာ ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business တွင် အဓိကညွှန်းကိန်း (Indicator)အဖြစ်လည်း ပါဝင်နေသည့်အတွက် အဆိုပါ Ease of Doing Business တွင် အဆင့် (Ranking) တိုးတက်စေရန်အလို့ငှာ ပြဋ္ဌာန်းပြီးနောက် ၃၉ ရက်အကြာတွင် ဆောလျှင်စွာ အာဏာသက်ရောက်စေခဲ့ရခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ဥပဒေသမားများအတွက်သာမက တိုင်းပြည်စီးပွားရေးတိုးတက်မှုအပေါ် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက်လည်း အားလုံးမှ ဤဥပဒေကို လေ့လာလျှက်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေစနစ်ကြီး မြန်မာနိုင်ငံတွင် ခိုင်မာစွာပေါ်ထွက်လာအောင် ဝိုင်းဝန်းဆောင်ရွက်နိုင်စေရန် တိုက်တွန်းအကြံပြုတင်ပြအပ်ပါသည်။ ။

**စိုးခွန်ဖြူ(တရားရေး)**

# ခေါင်းစဉ်ကစ ကျစ်လျစ်စေချင်

တင်တင်မာ(တရားရေး)

တရားမမှုတွင် အဆိုလွှာသည် တရားလို၏ အသက်ဖြစ်သည်။ အဆိုလွှာကြောင့် အမှု ရှုံးနိုင်သကဲ့သို့ အမှုနိုင်ခြင်းကိုလည်းဖြစ်စေသည်။ အဆိုလွှာအရေးအသားကြောင့် အမှုရှုံးသည်ကို တွေ့ဖူးပါသည်။

တစ်ခုသောခရိုင်တရားရုံးတွင် ထာဝရတားဝရမ်းရလိုမှု စွဲပါသည်။ တရားလိုသည် မိမိခြံတွင်း လှည်းဖြတ်မောင်းခြင်းမပြုစေလို၍ စွဲဆိုခြင်းဖြစ်ပြီး အစဉ်အဆက် လမ်းအဖြစ်အသုံးပြုခဲ့ခြင်း ရှိ မရှိကိစ္စ၊ တရားပြိုင်နှင့်ဖြစ်ပွားသည့်ပြဿနာတို့တွင် မခင်စန်း၊ မောင်ကျော်မြင့်တို့သည် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်သည်ဟု အဆိုပြုထားပါသည်။ အမှုစစ်သောအခါ ထိုသူနှစ်ဦးအား သက်သေအဖြစ် ခေါ်၍မရခဲ့ပါ။ အဆိုပြုချက် မှန်ကြောင်း သက်သေပြရန်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ အရ တရားလို၏ တာဝန်ဖြစ်ပြီး တရားလိုမှ အဆိုပြုချက်နှင့်အညီ သက်သေမပြနိုင်သည့်အခြေအနေသို့ ရောက်သွားခဲ့လေသည်။

အဆိုအချေတွင် အရေးပါသောအကြောင်းအချက်များကို ဖော်ပြ၍ သက်သေခံချက်များကို ဖော်ပြရန်မလိုကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်းဥပဒေ ၂တွင် အတိအလင်းပြဋ္ဌာန်းထားသည်ကို သတိပြုရန်ဖြစ်ပါသည်။ တရားရုံးများလက်စွဲအပိုဒ် ၁၁၉ တွင်လည်း × × × အဆိုအချေများ၏ စာပိုဒ်များ သည် တိုတိုတုတ်တုတ်နှင့်လိုရင်းအချက်များပါရှိရမည်။ ထို့ပြင် အချင်းဖြစ်အချက်နှင့် အကယ်စင်စစ် မသက်ဆိုင်သည့် အရာအားလုံးကို ကြပ်တည်းစွာ ပယ်ထုတ်ရမည်။ ဖြစ်ပျက်သည့်အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍မသေမချာ စကားကြော့ရှည်စွာ မြွက်ဆိုဖော်ပြချက်တို့ကို ခွင့်မပြုလက်မခံရဟု ပြဋ္ဌာန်းထားသည်။

အဆိုလွှာကဲ့သို့ပင် အယူခံလွှာ ပြင်ဆင်လွှာများကို လိုရင်းတိုရှင်း မိမိ တင်ပြလိုသော အဓိက ကျသည့်အချက်များကို ထိထိမိမိ ဖော်ပြစေချင်သည်။ များများရေးရန်မလိုပါ။ စာမျက်နှာအရေအတွက်ထက် အရည်အချင်းက အရေးကြီးပါသည်။ မည်သည့်အကြောင်းခြင်းရာပြဿနာရပ်များအပေါ် အယူခံကြောင်း မည်သည့်ဥပဒေအချက်အလက်အရ ပြင်ဆင်သင့်ကြောင်း ဖော်ပြရန်သာလိုအပ်ပြီး သက်သေထွက်ချက်များ စီရင်ထုံးများဝေဝေဆာဆာနှင့် လျှောက်လဲချက်ကဲ့သို့ ရေးသားခြင်းများရှောင်ရှားသင့်ပါသည်။ စာတစ်ပိုဒ်ကို ဆုံးအောင်မရေးဘဲ နောက်အပိုဒ်များနှင့်ဆက်ကာ လျှောက်လဲချက်ဆန်ဆန်ရေးသည်ကိုလည်း တွေ့ဖူးပါသည်။

အဆိုလွှာသည် စာစီစာကုံးတစ်ပုဒ်ကဲ့သို့ ရှိချေသည်။ 'မိုးဥတု'ဟူသောခေါင်းစဉ်အောက်တွင် မိုးရာသီသည် မည်သည့်လမှ မည်သည့်လအတွင်းဖြစ်ကြောင်း၊ စိုက်ပျိုးရာသီဖြစ်ကြောင်း၊ လယ်သမားများကို

အကျိုးပြုကြောင်း၊ သာယာစိမ်းစိုကြောင်းစသည်ဖြင့် မိမိညွှန်းဖွဲ့လိုသည်ကို ရေးသွားနိုင်သည်။ တောင်သူ 'လယ်သမားများကို အကျိုးပြုသော မိုးရာသီစိုက်ပျိုးရေးကြောင့် သီးနှံအထွက်တိုးစေသည့်မိုးဥတု'ဟု ခေါင်းစဉ်တပ်ရန်မလိုအပ်ပါပေ။

ခေါင်းစဉ်သည် စာကိုယ်၏ အနှစ်ချုပ်ဖြစ်ရပေမည်။ ခေါင်းစဉ်ရှည်လွန်းလျှင် အနှောင့်အယှက်ဖြစ်စေသည့်အပြင် အမှားကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်ချေမည်။

တရားလိုနှင့် တရားပြိုင်များ၏ ကုမ္ပဏီတို့ ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်နေ့တွင်ချုပ်ဆိုသော တိုက်ခန်းကို အရစ်ကျငွေပေးချေစနစ်ဖြင့် ကြိုတင်ရောင်းချခြင်းဆိုင်ရာ နှစ်ဦးသဘောတူ ကတိစာချုပ်သည် တည်ဆဲဥပဒေအရ မှန်ကန်မှုမရှိဘဲ ရောင်းသူဝယ်သူတို့၏တာဝန်ဝတ္တရားများ သာတူညီမျှမှုမရှိသောကြောင့် တရားလိုများ၏ နစ်နာမှုအပေါ်တွင် အဆိုပါ ကြိုပြိုင့်အရောင်းအဝယ်စာချုပ်သည် ပျက်ပြယ်ကြောင်း သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေငြာပေးစေလိုမှုနှင့် တရားလိုများက တရားပြိုင်များသို့ ပေးအပ်သည့်စရံငွေအပါအဝင် နစ်နာကြေးသိန်း ၃၀၀ ရလိုမှုဟု ခေါင်းစဉ်ပါအမှုကို ကြုံဖူးပါသည်။

တရားလိုက အဓိကထားတောင်းဆိုသော သက်သာခွင့်မှာ တရားလိုနှင့် တရားပြိုင်ချုပ်ဆိုသော ကတိစာချုပ် ပျက်ပြယ်ကြောင်း မြွက်ဖော်ချက်နှင့် စရံငွေအပါအဝင် နစ်နာကြေးတောင်းလိုခြင်းဖြစ်သည်။ '၂၀၁၈ ခုနှစ် မေလ ၁၅ ရက်နေ့စွဲပါ ကတိစာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုနှင့် စရံငွေအပါအဝင် နစ်နာကြေးသိန်း ၃၀၀'ရလိုမှုဟု တိုတိုတုတ်တုတ်ခေါင်းစဉ်တပ်သင့်ပါသည်။

ကတိစာချုပ်သည် တည်ဆဲဥပဒေအရ မှန်ကန်မှုရှိ၊ မရှိ၊ ရောင်းသူ ဝယ်သူတို့၏တာဝန်ဝတ္တရားများ သာတူညီမျှမှု ရှိ၊ မရှိ တို့သည် တရားလိုက သက်သေပြလိုသည့် အကြောင်းအခြင်းရာများဖြစ်ပြီး တရားရုံးက ဆုံးဖြတ်ပြုရမည့် ဥပဒေပြဿနာရပ်ဖြစ်သော ပဋိညာဉ်အက်ဥပဒေပါ ပျက်ပြယ်သော သဘောတူညီချက်၏ အင်္ဂါရပ်များနှင့် ဝေးကွာမှု ဖြစ်လာနိုင်သည်ကို သတိပြုရန်ဖြစ်ပါသည်။

အမှုတစ်မှုတွင် တရားလိုများ၏ မိခင်ဝယ်ယူထားသော ၃ လွှာ တိုက်ခန်းတစ်ခန်းနှင့်မြေညီထပ်တိုက်ခန်းတစ်ခန်းကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုနှင့် မြေညီထပ်တိုက်ခန်းအား လက်ရောက်ပေးအပ်စေလိုမှုဟု ခေါင်းစဉ်တပ်ပါသည်။ အဓိကတောင်းဆိုလိုသည်မှာ 'အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်စေလိုမှု'သာဖြစ်ပါသည်။ အမှုခေါင်းစဉ်ကို ထိုမျှဖော်ပြပြီး သက်သာခွင့်တောင်းရာတွင် မည်သည်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုကြောင်း မည်သည့်အရပ်ရှိ မည်သည့်ပစ္စည်းအမျိုးအစားကို လက်ရောက်ပေးအပ်စေလိုကြောင်း အတိအကျဖော်ပြသင့်ပေသည်။

အလားတူပင် 'တရားလို ကုမ္ပဏီနှင့် တရားပြိုင်ကုမ္ပဏီတို့ ချုပ်ဆိုထားသော ၁.၃.၂၀၁၈ နေ့စွဲပါ ပဋိညာဉ်အရ ငှားရမ်းသည့်မြေပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦကို အပြီးအပိုင်ဖျက်သိမ်း၍ ဖယ်ရှားပေးရန် ယင်းအဆောက်အဦနှင့်ပတ်သက်၍ အပြီးအပိုင်ဖယ်ရှားခြင်းမပြုသည့်ကာလအတွက် ပဋိညာဉ်ပါဖော်ပြချက်အရ ရက်လွန်နစ်နာကြေးပေးရန်နှင့် ဥပစာငှားရမ်းခကြွေးကျန်များ အပြည့်အဝပေးရန်'ဟု စွဲဆိုရာ ခေါင်းစဉ်တွင် အမှုဖြစ်အကြောင်းခြင်းရာနှင့် တောင်းဆိုလိုသောသက်သာခွင့်ကို ရောထွေးဖော်ပြထားသဖြင့် စီရင်ဆုံးဖြတ်ရာတွင် အနှောင့်အယှက်ဖြစ်စေသည်ကို သတိပြုစေချင်ပါသည်။

'ငှားရမ်းသည့်မြေပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အဦကို ဖျက်သိမ်းဖယ်ရှား၍ ပဋိညာဉ်အရ

ရက်လွန်နှစ်နာကြေးပေးရန်နှင့် ဥပစာငွေအားရမ်းခကြွေးကျန်များရလိုမှု' ဟု ဖော်ပြလျှင်လုံလောက်ပြီဖြစ်ပါသည်။

ကျူးကျော်သူအားနှင်လိုမှုအဆိုလွှာတစ်ခုတွင် တရားလိုသည် အိမ်အမှတ်× ×၊ ဦးပိုင်အမှတ် × ×၊ မေတ္တာညွှန့်၊ တာမွေရှိသုံးထပ်တိုက်တွင် ၂၀၀၀ခုနှစ်ကပင်နေထိုင်ကြောင်း၊ တရားပြိုင်သည် တရားလိုပိုင်ဆိုင်သောအဆောက်အဦသို့ × × × နေ့က မင်းမဲ့စရိုက်ဆန်ဆန် ကျူးကျော်ဝင်ရောက် နေထိုင်ကြောင်း၊ လက်ရှိမှလက်မဲ့ဘဝသို့ ရောက်သွားကြောင်း၊ တရားလိုပိုင်ဆိုင် လက်ရှိထားသောအဆောက်အဦကို လက်ရောက် ပြန်ရလိုကြောင်း အဆိုပြုထားသည်။

တရားလိုသည် အဆိုပါ လိပ်စာတွင်နေထိုင်ကြောင်းသာဖော်ပြထားသည်။ တရားပြိုင်သည် တရားလိုပိုင်ဆိုင်သော မည်သည့်အဆောက်အဦကို ကျူးကျော်ခြင်းဖြစ်ကြောင်း အဓိကအချက်ကို ရှင်းလင်းစွာဖော်ပြခြင်းမပြု၍ တရားမကျင့်ထုံးဥပဒေအမိန့် ၆ နည်းဥပဒေ ၅ အရ ပိုမိုကောင်းမွန်သောအချက်များတောင်းရမည့်အခြေသို့ ရောက်ပါသည်။

ငွေရလိုမှုတွင် တောင်းဆိုသော ငွေကြေးပမာဏကို အဆိုလွှာတွင်အတိအကျဖော်ပြရမည်။ မရှင်းလင်းရသောစာရင်းအပေါ် တရားလို ရပိုင်ခွင့်ကို တောင်းဆိုသောအမှုများ၌ ခန့်မှန်းချေကို ဖော်ပြနိုင်သည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်းဥပဒေ ၂ တွင်ပြဆိုပါသည်။ စာရင်းမရှင်းရသေးလျှင်သော်လည်းကောင်း အပေးအယူရှုပ်ထွေးလျှင်သော်လည်းကောင်း၊ အမှုခေါင်းစဉ်တွင် ငွေရလိုမှုဟုသာရေးပြီး တောင်းဆိုသောသက်သာခွင့်တွင် ငွေမည်မျှတောင်းဆိုကြောင်း၊ ရထိုက်ကြောင်း ဖော်ပြရန်သင့်ပါသည်။ များသောအားဖြင့် ခေါင်းစဉ်ကိုသာ အဓိကထားပြီး အဆိုလွှာတွင် မည်သည့်သက်သာခွင့်ကို လိုချင်ကြောင်း မည်သည်ကိုလက်ရောက်ရလိုကြောင်း အတိအကျဖော်ပြခြင်းမပြုကြသည်ကို တွေ့ရတတ်ပါသည်။

ပဋိညာဉ်အရ စရန်ငွေနှစ်ဆ ရလိုကြောင်းစွဲဆိုမှုတွင် စရန်ငွေ သိန်း ၆၀၀ ၏နှစ်ဆ သိန်း ၁၂၀၀ ရလိုမှုဟု တရားလိုက ခေါင်းစဉ်တပ်ပါသည်။ စရန်ငွေအဖြစ် သိန်း ၆၀၀ ပေးရန်သဘောတူကြ၍ စာချုပ်တွင် စရန်ငွေ သိန်း ၆၀၀ ပေးကြောင်း ဖော်ပြချုပ်ဆိုကြသည်။ အမှန်တကယ်ပေးသော စရန်ငွေမှာ အရောင်းအဝယ်ဖြစ်ပြီးနောက် ရခွင့်ရှိလာမည့် ငှားရမ်းခ ငွေသိန်း ၅၀ ကို တရားလိုက ခုနှိမ်၍ တရားပြိုင်ထံသိန်း ၅၅၀ သာပေးခဲ့ခြင်းဖြစ်ကြောင်း တရားပြိုင်ကချေပသည်။ စာချုပ်တွင်လည်း ခုနှိမ်ကြောင်း ဖော်ပြထားသည်။

အရောင်းအဝယ်မှာ အပြီးသတ်ခြင်းမရှိ၍ ၎င်းတောင်းခွင့်ရှိသောစရန်ငွေအတွက် တရားလိုသည် အဆိုလွှာကို ပြင်ဆင်ရတော့မည်။ ခေါင်းစဉ်ပါ ပြင်ခွင့်တောင်းလျှင် အငြင်းပွားဖွယ်ကြုံတွေ့ရမည်ကို သတိပြုပါလေ။ အကယ်၍သာ 'ပဋိညာဉ်အရ စရန်နှစ်ဆရလိုမှု'ဟုသာ ခေါင်းစဉ်တပ်ခဲ့လျှင် အဆိုလွှာအပိုဒ်အချို့ကိုသာ ပြင်ဆင်ခွင့်တောင်းရမည်။ အဆိုလွှာကို ပြင်ဆင်ရန် မလျှောက်ထားသည့် တိုင်အောင်လည်း တရားပြိုင်၏ ချေပချက်အရ အမှု၌ ပေါ်ပေါက်သည့်အတိုင်း သက်သာခွင့်ပေးနိုင်မည်ဖြစ်ပါသည်။ မည်သူ့ကိုမှ မရည်ရွယ်ပါ။ လိုအပ်ချက်များသတိပြုမိကြစေရန်သာ ရည်ရွယ်ရေးသားတင်ပြခြင်းဖြစ်ပါသည်။

**တင်တင်မာ(တရားရေး)**

# မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အမှုအခင်းများကို အကျဉ်းချုပ်လေ့လာတင်ပြခြင်း

ဒေါက်တာမင်းသိန်း
(တရားလွှတ်တော်ရှေ့နေ)

**နိဒါန်း**

ကမ္ဘာ့ကုန်သွယ်ရေး၏ ၉၀ % သည် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်ကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍတွင်လည်း ၂၀၁၈–၂၀၁၉ ခုနှစ်အတွက် ပို့ကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇,၀၆၀.၄၁၅ သန်းအနက် ပင်လယ်ရေကြောင်းမှ ၉,၈၄၁.၂၄၆ သန်းဖိုး တင်ပို့ခဲ့ပြီး သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈,၀၈၆.၅၉၇ သန်းအနက် ပင်လယ်ရေကြောင်းမှ ၁၅,၀၁၈.၂၂၉ သန်းဖိုးတင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ အဆိုပါစုစုပေါင်းကုန်သွယ်မှုကို လေ့လာကြည့်လျှင် စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၅,၁၄၇.၀၁၂ သန်းတွင် ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုတန်ဖိုးမှာ ၂၄,၈၅၉.၄၇၅ သန်းဖိုးဖြင့် (၇၀–၇၂) % ကျော် ပါဝင်ကြောင်းတွေ့ရှိရပါသည်။[၁]

**၁။ မြန်မာနိုင်ငံ၏ ပင်လယ်ပြင်နယ်နိမိတ်**

မြန်မာနိုင်ငံသည် ၂၈၀၀ ကီလိုမီတာရှည်လျားသည့် ကမ်းရိုးတန်းရှိပြီး အဓိကဆိပ်ကမ်းမြို့ကြီးများ အဖြစ် ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်ဆိပ်ကမ်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေဆိပ်ကမ်း၊ ကျောက်ဖြူ ဆိပ်ကမ်း၊ သံတွဲဆိပ်ကမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ဆိပ်ကမ်း၊ မွန်ပြည်နယ်တွင် မော်လမြိုင် ဆိပ်ကမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ဆိပ်ကမ်း၊ မြိတ်ဆိပ်ကမ်း၊ ကော့သောင်းဆိပ်ကမ်းတို့ ရှိပါသည်။ ယင်းတို့အနက် ရန်ကုန်ဆိပ်ကမ်းမှာ မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းဖြစ်ပြီး သွင်းကုန် ပို့ကုန် အားလုံး၏ (၉၀) % ရာခိုင်နှုန်းကို ကိုင်တွယ်ဆောင်ရွက်ပါသည်။ အဆိုပါဆိပ်ကမ်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံအုပ်ချုပ်ပါသည်။

**၂။ ပင်လယ်ရေကြောင်းအမှုအခင်းများ**

ပင်လယ်ရေကြောင်းအမှုအခင်းများကို ပြစ်မှုဆိုင်ရာမှုခင်းများနှင့် တရားမဆိုင်ရာအမှုအခင်းများဟု ခွဲခြားနိုင်ပါသည်။

---

၁။ https://www.commerce.gov.mm/en/content/ ဘဏ္ဍာနှစ်အလိုက် ပုံမှန်/နယ်စပ် ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှု ပမာဏအခြေအနေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**ပြစ်မှုဆိုင်ရာမှုခင်းများ** ဆိုသည်မှာ ဥပမာအားဖြင့် အောက်ပါမှုခင်းများပါဝင်ပါသည် -
(က) ပင်လယ်ဓားပြမှု။
( ခ ) လုယက်တိုက်ခိုက်မှု၊
( ဂ ) အဓမ္မသိမ်းယူမှု၊
(ဃ) ကျူးကျော်ဝင်ရောက်မှု၊
( င ) သင်္ဘော၏ ဆေးရောင်နှင့် နိုင်ငံအလံကို မမှန်မကန်အသုံးပြုမှု၊
( စ ) နိုင်ငံတကာပင်လယ်ပြင်၌ ကျူးလွန်သော အခြားပြစ်မှုများ။
**တရားမဆိုင်ရာအမှုအခင်းများ**တွင် ဥပမာအားဖြင့် အောက်ပါအမှုအခင်းများ ပါဝင်ပါသည် -
(က) သင်္ဘောပိုင်ဆိုင်မှု (သို့) လက်ဝယ်ထားမှုနှင့်ပတ်သက်သည့် တောင်းဆိုမှု၊
( ခ ) သင်္ဘောပိုင်ရှင်များအကြားသင်္ဘောလက်ဝယ်ထားခြင်း၊ သင်္ဘောအမှုထမ်းများခန့်ထားခြင်း (သို့) စီးပွားရှာခြင်းဆိုင်ရာ တောင်းဆိုမှုများ။
( ဂ ) သင်္ဘောငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်များ၊
(ဃ) သင်္ဘောကြောင့်ထိခိုက်နစ်နာခြင်း (သို့) သင်္ဘောတွင် ထိခိုက်နစ်နာမှုဖြစ်ခြင်းနှင့် ဆိုင်သော ကိစ္စရပ်များ၊
( င ) မှားယွင်းမှု (သို့) ပေါ့ဆမှု (သို့) ချွတ်ယွင်းမှုကြောင့် လူကိုယ်ကို (သို့) အသက်ကို ထိခိုက်နစ်နာစေမှုများ၊
( စ ) သင်္ဘောဖြင့် သယ်ဆောင်လာသော ကုန်စည်တွင် နစ်နာဆုံးရှုံးမှုများ၊
(ဆ) သင်္ဘောဖြင့် ကုန်စည်သယ်ဆောင်ရန် ပဋိညာဉ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသောအမှုများ၊ (Merchant Shipping Act)၊
( ဇ ) သင်္ဘောဆယ်တင်ခြင်းအတွက် ရပိုင်ခွင့်များ၊
( ဈ ) သင်္ဘောဆွဲခရလိုမှု၊
(ည) ရေကြောင်းလမ်းပြခြင်းအတွက် တောင်းဆိုပိုင်ခွင့်များ၊
( ဋ ) သင်္ဘောကို မောင်းနှင်ရန် (သို့) ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ထောက်ပံ့ပေးသော ပစ္စည်းများနှင့်ပတ်သက်သည့်အမှု၊
( ဌ ) သင်္ဘော (သို့) သင်္ဘောကျင်းဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း (သို့) ကရိယာတပ်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊
( ဍ ) သင်္ဘောမာလိန်မှူးနှင့် သင်္ဘောသားများ၏ လုပ်ခလစာနှင့် အခြားငွေကြေးဆိုင်ရာတောင်းဆိုမှုများ၊
( ဎ ) သင်္ဘောနှင့် ကုန်စည်များကို အပေါင်ထား၍ ချေးသည့်ခံဝန်ချုပ်၊
(ဏ) သင်္ဘောကိုပေါင်နှံခြင်း၊
(တ) သင်္ဘောကို (သို့) သင်္ဘောဖြင့်သယ်ဆောင်သည့် ကုန်စည်ကို ဖမ်းဆီးထိန်းသိမ်းခြင်း။

**၃။ ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေများ**

**၃၊ ၁။**မြန်မာနိုင်ငံတွင် ပင်လယ်ရေကြောင်းနှင့်ပတ်သက်၍ သင်္ဘောမှတ်ပုံတင်ခြင်း၊ သင်္ဘောကုန်တင် တန်ဆာလက်မှတ်၊ ကုန်သင်္ဘောများ စသည်တို့နှင့်ပတ်သက်သော ပြည်တွင်းဥပဒေများမှာ အောက်ပါ

အတိုင်းဖြစ်ပါသည် –

(က) Myanmar Registration of Ships Act 1841

( ခ ) Bills of Lading Act 1856

( ဂ ) Carriers Act 1865

(ဃ) The Ports Act 1908

( င ) Myanmar Merchant Shipping Act 1923

( စ ) Myanmar Carriage of Goods by Sea Act 1925

(ဆ) Myanmar Lighthouse Act 1937

( ဇ ) ၁၉၅၂ ခုနှစ် ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များ အက်ဥပဒေ

(ဈ) ၂၀၁၄ ခုနှစ် ဘက်စုံပို့ဆောင်ရေးဥပဒေ

(ည) ၂၀၁၅ ခုနှစ် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ

( ဋ ) ၂၀၁၅ ခုနှစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ

( ဌ ) ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ။

**၃၊ ၂။ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ**

မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်[၂] –

(က) Convention on the International Maritime Organization, 1948 (IMO CONVENTION);

( ခ ) International Convention for the safety of Life at Sea, 1974 (SOLAS);

( ဂ ) International Convention for the Prevention of Pollution from Ships, 1973, as modified by the Protocol of 1978 (MARPOL 73/78) and amendments;

(ဃ) International Convention on Standards of Training ,Certification and Watch keeping for Seafarers, 1978, as amended (STCW);

( င ) International Convention on Load Lines, 1966, (LL66);

( စ ) International Convention on Tonnage Measurement of Ships, 1969 (TONNAGE 69);

(ဆ) Convention on the International Regulations for Preventing Collisions at Sea, 1972 as amended, (COLREG 1972):

( ဇ ) Protocol of 1992 to amend the International Convention on Civil Liability for Oil Pollution Damage, 1969 (CLCPROT 1992):

(ဈ) Convention for the suppression of Unlawful Acts Against the safety of Maritime Navigation, 1988 (SUA 88);

(ည) Protocol for the Suppression of Unlawful Acts Against the Safety of Fixed Platforms located on the Continental Shelf (SUAPROT 88);

---

၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇)

( ၄ ) International Convention on Oil Pollution Preparedness, Response and Co-Operation. 1990, as amended (OPRC 1990);

( ၅ ) United Nations Convention on the Law of the Seas (UNCLOS), 1973 (1982)

( ၃ ) Maritime Labour Convention, 2006 (ILO Convention)

**၄။ ပင်လယ်ရေကြောင်းအမှုများကို စစ်ဆေးစီရင်ခြင်းဆိုင်ရာဥပဒေ**

**၄၊ ၁။ ကိုလိုနီခေတ်**

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက ပင်လယ်ရေကြောင်းကုန်သွယ်ရေး ဖွံ့ဖြိုးခဲ့ပြီး၊ ပင်လယ်ရေကြောင်းဆိုင်ရာအမှုအခင်းများကို စစ်ဆေးစီရင်နိုင်ရန်လည်း ဥပဒေနှင့် အမိန့်များ ထုတ်၍ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခဲ့သည်ကို တွေ့ရပါသည်။ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ အစောဆုံးထုတ်ပြန်ခဲ့သည့် ဥပဒေမှာ The Colonial Courts of Admiralty Act 1890 ဖြစ်ပါသည်။ အဆိုပါဥပဒေ၏ ပုဒ်မ ၇ အရ ပင်လယ်ရေကြောင်း အမှုအခင်းများနှင့်ပတ်သက်၍ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို Chief Court of Lower Myanmar က (၁၉၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်) နေ့စွဲပါ Notifications No. 9 (General) ဖြင့် "Rules under the Colonial Courts of Admiralty Act 1890" ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများကို ထပ်မံဖြည့်စွက်၍ တရားလွှတ်တော်က (၇.၅.၁၉၄၀) ရက်စွဲပါ အထွေထွေအမိန့်ကြော်ငြာစာအမှတ် ၁၃ ဖြင့် "Rules under the Colonial Courts of Admiralty At 1890" ကို ထပ်မံထုတ်ပြန်ခဲ့ကြောင်း တွေ့ရပါသည်။

**၄၊ ၂။ လွတ်လပ်ရေးရပြီးခေတ်**

လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ၂၂၆၊ ပုဒ်မခွဲ(၂) အရ အပ်နှင်းထားသော အခွင့်အာဏာဖြင့် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ The Union of Myanmar (Adaptation of Laws) Order 1948 ကိုထုတ်ပြန်ခဲ့ပြီး အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း The Colonial Courts of Admiralty Act 1890 ကို ဖျက်သိမ်းခဲ့ပါသည်။ အဆိုပါဥပဒေသည် ပယ်လယ်ရေကြောင်းအမှုအခင်းများကို စီရင်ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍ တစ်ခုတည်းသော ဥပဒေဖြစ်ပြီး၊ ယင်းဥပဒေကို ဖျက်သိမ်းခဲ့သော်လည်း အစားထိုးသည့် ဥပဒေပြဋ္ဌာန်းချက်အသစ်လည်း မရှိသေးကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ အဆိုပါဥပဒေအရ ထုတ်ပြန်ခဲ့သော "Rules under the colonial Courts of Admiralty Act 1890" (နည်းဥပဒေ) မှာ ဆက်လက် အာဏာမတည်တော့ကြောင်း သုံးသပ်ရပါသည်။

**ပင်လယ်ရေကြောင်းအမှုအခင်းများဆိုင်ရာ စီရင်ထုံးများ**

**၅၊ ၁။ ကိုလိုနီခေတ်**

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၌တည်ထောင်ခဲ့သောတရားရုံးများဖြစ်ကြသည့် Court of the Recorder of Rangoon, Court of the Judicial Commissioner of Lower Myanmar (and Special Court of the Judicial Commissioner of Upper Myanmar), နှင့် Chief Court of Lower Myanmar တို့က လက်ခံစစ်ဆေးခဲ့သည့် ပင်လယ်ရေကြောင်းအမှုအခင်းများနှင့် သက်ဆိုင်သည့်စီရင်ထုံးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) BRITISH INDIA STEAM NAVIGATION CO., LTD. vs THE TITANIA AND

KATHLEEN [1 B.L.R 2nd qr. 19]

(ခ) EDWARD PEMBROKE and Others vs S. S. GLUCKSBURG [2 B.L. R. 64]

(ဂ) ANTONIO SCHEEPSMA vs BRITISH INDIA STEAM NAVIGATION CO, LTD. [2 B. L. R. 74]

(ဃ) THE "MARY" TUG CO., LTD, vs BRITISH INDIA STEAM NAVIGATION CO., LTD. [3 B.LR. 74 P.C]

(င) TAN TAIK HUP vs IRRAWADDY FLOTILLA CO, LTD. [7 B.L.R. 236]

(စ) P. L. S. LUTCHMAN CHETTY AND TWO vs IRRAWADDY FLOTILLA CO., LTD. [3 B.L.T 38]

(ဆ) JOHN DEANE DEANE vs CARGO BOAT NO. 20 [4 B.LR 93]

(ဇ) KOE GWAN & CO. vs MAUNG SHWE I [7 B.L.R. 61]

(ဈ) OWNERS OF THE STEAMSHIP "HEIWA MARU' VS BIRD & CO.[1 Ran 78]

**၅၊ ၂။ လွတ်လပ်ရေးပြီးခေတ်**

အဆိုပါကာလအတွင်း မြန်မာနိုင်ငံတရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်၊ ဗဟိုတရားရုံးနှင့် တရားရုံးချုပ်တို့က စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သော ပင်လယ်ရေကြောင်းဆိုင်ရာ အမှုအခင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) BILASROY AND ANOTHER VS THE SCINDA STEAM NAVIGATION CO., LTD.[1940 R.L.R.552]

(ခ) CHINA-SIAM LINE BY THEIR AGENTS CHIP HWAT VS NAY YI YI STORES [1954 B.LR. (HC)270]

(ဂ) RUGLAL THANDURAM vs THE FINANCIAL COMMISSIONER (COMMERCE), BURMA [1958 B.L.R, (S.C) 154]

(ဃ) အောင်ထရေဒင်းကုမ္ပဏီနှင့် ယူနိုက်တက်လိုင်းနားအေဂျင်စီအော့(ဖ်)ဘားမားလီမိတက် - ပါ- ၂ [1963 B.L.R (CC) 475)

(င) အောင်ထရေးဒင်းကုမ္ပဏီ နှင့် ယူနိုက်တက်လိုင်းနားအေဂျင်စီအော့(ဖ်)ဘားမားလီမိတက် - ပါ- ၂ [1965 BLR (CC) 717]

(စ) THE STATE AGRICULTURAL MARKETING BOARD vs AUNG TRADING [1966 B.LR. (CC) 262]

(ဆ) SHANGRI-LA YANGON CO, LTD. vs MASTER OF MV. AKADEMIK E. PATON [၁၉၉၇ မတစ ၁၅၁]

(ဇ) SHANGRI-LA YANGON CO, LTD. vs MASTER OF MV AKADEMIKE E.PATON [၁၉၉၈ မတစ ၂၉၆]

**၅၊ ၃။ မျက်မှောက်ခေတ် (၂၀၁၀ ခုနှစ်မှ ယနေ့ထိ)**

၂၀၂၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (၂၀၁၄ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို

ပြင်ဆင်သည့် ဥပဒေအမှတ်) ပုဒ်မ ၃၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များအား ဥပဒေနှင့်အညီ ပင်လယ်ရေကြောင်းအမှုကို စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားပါသည်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ပင်လယ်ရေကြောင်းဆိုင်ရာအမှုအခင်းများနှင့်ပတ်သက်သည့် စီရင်ထုံးဖွဲ့ထားသော အမှုအခင်းများကို မတွေ့ရှိရသေးပါ။

၆။ **ပင်လယ်ရေကြောင်းအမှုများကို စစ်ဆေးစီရင်ခြင်းဆိုင်ရာဥပဒေ၏ အခြေခံအချက်များ**

ပင်လယ်ရေကြောင်းဆိုင်ရာ အမှုအခင်းများကို စစ်ဆေးစီရင်ရန်အတွက် သက်ဆိုင်ရာတရားရုံးများသို့ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်ကို အပ်နှင်းရန် သီးသန့်ပြဋ္ဌာန်းသောဥပဒေကို ဆိုလိုပါသည်။ အဆိုပါဥပဒေတွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုသည့်ပြဋ္ဌာန်းချက်များ၊ ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်ရှိသော တရားရုံးများက စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တောင်းဆိုမှုများ (maritime claims)၊ ပစ္စည်းဆိုင်ရာတောင်းဆိုမှု (action in rem)၊ လူပုဂ္ဂိုလ်ဆိုင်ရာတောင်းဆိုမှု (Action in personam)၊ သင်္ဘောကိုဖမ်းဆီးခြင်းနှင့် ပြန်လွှတ်ခြင်း (arrest and release of vessel) သင်္ဘောကို ရောင်းချခြင်း (sale of vessel)၊ ပင်လယ်ရေကြောင်းဆိုင်ရာ အခွင့်အရေး (သို့မဟုတ်) ထိန်းသိမ်းခွင့် (maritime lien) အစရှိသည်တို့ ပါဝင်ကြပါသည်။

မြန်မာနိုင်ငံတွင် ယခင်က The Colonial Courts of Admiralty Act 1890 (ဥပဒေ)နှင့် "Rules under the Colonial Courts of Admiralty Act 1890"(နည်းဥပဒေ) တို့ ရှိခဲ့ပြီး၊ ပင်လယ်ရေကြောင်းအမှုအခင်းများကို လက်ခံစစ်ဆေးစီရင်ခဲ့ရာ အဆိုပါ ဥပဒေ နှင့် နည်းဥပဒေတို့အရ ပင်လယ်ရေကြောင်း အမှုအခင်းများကို တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အဆိုလွှာတင်သွင်းခြင်းဖြင့် စတင်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

သို့ရာတွင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၂ ၌ "ထို့ပြင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြစ်မှုကြောင်းဆိုင်ရာ သို့မဟုတ် (ပင်လယ်) ရေကြောင်းဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်းသည့် ကိစ္စတစ်ရပ်ရပ်နှင့်ဖြစ်စေ၊ ရေကြောင်းသို့ ပန်းပစ္စည်းတရားရုံးများ၏ အမိန့်များနှင့် ဒီကရီများကို အယူခံဝင်ခြင်းနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိစေရ။ ထည့်သွင်းပြဋ္ဌာန်းထားရာ အဆိုပါ ပြဋ္ဌာန်းချက်မှာ တရားမကျင့်ထုံးဥပဒေ "သတ္တမပိုင်း"ပါ တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခြင်း အပိုင်းကိုသာ ပင်လယ်ရေကြောင်းအမှုများနှင့် မသက်ဆိုင်ကြောင်း ကန့်သတ်ပြဋ္ဌာန်းထားသည်ဟု ယူဆရပါသည်။ ထိုစဉ်က ပင်လယ်ရေကြောင်းအမှုများကို စစ်ဆေးစီရင်ခွင့်အာဏာမှာ တရားလွှတ်တော်၌သာရှိရာ (ထိုစဉ်က တရားလွှတ်တော်မှာ အမြင့်ဆုံးတရားရုံးဖြစ်သဖြင့်) ဆက်လက်အယူခံဝင်လိုပါက တားမြစ်ပိတ်ပင်ထားခြင်း မရှိကြောင်းကို ရည်ရွယ်သည်ဟု ယူဆရပါသည်။

ပင်လယ်ရေကြောင်းဆိုင်ရာအခွင့်အရေးအတွက် သင်္ဘောကို ဖမ်းဆီးပေးရန် တရားရုံးသို့ လျှောက်ထားခွင့်ပြုပြီး ဖမ်းဆီးမိန့်ထုတ်ပေးခဲ့ကြောင်းလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံတရားရုံးချုပ်၏ တရားမကြီးမှုအမှတ် ၁/၁၉၉၀ (ပင်လယ်ရေကြောင်းအမှု စီရင်ပိုင်ခွင့်အာဏာ) အမှုတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက MV. HER CHANG သင်္ဘောကို ဖမ်းဝရမ်း ထုတ်ပေးရန် ကျမ်းကျိန်လွှာနှင့်တကွ လျှောက်ထားခဲ့သည့် သာဓကနှင့် တရားရုံးချုပ်၏ (Admiralty Jurisdiction) Admiralty Suit or Civil Regular Suit No. 30/1972 အမှုတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းဌာနက MV, KIRLANGICLAR သင်္ဘောကို ဖမ်းဝရမ်းထုတ်ပေးရန်

ကျမ်းကျိန်လွှာကို အဆိုလွှာနှင့်အတူလျှောက်ထားခဲ့ရာ တရားရုံးချုပ်က ဖမ်းဝရမ်းထုတ်ပေးခဲ့သည့် သာဓကများရှိခဲ့ပါသည်။[၃]

**၇။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာခြင်း၊**

**၇၊ ၁။ အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ပင် The Colonial Courts of Admiralty Act 1890 ကို လိုက်နာကျင့်သုံးခဲ့သော နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံသည် International Conventions for Arrest of Ships (1952 and 1999) နှင့် the International Conventions on Maritime Liens) (1993)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သဖြင့် ဥပဒေအသစ်အဖြစ် The Admiralty (Jurisdiction and Settlement of Maritime Claims) Act, 2017 ကို ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရပါသည်။

**၇၊ ၂။ စင်္ကာပူနိုင်ငံ**

စင်္ကာပူနိုင်ငံ၏ မူလပြဋ္ဌာန်းခဲ့သော Courts (Admiralty Jurisdiction) Ordinance1961 မှာလည်း အင်္ဂလန်နိုင်ငံ၏ The Colonial Courts of Admiralty Act 1890 အပေါ်အခြေခံခဲ့ပြီး၊ နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းသဘောတူစာချုပ်များနှင့်အညီ ဥပဒေအသစ်အဖြစ် High Court (Admiralty Jurisdiction) Act 2001 ကို ပြဋ္ဌာန်းခဲ့ပါသည်။ သို့ရာတွင် စင်္ကာပူနိုင်ငံ၏ ထူးခြားချက်မှာ Singapore Chamber of Maritime Arbitration ကို ဖွဲ့စည်းတည်ထောင်ထားပြီး ပင်လယ်ရေကြောင်းဆိုင်ရာအမှုအခင်းများကို တရားရုံးပြင်ပတွင် အနုညာတနည်းဖြင့် ဖြေရှင်းနိုင်ခြင်းပင် ဖြစ်ပါသည်။

**နိဂုံး**

ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှာ ကမ္ဘာတွင်ရော မြန်မာနိုင်ငံတွင်ပါ အရေးကြီးသော အခန်းကဏ္ဍမှ ပါရှိနေပြီး၊ မြန်မာနိုင်ငံတွင် ပင်လယ်ရေကြောင်းဆိုင်ရာ အမှုအခင်းများကို လက်ခံစစ်ဆေးစီရင်ရာတွင် ကျန်ကမ္ဘာ့နိုင်ငံများနည်းတူ သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းခြင်း၊ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိမှုတို့အတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

**ဒေါက်တာမင်းသိန်း**

**(တရားလွှတ်တော်ရှေ့နေ)**

၃။ ဦးကျော်စိန်၊ တရားမလက်တွေ့နှင့် အဆိုအချေများ၊ တတိယအကြိမ်၊ ၂၀၁၆ခုနှစ်၊ စာ-၆၈၁ နှင့် စာ-၆၉၆

# အိမ်လခ၊ စဘော်ငွေ၊ လစျှော်/နှစ်ချုပ်နှင့် အပျောက်ငွေ

## (အပိုင်း – ၁)

**မောင်တင်မင်း (ရွှေနေ)**

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၄ သန်းကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင်ပင်လျှင် လူဦးရေ (၇)သန်းကျော် ရှိနေပြီဖြစ်ရာ၊ စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် အဓိကအရေးပါအရာရောက်သည့်အရေးကိစ္စမှာ နေရေးပင်ဖြစ်ပါသည်။ နေစရာမရှိသောမိသားစုတစ်စုအတွက် နေ့စဉ်ကြုံတွေ့ရမည့် စိတ်ဆင်းရဲမှု၊ ခက်ခဲမှုတို့မှာ အလွန်ကြီးမားလှသော ပြဿနာများပင်ဖြစ်ကြပါသည် ။ အဆိုပါနေရေးပြဿနာ ပြေလည်နိုင်ရန်အတွက် နေစရာအခက်အခဲရှိသူများသည် အခြားသူများပိုင်ဆိုင်သောနေအိမ်၊ အဆောက်အအုံများတွင် နေထိုင်ခွင့်များရရှိနိုင်ကြရန်ကြိုးပမ်းအားထုတ်လာကြပုံအဆင့်ဆင့်ကို လေ့လာမိပါသည်။

ဦးစွာလေ့လာမိသည်မှာ အိုးပိုင်အိမ်ပိုင်ဖြင့်နေစရာရှိသောသူများထံမှ နေရေး အခက်အခဲရှိသူများက ခေတ္တခဏစတင် နေထိုင်ခွင့်ရရှိလာရာမှအစပြု၍ အိမ်ရှင်အိမ်ငှားဆက်သွယ်မှု ပေါ်ပေါက်လာပါသည်။ ထိုသို့ဖြစ်ရသည်မှာ လူဦးရေတစ်စတစ်စ တိုးတက်ပွားများလာသော်လည်း မြေပမာဏအကျယ်အဝန်းမှာ မူလအတိုင်းအတာ အတိုင်းသာ တည်ရှိနေပါသောကြောင့် နေစရာနေရာနှင့် လူဦးရေပမာဏအချိုးမှာ မမျှမတဖြစ်လာရာ နေရေးကိစ္စပြေလည်ရေးအတွက် နည်းလမ်းစနစ်များ ရှာဖွေလာပါသည်။ ဤသို့သောအားဖြင့် နေအိမ်ခန်းဥပစာ ငှားရမ်းသောစနစ်များသည် တဖြည်းဖြည်း ပြုပြင်ပြောင်းလဲလာပါသည်။ အိမ်ရှင် အိမ်ငှားစနစ် စတင်ပေါက်ပွားသည့် အခြေအနေ အချိန်ကာလအနေအထားနှင့် ယခုလက်ရှိအခြေအနေ အချိန်ကာလအနေအထားတို့မှာ များစွာ ကွာဟ ခြားနားနေပြီဖြစ်ပါသည်။

နေအိမ်တိုက်တာ အိမ်ခန်းဥပစာငှားရမ်းမှုကို လေ့လာဆန်းစစ်ကြည့်ပါက မူလကနဦး မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေဟု ပြဋ္ဌာန်းလိုက်သောဥပဒေမှာ ၁၉၄၆ ခုနှစ်အက်ဥပဒေအမှတ် ၃၄ ဖြစ်သည်။ ယင်းအက်ဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက် ပြင်ဆင်သည့်အက်ဥပဒေနှစ်ခုထွက်လာသည်။ ၎င်းတို့မှာ ၁၉၄၇ ခုနှစ် အက်ဥပဒေအမှတ် ၁၄ နှင့် ၂၆ တို့ဖြစ်သည်။ ထိုသို့ပြင်ဆင်ချက်များထွက်လာသည်ကို တစ်စုတစ်ပေါင်းတည်း ဖြစ်စေရန်လည်းကောင်း၊ နောက်ထပ် ပြင်သင့်ရာရာတို့ကို ပြင်နိုင်ရန်လည်းကောင်း ယင်းဥပဒေကို ပယ်ဖျက်၍ ဥပဒေအသစ်အဖြစ် ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆ ကိုပြဋ္ဌာန်းလိုက်သည်။ ၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၆ ကို အတည်ပြုပြဋ္ဌာန်းလိုက်သောရက်မှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံပြန်တမ်း၌ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ ထည့်သွင်း

ကြေငြာသဖြင့် ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ယင်းပြဿနာကို ဖြေရှင်းရာတွင် တရားလွှတ်တော်ချုပ်က ပုဒ်မ ၁ ( ၃ ) ၌ "ချက်ခြင်း" အာဏာတည်စေရမည်ဟု ဖော်ပြပါရှိသဖြင့် အက်ဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့ကို ယူရမည်ဟု "အက်စ် ၊ ဟပ်က်( ခ )အစ္စလမ် နှင့် အင်၊အာမက်" (၁၉၅၀၊ တရားလွှတ်တော်ချုပ်၊ ၁၈၅ ) စီရင်ထုံး၌ အဆုံးအဖြတ်ပေးသဖြင့် ၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၆ သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်ကစ၍ အတည်ပြုပြဋ္ဌာန်းသည်ဟု မှတ်ယူရန်ရှိသည်။

၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၆ ပုဒ်မ ၁ (၃) တွင် ဤအက်ဥပဒေသည် ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့အထိသာ အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃) ဖြင့် ပုဒ်မ ၁ ( ၃ ) ကို ပြင်ဆင်လိုက်သည့်အခါ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့အထိ အတည်ဖြစ်စေရမည်ဟု ထပ်မံပြဋ္ဌာန်းသည်။[၁]

ထို့နောက်ယင်းကာလကုန်ဆုံးပြန်သောအခါ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅၂ ဖြင့် ၁၉၅၉ ခုနှစ်၊ အောက်တိုဘာ ၈ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ပြန်သည်။[၂]

ယင်းသက်တမ်းကုန်ဆုံးသည့်အခါ ၁၉၄၈ ခုနှစ် ၊ အက်ဥပဒေအမှတ် ၆ မှာ အလိုအလျောက်ချုပ်ငြိမ်းပျောက်ကွယ်သွားလေရာ ကြားကာလအဖြစ် ( ၁၂ ) နှစ်ခန့်ကြာမြင့်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မေလ ၄ ရက်နေ့မှ ၁၉၆၀ ပြည့်နှစ်အက်ဥပဒေကို ပြဋ္ဌာန်းလိုက်ကြောင်းမှတ်သားရပါသည်။[၂]

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို လေ့လာကြည့်ပါက ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက် လူနေအိမ်နှင့်အခြားအဆောက်အဦများ ရှားခြင်းကြောင့် အိုးအိမ်ပြဿနာကို ဖြေရှင်းရန်ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခြင်းဖြစ်သည်။ ပိုင်ရှင်များ၏ သာမန်အခွင့်အရေးများကိုလည်း နည်းမျိုးစုံဖြင့် ချုပ်ချယ်လိုက်သည်။ ကတိပဋိညာဉ်အားဖြင့် အဆက်အသွယ်ပြုကြခြင်းကို အမှုသည်များမည်သည့်အခါမျှ မတွေးခေါ်ဖူးသောအချက်အလက်များ လွှမ်းမိုးလိုက်ခြင်းဖြစ်ပါသည်။[၃]

အခြားတစ်ဖက်တွင်လည်း ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာသောအခါ လူအများသည် မိမိတို့၏နေအိမ်တိုက်တာ အိမ်ခန်းဥပစာများကိုစွန့်ခွာ၍ စစ်ဘေးစစ်ဒဏ်ကင်းရှင်းရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ကြရပါသည်။ မိမိတို့၏ နေအိမ်တိုက်တာအဆောက်အအုံများကို အသက်ဘေးကြောင့် စွန့်ခွာထွက်ပြေးကြရသည့်တိုင်အောင်ပင် အဆိုပါ နေအိမ်တိုက်တာ အဆောက်အအုံအပေါ်သံယောဇဉ်ရှိပြီး တွယ်တာမက်မောကြပါသည်။ ထို့ကြောင့်လည်း မိမိတို့၏ နေအိမ်တိုက်တာအဆောက်အအုံများကို ကြည့်ရှုစောင့်ရှောက်ရန်အလို့ငှာ၊ အခြားသူများကို ခေတ္တလာရောက်ပြီး နေထိုင်စေပါသည်။ အိမ်ရှင်များသည် မိမိတို့၏နေအိမ်များအား စောင့်ရှောက်ပေးသောသူများကို ကျေးဇူးတင်ကြသည့်အလျောက် မူလကအိမ်ငှားများထံမှ အိမ်ငှားရမ်းခကိုပင် ရယူခြင်းမရှိဘဲ အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြပါသည်။ အချိန်ကာလကြာမြင့်လာသောအခါ အိမ်ရှင်အချို့သည် မိမိတို့နေအိမ်ခန်းများတွင် နေထိုင်သူများထံမှ အနည်းငယ်သောငှားရမ်းခငွေကြေးတစ်ရပ်ကို လစဉ်လတိုင်း သတ်မှတ်တောင်းခံလာကြပါသည်။ နောက်တွင်မူ အိမ်ငှားရမ်းနေထိုင်ခြင်းအတွက် လစဉ်ပေးရသည့် အဖိုးအခကြေးငွေတစ်ရပ်ကို အစဉ်အမြဲ သတ်မှတ်လာကြခြင်းဖြင့် အိမ်လခ ဟူ၍ စတင်ပေါ်ပေါက်လာပါသည်။သို့သော် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေများတွင် အိမ်လခဟူ၍ဖော်ပြထားခြင်းမရှိဘဲ စံငှားရမ်းခ(Standard Rent)ဟူ၍သာဖော်ပြထားသည်ကို တွေ့ရပါသည်။

ယေဘူယျအားဖြင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသည့်ငှားရမ်းခ ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

အိမ်ရှင်(Landlord) ဆိုသည်ကိုလည်း ဥပစာတစ်ခုခုနှင့်ပတ်သက်၍ အခါအားလျော်စွာ ငှားရမ်းခရထိုက်ခွင့် ရှိသူ (သို့မဟုတ်) ဥပစာကို အငှားချထားလျှင် ငှားရမ်းခကိုရထိုက်ခွင့်ရှိသူဖြစ်ကြောင်း သတ်မှတ်ထားသည်ကို မှတ်သားရပါသည်။

အိမ်ငှား(Tenant) ဆိုသည်ကိုလည်း ဥပစာအတွက် ငှားရမ်းခပေးရမည့်သူ တစ်ဦး တစ်ယောက်ကို ဆိုလိုကြောင်းနှင့် အငှားချထားမှု (သို့မဟုတ်) အငှားစာချုပ်ကုန်ဆုံးပြီးနောက် မိမိပဲဖြစ်စေ၊ လက်ရှိ နေထိုင်မြဲနေထိုင်သူ အသီးသီးပါဝင်သည်ဟု သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

**စံငှားရမ်းခ**ကိုလည်း ယေဘူယျအားဖြင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ ( စ ) အရ ပုဒ်မ ၂၇ ၌ သီးခြားဖော်ပြထားသည့်ကိစ္စများတွင် ရန်ကုန်မြို့တော်အတွက် ရန်ကုန်မြို့တော်တရားမရုံး တရားသူကြီးချုပ်၏အမိန့်နှင့် မဆန့်ကျင်စေဘဲဖြစ်စေ အခြားမြို့ပြဒေသအတွက် ပုဒ်မ ၃၂အရ သတ်မှတ်သည့်တရားသူကြီး၏အမိန့်နှင့် မဆန့်ကျင်ဘဲဖြစ်စေ ကြီးကြပ်ရေးဝန်က သတ်မှတ် ထားသော ငှားရမ်းခဖြစ်သည်ဟု ဖော်ပြထားပါသည်။

အစောပိုင်းအချိန်ကာလများတွင် အိမ်လခကို လစဉ် မှန်မှန်ပေးနေထိုင်သည့် အိမ်ငှားများကို အိမ်ရှင်တို့က မိမိတို့၏နေအိမ်များအား ကြည့်ရှုစောင့်ရှောက် ပေးကြသူများအဖြစ် ကျေကျေနပ်နပ် နေထိုင်စေပါသည်။ ထိုသို့နေထိုင်လာကြရာမှ အချိန်ကာလအတန်ကြာလာသည့်အခါ အိမ်လခများပေးရန် ပျက်ကွက်လာကြခြင်း၊ အိမ်ရှင်များက အိမ်ခန်းများ ပြန်လည်တောင်းခံလာသည့်အခါ အလွယ်တကူ ဖယ်ရှားပေးမှုမရှိခြင်း၊ မရိုးမသားပြုမူမှုများရှိလာကြသည်သာမက မိမိတို့ ငှားရမ်းရယူထားသည့် အိမ်ခန်းဥပစာကိုပင် ဖျက်ဆီးလာကြခြင်းနှင့် ထပ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းရယူထားသည့် အိမ်ခန်းဥပစာကို အပိုင်စီးခြင်းအစရှိသည့် မရိုးမသားဆောင်ရွက်မှုများကို အိမ်ငှားအချို့သည် ဆောင်ရွက် လာကြပါသည်။ ဤတွင် အိမ်ရှင်အိမ်ငှားပြဿနာများသည် တစ်စတစ်စ များပြားလာသည်နှင့်အမျှ ရှုပ်ထွေးမှုများလည်း ပေါ်ပေါက်လာကြပါတော့သည်။ ထို့ကြောင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေများကို ပြဋ္ဌာန်းလာရပါသည်။

ထိုခေတ်ထိုအချိန်ကာလ၏ အခြေအနေများအရ အဆိုပါမြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက် ဥပဒေတွင် အိမ်ရှင်၏အခွင့်အရေးကို အကာအကွယ်ပြုပေးသည်ထက် အိမ်ငှား၏အခွင့်အရေးကို သာသာ ထိုးထိုးဖြင့် အကာအကွယ်ပေးထားပါသည်။ ထိုသို့ ဒုတိယကမ္ဘာစစ်ကြီး အပြီးကာလတွင် စတင်အခြေခံခဲ့သော မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အခြေအနေများသည်လည်း တစ်စတစ်စတိုးတက် ပြောင်းလဲလာခဲ့ သည့်အလျောက် ယခုအခါတွင် များစွာကွာဟလာပါသည်။ မူလမြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက် ဥပဒေများတွင် နေအိမ်ခန်းဥပစာကို ငှားရမ်းနေထိုင်ခြင်းအတွက် ပေးရမည့် ' စံငှားရမ်းခ 'သာပါရှိပြီး 'စဘော်ငွေ' ဟူ၍ သတ်မှတ်ထားခြင်းမရှိသည်ကို မှတ်သားရပါသည်။

အိမ်ငှား၏တာဝန်မှာ ငှားရမ်းခကို လစဉ်မှန်ကန်စွာပေးရန် တာဝန်သာရှိကြောင်းနှင့် အိမ်ရှင်က ငါးရမ်းခကိုတောင်းခံရန်အတွက် တာဝန်သတ်မှတ်ပေးထားခြင်းမရှိကြောင်း တွေ့ရပါသည်။[၄] 'အိမ်ငှား' တစ်ဦးသည် တစ်ကြိမ်တစ်ခါ အိမ်ငှားဖြစ်ဖူးလိုက်သည်နှင့် အိမ်ရှင်က အဆိုပါအိမ်ငှားအား အိမ်ငှားအဖြစ်မှ ပြန်လည်ရုပ်သိမ်းဖယ်ရှားရန်မှာ လွယ်ကူတော့မည် မဟုတ်သည်ကို တွေ့ရပါသည်။ မြို့ပြဆိုင်ရာ ငှားရမ်းခ

ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂ (ဆ) တွင် အိမ်ငှားနှင့်စပ်လျဉ်း၍ 'အိမ်ရှင်၏သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရမဟုတ်ဘဲဖြစ်စေ လက်ရှိနေထိုင်မြဲနေသူ'ဟူသော စာပိုဒ်ကိုအထောက်အထားပြု၍ တစ်ကြိမ်အိမ်ငှားဖြစ်ဖူးသူသည် ရာသက်ပန်အိမ်ငှားဖြစ်ရမည်ဟူသော ယူဆချက်မှာ အခါခပ်သိမ်း မှန်ကန်မျှတခြင်း မရှိဟု ကျွန်ုပ်တို့ သုံးသပ်တွေ့ရှိရသည် ဟူ၍ လေ့လာမှတ်သားမိပါသည်။(၅)

ဤတွင်မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းစဉ်ကတည်းကရှိသော ခေတ်အခြေအနေနှင့် ပြောင်းလဲလာသောအခြေအနေတို့အရ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပါ အချို့သောဥပဒေပြဋ္ဌာန်းချက်တို့သည် ပြန်လည်ပြင်ဆင်စဉ်းစားသုံးသပ်ရမည့် အနေအထားများဖြစ်လာကြပါသည်။ ကွာဟလာသည့်အခြေအနေတစ်ရပ်မှာ ထိုစဉ်က အိမ်ငှားများနည်းပါးပြီး ငှားရမ်းလိုသည့် အိမ်ခန်းဥပစာများပြားသည့်အခြေအနေမှ **အိမ်ငှားလိုသူများပြားလာပြီး ငှားရမ်းမည့်အိမ်ခန်းဥပစာ နည်းပါးလာသည့်အခြေအနေ**သို့ ကွာဟကူးပြောင်းလာပါသည်။ ယင်းသို့ ကူးပြောင်းလာသည့်အခြေအနေအရပင် အိမ်လခများတိုး၍ကောက်ခံလာခြင်း၊ ငှားရမ်းထားသည့်အိမ်ဥပစာများမှ လွယ်လင့်တကူ ဖယ်ရှားမပေးခြင်းအစရှိသောပြဿနာများ ဆက်လက်ပေါ်ပေါက်နေဆဲဖြစ်ရာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို ပြန်လည်စဉ်းစားသုံးသပ်သင့်နေပြီ ဖြစ်ပါသည်။ ဥပမာအားဖြင့် အိမ်ရှင်တစ်ဦးသည် မိမိငှားရမ်းထားသော ဥပစာတစ်ခုကို မိမိ၏မိသားစုကိုယ်တိုင် ပြန်လည်နေထိုင်ရန်အတွက် လိုအပ်လာသည့်အခါ အိမ်ငှားထံမှလွယ်လင့်တကူ ပြန်လည်မရရှိနိုင်ခြင်း ဖြစ်ပါသည်။

အိမ်ရှင်က မိမိငှားရမ်းထားသော အိမ်ခန်းဥပစာကို အိမ်ငှားထံမှ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုပါက **အဆိုပါအိမ်ခန်းဥပစာကို (၁-၅-၁၉၄၅) နေ့က ပိုင်ဆိုင်ခဲ့ခြင်း (သို့မဟုတ်) ထိုနေ့ရက်နောက်ပိုင်းတွင် အမွေဆက်ခံခြင်းဖြင့် ပိုင်ရှင်ဖြစ်လာရန်** လိုအပ်သည်ကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁)(စ)တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ထိုသို့ (၁-၅-၁၉၄၅)နေ့က အိမ်ရှင်ပိုင်ဆိုင်ခဲ့သော အိမ်ခန်းဥပစာဖြစ်ရမည်ဆိုပါက ယခုအချိန်ကာလဖြစ်သော၂၀၂၀ပြည့်နှစ် အချိန်ကာလနှင့်တွက်ကြည့်လျှင် လွန်ခဲ့သောနှစ်ပေါင်း ၇၅ နှစ်အချိန်ခန့်ကတည်းရှိခဲ့သော အဆောက်အအုံဥပစာဖြစ်မှသာ အိမ်ရှင်သည် မိမိကိုယ်တိုင်နေထိုင်ရန်အတွက် မိမိကအငှားချထားခဲ့သော အိမ်ခန်းဥပစာကို ပြန်လည်ရရှိရန် တရားစွဲဆိုနိုင်မည်ဖြစ်ပါသည်။ ဤကိစ္စမှာ အိမ်ရှင်များအတွက် နစ်နာဆုံးရှုံးမှု၊ တရားမျှတမှုတို့ရှိနိုင်/ မရှိနိုင်ဟူသော အချက်ကို အလေးအနက်ထားစဉ်းစားရမည့် အချိန်ဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် အိမ်ရှင်များဘက်မှ မိမိတို့၏နစ်နာမှုကို အထိုက်အလျောက် အကာအကွယ်ပြုနိုင်ရန်အလို့ငှာ အိမ်လခထက်ပိုသော ငွေကြေးတစ်ရပ်ကို အိမ်ငှားများထံမှ (ခေတ္တခဏ) ရယူလာကြသည်ကို တွေ့ရပါသည်။ အဆိုပါ အိမ်လခထက်ပိုသောငွေကြေးတစ်ရပ်ကို အိမ်ရှင်အိမ်ငှားဆက်သွယ်မှုရှိနေသ၍ကာလပတ်လုံးအိမ်ရှင်က သိမ်းယူထားရှိနိုင်ပြီး၊ အိမ်ငှားက မိမိငှားရမ်းရယူထားသော နေအိမ်ဥပစာကို ပြန်လည်ပေးအပ်ဖယ်ရှားသည့်အခါတွင်မှ အဆိုပါငွေကြေးကို အိမ်ငှားသို့ ပြန်လည်ပေးကြရသည့် ဓလေ့ထုံးတမ်းတစ်ရပ်ကို အစဉ်အလာတစ်ခုအဖြစ် ဆောင်ရွက်လာကြပါသည်။ အဆိုပါ အိမ်လခထက်ပိုသော ငွေကြေးတစ်ရပ်ကို 'စဘော်ငွေ' ဟု ခေါ်ဝေါ်သတ်မှတ်လာခြင်း ဖြစ်ပါသည်။

သို့သော် ၁၉၄၈ ခုနှစ်နှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၀

တွင် မည်သူမျှ ဥပစာတစ်ခုခု အငှားချထားခြင်း (သို့မဟုတ်) အသစ်ပြန်၍ အငှားချထားခြင်း(သို့မဟုတ်) ဆက်လက်အငှားချထားခြင်းကြောင့် ငှားရမ်းခအပြင် နောက်ထပ်ဒဏ်ငွေ၊ စဘော်ငွေ(သို့မဟုတ်) အခြားငွေပေးဆောင်ရန်မတောင်းဆိုရ (သို့မဟုတ်) တစ်လအတွက် ငှားရမ်းခထက်ပိုသော စရံငွေကိုမတောင်းဆိုရဟုပြဋ္ဌာန်းသတ်မှတ်ထားသည်ကို တွေ့ရပါသည်။[၆]

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ–၁၀)ပါပြဋ္ဌာန်းချက်နှင့်၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ–၁၀ ပါပြဋ္ဌာန်းချက်အရ အိမ်ရှင်အားသာ ငှားရမ်းခအပြင် အပိုငွေတောင်းခံခြင်းမပြုရန် အဓိကအားဖြင့် တားမြစ်ထားသည်။ ငှားရမ်းသူက အိမ်ရှင်အား အပိုငွေပေးခြင်းမပြုရဟု အတိအလင်းတားမြစ်ထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့သော်လည်း ၁၉၆၂ ခုနှစ်တွင်ပင် အိမ်ငှားသည် အိမ်လခအပြင် အပိုငွေကိုပါ ပေးလာရသည့် အနေအထားမျိုး တဖြည်းဖြည်းပြောင်းလဲလာပြီကို တွေ့ရပါသည်။

အဆိုပါဥပဒေများအရ အိမ်ရှင်အနေဖြင့် နေအိမ်ဥပစာငှားရမ်းခ (အိမ်လခ) ကိုသာ ရယူခွင့်ရှိပြီး အခြားငွေကြေးတစ်စုံတစ်ရာကို အိမ်ငှားထံမှရယူနိုင်ခွင့်မရှိသည်ကိုတွေ့ရပါသည်။ အကယ်၍ အိမ်ရှင်သည် အိမ်ငှားထံမှ အိမ်လခအပြင် အခြားငွေကြေးတစ်စုံတစ်ရာ ရယူခဲ့သည်ဟုဆိုလျှင်ပင် အိမ်ရှင်တွင် အပြစ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ အိမ်ငှားနှင့် အိမ်ရှင်တို့သည် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၀) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ စဘော်ငွေအပေးအယူပြုရာ၌ အတူတူပင် အပြစ်ရှိသည်ဟု မယူဆနိုင်ကြောင်း အထက်ပါစီရင်ထုံးကပင် ဆက်လက်သုံးသပ်ထားခြင်းမှာလည်း မှတ်သားဖွယ်ပင်ဖြစ်ပါသည်။ ဤသို့ဖြင့်အိမ်ရှင်တို့သည် အိမ်ငှားများအား ငှားရမ်းထားသည့်ဥပစာမှ လွယ်လင့်တကူ ဖယ်ရှားနိုင်ရေးကိုသော်လည်းကောင်း၊ ငှားရမ်းခအပြင် အခြားအပိုငွေရရှိနိုင်ရေးအတွက်သော်လည်းကောင်း၊ အိမ်ရှင်တစ်ဦး၏အခွင့်အရေးများကို ပိုမိုကောင်းမွန်စွာရရှိနိုင်ရေးအတွက်သော်လည်းကောင်း ၊ အိမ်ရှင်အိမ်ငှား ဆက်ဆံရေး နည်းလမ်းသစ်များကို ရှာဖွေလာကြသည်ဟုဆိုရပါမည်။

ခေတ်တွေပြောင်း၊ စနစ်တွေပြောင်း၍ အိမ်ရှင်အိမ်ငှားဆက်ဆံရေးများလည်း ပြောင်းလဲလာကြရာမှ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့် 'စဘော်ငွေ'ကိစ္စသည် တစ်ဖြည်းဖြည်း ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ အိမ်ငှားသည် အိမ်ရှင်အား စဘော်ငွေပေးရသော်လည်း ထိုစဘော်ငွေမှာ ဆုံးရှုံးသွားခြင်းမရှိဘဲ အငှားရယူထားသည့် အိမ်ခန်းဥပစာမှ ပြန်လည်ဖယ်ရှားပေးသည့်အခါတွင် ပြန်လည်ရယူခွင့်ရှိသည်မှာ ဓလေ့ထုံးစံအဖြစ်တည်ရှိလာပါသည် ။ အိမ်ငှားသည် စဘော်ငွေကို ပြန်လည်ရယူခွင့်ရှိသည်ဟုဆိုရာ၌လည်း မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရဆောင်ရွက်ခြင်း မဟုတ်ဘဲ ပဋိညာဉ်ဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်သားရပါသည်။ ပဋိညာဉ်တစ်ရပ် ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရ ရရှိထားသည့် အကျိုးခံစားခွင့်ကို ရရှိထားသူက ပြန်လည် ပေးအပ်ရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ ပြဋ္ဌာန်းထားကြောင်း ဤအခြေအနေတွင် အိမ်ငှားက အိမ်ရှင်ထံမှ စဘော်ငွေပြန်ရခွင့်ရှိကြောင်း စသည်ဖြင့် ထုံးဖွဲ့ထားပါသည်။[၇] တစ်နည်းအားဖြင့်ဆိုပါက စဘော်ငွေသည် အိမ်ရှင်က အိမ်ငှားအား ပြန်လည်ပေးရမည့်ငွေဖြစ်သဖြင့် အိမ်ရှင်က ယာယီမျှသာ လက်ခံထားခွင့်ရှိသောငွေကြေးတစ်ရပ်သာ ဖြစ်ပါသည်။

ဤသည်တို့မှာ မြို့ပြဆိုင်ရာငါးရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ အိမ်ရှင်/ အိမ်ငှား ဆက်သွယ်မှု

ကြားတွင် ပေါ်ပေါက်ခဲ့သော ငှားရမ်းခ၊ စဘော်ငွေတို့အကြောင်းနှင့်ပတ်သက်၍ လေ့လာတွေ့ရှိရသမျှကို အကျဉ်းချုံး၍ တင်ပြထားခြင်းမျှသာ ဖြစ်ပါသည်။ လချုပ်၊ နှစ်ချုပ်ဖြင့် ငှားရမ်းခြင်း၊ အပျောက်စနစ်ဖြင့် နေထိုင်ခြင်းတို့ကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

**မောင်တင်မင်း (ရွှေနေ)**

**ကိုးကားစာရင်း ။**

၁။ S. HAQUE ( a ) ISLAM v N.AHMED , 1950 B.L.R (S.C) P. 185
၂။ Mrs. CONSTANCE MINOO WRITER v A.M.KHAN , 1951 B.L.R (S.C) P.169
၃။ အိမ်ရှင်အိမ်ငှားဥပဒေရေးရာစာအုပ်၊ စာ ( ၉/၁၀ ) ဦးဘသောင်းတင် (၁၉၇၈)
၄။ ဦးကျော်သိန်း နှင့် ဦးစောငါး စီရင်ထုံး ၊ ၁၉၇၉ ခုနှစ်မြန်မာနိုင်ငံတရားစီရင်ထုံးများ ၊ စာ – ၄
၅။ ဒေါ်မြမြသန်း နှင့် ဦးပွန်ဇလပ်အမှု၊ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ ၊ စာ – ၁၁၀
၆။ အမ် ၊ အေ ၊ ဝါဟစ် ပါ–၂နှင့် အဗ္ဗဒူကွာရမ် စီရင်ထုံး၊ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ (ရုံးချုပ်) စာ–၅၄၅
၇။ ဦးဝိုင်ကေး နှင့်ဒေါ်သောင်း စီရင်ထုံး ၊ ၁၉၉၀ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ (ရုံးချုပ်) စာ –၁၀၉



# အိမ်လခ၊ စဘော်ငွေ၊ လချုပ်၊ နှစ်ချုပ်နှင့် အပျောက်ငွေ

## (အပိုင်း – ၂)

**မောင်တင်မင်း (ရှေ့နေ)**

ဆောင်းပါး (အပိုင်း ၁)တွင် ဖော်ပြထားသည့်အတိုင်း အိမ်ရှင်နှင့် အိမ်ငှားအကြား ဆက်သွယ်မှုတွင် အိမ်လခ၊ စဘော်ငွေများဖြင့် အိမ်ခန်းဥပစာများကို အငှားရယူသည့်စနစ်များမှ **လချုပ်/ နှစ်ချုပ်ဖြင့် အငှားရယူ နေထိုင်ခြင်းစနစ်**သို့ တရွေ့ရွေ့ပြောင်းလဲလာသည်ကို တွေ့ရှိရပါသည်။ အထက်တွင် တင်ပြထားသည့်အတိုင်း အိမ်ငှားက အငှားကာလပြည့်မြောက်၍သော်လည်းကောင်း၊ အငှားရယူထားသည့် ဥပစာကို ပြန်လည်ပေးအပ်၍သော်လည်းကောင်း၊ မိမိတို့ပေးအပ်ထားသော စဘော်ငွေများကို အိမ်ရှင်ထံမှ အလွယ်တကူ ပြန်လည် မရရှိသည့်အခါများလည်း ရှိခဲ့ကြပါသည်။ ထိုအခက်အခဲကိုပြေလည်စေရန်နှင့် အိမ်ရှင်အိမ်ငှားနှစ်ဖက်စလုံး နစ်နာဆုံးရှုံးမှုများ မရှိစေရန်အတွက် အိမ်ရှင်အား စဘော်ငွေမပေးဘဲ သော်လည်းကောင်း၊ အိမ်ငှားအား ပြန်လည်၍ စဘော်ငွေပြန်လည်ပေးအမ်းရန်မလိုဘဲသော်လည်းကောင်း အဆင်ပြေချောမွေ့နိုင်သည့် နည်းလမ်းများအား ရှာဖွေတီထွင်လာကြသည်ကိုတွေ့ရှိရပါသည်။

ဤတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ၌ သတ်မှတ်ထားခြင်းမရှိသည့် **လချုပ်/ နှစ်ချုပ်** ဟူသော စနစ်တစ်ရပ်သည် အလိုအလျောက်ပေါ်ပေါက်လာပါသည်။ လစဉ်ပေးရမည့် ငှားရမ်းခ နှုန်းထားနှင့် ငှားရမ်းမည့်အချိန်ကာလတို့ကို သတ်မှတ်ပြီးလျှင် ကျသင့်သည့်ငှားရမ်းခငွေ စုစုပေါင်းတို့ကို အိမ်ရှင်အား အိမ်ငှားက တစ်လုံးတစ်ခဲတည်း အပြေအကြေပေးချေရပါသည်။ ဥပမာအားဖြင့် ငှားရမ်းသည့် သတ်မှတ်ကာလ အများဆုံး (၁၂) လဖြစ်သည်တွင် အိမ်လခမှာလည်း တစ်လလျှင် တစ်သိန်းကျပ် သတ်မှတ်ပါက ၁၂ လ အတွက် ကျသင့်ငှားရမ်းခငွေ ကျပ် ၁၂ သိန်းတိတိအား တစ်ခါတည်း အိမ်ရှင်သို့ ပေးချေရန်ဖြစ်ပါသည်။ ထိုသို့သော နည်းလမ်းဖြင့် ငှားရမ်းခြင်းကို လချုပ်/နှစ်ချုပ်ဖြင့် ငှားရမ်းသည်ဟူ၍ အစဉ်အလာတစ်ရပ် ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

လချုပ်/နှစ်ချုပ်ဖြင့် ငှားရမ်းသည့်စနစ်ကိုလေ့လာကြည့်ပါက ငှားရမ်းသည့်သတ်မှတ်အချိန်ကာလ ပြည့်သည်နှင့် အိမ်ငှားသည် အငှားရယူထားသောဥပစာမှ မလွဲမသွေ ဖယ်ရှားပေးရန်၊ အကယ်၍ အိမ်ငှားက ဆက်လက်ငှားရမ်းလိုသည်ကို အိမ်ရှင်ကလည်းသဘောတူလျှင် နောက်ထပ် လချုပ်၊ နှစ်ချုပ်ဖြင့် စာချုပ် အသစ်ထပ်မံချုပ်ဆိုကြရန် ဖြစ်ပါသည်။ ထို့အပြင် အိမ်ရှင်/အိမ်ငှားသဘောတူညီကြသည့် အခြားသော သတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြကြပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကို အခြေခံထားဆောင်ရွက်ခြင်းမဟုတ်ဘဲ ပဋိညာဉ်အက် ဥပဒေကို အခြေခံထား ဆောင်ရွက်သည်ဟု မှတ်ယူမိပါသည်။ ငှားရမ်းသတ်မှတ်အချိန်ကာလပြည့်သည်နှင့်

အိမ်ရှင်အိမ်ငှား ဆက်နွယ်မှုမှာ အလိုအလျှောက် ပြတ်တောက်သွားသည့် သဘောဆောင်သည်ဟု မှတ်ယူပါသည်။ ထို့ကြောင့်လည်း အိမ်ငှားသည် မိမိအငှားရယူထားသောဥပစာကို အေးချမ်းစွာ ပြန်လည်အပ်နှံသွားကြသည်ကို မြင်တွေ့ရပါသည်။ အိမ်ငှားက ငှားရမ်းရယူထားသော ဥပစာကိုပြန်လည် အပ်နှံသည့်အခါတွင်လည်း အိမ်ရှင်သည်အိမ်ငှားသို့ အပိုကြေးငွေတစ်စုံတစ်ရာကို ထပ်မံပေးရန်လိုအပ်ခြင်းမရှိသည့်အတွက် အိမ်ရှင် အိမ်ငှားပြဿနာ နည်းပါးသွားသည်ကိုလည်း တွေ့ရပါသည်။ ယခုအခါ လချုပ်နှစ်ချုပ်ဖြင့် ဥပစာငှားရမ်းမှုများ ပိုမိုပြုလုပ်လာကြပါသည်။ သို့သော် သတိပြုသင့်သည့်အချက်တစ်ချက်မှာ လချုပ်နှစ်ချုပ်ဖြင့် ဥပစာငှားရမ်းခြင်းစာချုပ်ကို ငှားရမ်းသည့်အချိန်ကာလ သက်တမ်းသည် ၁၂ လ ထက်မကျော်လွန်ရန် ဖြစ်ပါသည်။ ၁၂ လထက်ကျော်လွန်သွားပါက အဆိုပါ ငှားရမ်းခြင်းစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ သက်တမ်းတိုးလိုပါက ၁၂ လမပြည့်မီ စာချုပ်အသစ်တစ်ခု ထပ်မံချုပ်ဆိုကြရန် ဖြစ်ပါသည်။

ဤသို့ အချိန်ကာလအတန်ကြာအောင် လချုပ်နှစ်ချုပ်ဖြင့် ဥပစာများကို ငှားရမ်း နေထိုင်လာကြသည်မှတစ်ဆင့် ဥပစာကို **အပျောက်စနစ်**ဖြင့် ဝယ်ယူနေထိုင်ခြင်းကို တစ်စတစ်စပြောင်းလဲလာကြပြန်ပါသည်။

ဤသို့ဖြင့် ခေတ်အခြေအနေများ ပြောင်းလဲသည်နှင့်အမျှ ၁၉၄၈ ခုနှစ်ကတည်းက တည်ရှိခဲ့သော နေအိမ်အဆောက်အအုံတို့မှာ ဟောင်းနွမ်းပျက်စီးချွတ်ယွင်းလာကြပါတော့သည်။ အချို့သော အဆောက်အအုံတို့မှာ လူနေထိုင်ရန်ပင် မသင့်တော်တော့ဘဲ အန္တရာယ်ရှိလာနိုင်သည့် အနေအထားမျိုးဖြစ်လာပါသည်။ ထို့ကြောင့်လည်း အဆောက်အအုံဟောင်းများကို ဖျက်သိမ်း၍ နေအိမ်အဆောက်အအုံအသစ်များကို ဆောက်လုပ်လာကြပါသည်။ ငွေကြေးပြည့်စုံသူများသည် မိမိတို့ကိုယ်တိုင် အဆောက်အအုံအသစ်ကို တည်ဆောက်လာကြသည့်နည်းတူ ငွေကြေးမပြည့်စုံသူများကလည်း အဆောက်အအုံဆောက်လုပ်သည့် ကန်ထရိုက်တာများထံအပ်နှံ၍ အဆောက်အအုံသစ်များ ဆောက်လုပ်လာကြပါသည်။ ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံတွင် ဖြစ်ပေါ်လာသော တိုက်ခန်းများကို အိမ်ရှင်နှင့်ကန်ထရိုက်တာတို့ သဘောတူသတ်မှတ်ထားသည့်အတိုင်း ခွဲဝေရယူပါသည်။ မိမိတို့အသီးသီးရရှိကြသည့် ဥပစာတိုက်ခန်းအသီးသီးကို ရောင်းချရာတွင် အဆောက်အဦတည်ရှိရာ မြေပိုင်ဆိုင်သည့်မြေရှင်၏ အခန်းကဏ္ဍသည်အရေးပါလာပါသည်။ တစ်ခါတစ်ရံတွင် မြေရှင်နှင့်တိုက်ခန်း (ဥပစာ) ပိုင်ရှင်သည် တစ်ဦးတည်းဖြစ်နိုင်သကဲ့သို့ တစ်ခါတစ်ရံတွင် သီးခြားစီလည်းဖြစ်နိုင်ပါသည်။

ဤတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော **'အပျောက်'** ကိစ္စသည် ၁၉၉၀ ခုနှစ်ခန့်တွင် စတင်ပေါ်ပေါက်လာပါသည်။ ယနေ့အိမ်ငှားအဖြစ်ခံယူရန်အတွက် အိမ်ရှင်တို့က အိမ်ငှားထံမှ ငှားရမ်းခအပြင် အပိုငွေ (အပျောက်ငွေ) အမြောက်အများကို တစ်လုံးတည်း တောင်းခံရယူလေ့ရှိကြသည်။ ထိုသို့အိမ်ငှားက အိမ်ရှင်အား အပြီးအပိုင်ပေးအပ်ထားရသော အခြားအပိုငွေ (အပျောက်ငွေ)ကိုလည်း အိမ်ငှားက အိမ်ရှင်ထံမှပြန်ရရန် တောင်းခံတရားစွဲဆိုခွင့် ရှိရမည်သာဖြစ်ကြောင်း အလျဉ်းသင့်၍ မှတ်ချက်ပြုထားသည်ကို တွေ့ရပါသည်။[၁]

တိုက်ခန်းအပျောက် အရောင်းအဝယ်စနစ်နှင့် ပတ်သက်၍ အပျောက်စနစ်သည် နေထိုင်ပိုင်ခွင့်အတွက် တန်ရာတန်ကြေးပေး၍ ဥပစာကိုလွှဲပြောင်း ရယူထားသော စနစ်ဖြစ်သည်။ ရန်ကုန်မြို့တွင် တိုက်ခန်းများကို အိမ်ငှားအချင်းချင်း အပျောက်စနစ်ဖြင့် အဆင့်ဆင့်လွှဲပြောင်း ရောင်းချသည့်စနစ်ကို အများပြည်သူအနေဖြင့်

လက်ခံကျင့်သုံးလျက်ရှိသည်။ အချင်းဖြစ် အိမ်ခန်းအား အပျောက်စနစ်ဖြင့် ဝယ်ယူထားသူက နေထိုင်ပိုင်ခွင့်ကို အဆင့်ဆင့်လွှဲပြောင်း ရောင်းချနိုင်သည်ဟု သုံးသပ်ထားသည်ကိုမှတ်သားရပါသည်။[၂]

**'အပျောက်ပေးခြင်း'**နှင့်စပ်လျဉ်း၍ အပျောက်ပေးသည့်ကိစ္စကို ဥပဒေကအသိအမှတ်မပြုကြောင်းနှင့် အပျောက်ပေးခြင်းမှာ ငှားရမ်းလိုသည့်ဥပစာတွင် နေထိုင်ခွင့်ရရန်အတွက် အိမ်လခအပြင် အပိုဆောင်း ပေးသည့်ငွေကြေးဖြစ်သည်။ နေထိုင်ခွင့်ကို ငွေနှင့်လဲလှယ်ယူခြင်းသာဖြစ်သည်။ အပျောက်ပေးခြင်းက ဥပဒေအရ အိမ်ငှားအား နှင်ခွင့်ကိုအတားအဆီးမဖြစ်နိုင်ပေဟူ၍ ထုံးဖွဲ့ ရှင်းလင်းပေးထားပါသည်။[၃]

အိမ်ငှားတစ်ဦးသည် မိမိငှားရမ်းနေထိုင်သည့် ဥပစာကို တစ်ဆင့်ပြန်လည်၍ အငှားချထားခွင့်ရှိသည်။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည်၍ အငှားချထားရာ၌ ရန်ကုန်မြို့၌ အများလက်ခံကျင့်သုံးလျက်ရှိသော **အပျောက်စနစ်(နေထိုင်ပိုင်ခွင့်အတွက်တန်ရာတန်ကြေးပေး၍ ဥပစာကိုလွှဲပြောင်းရယူသည့်စနစ်)** ဖြင့် ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့်တို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည် ။ ထိုကဲ့သို့ တစ်ဆင့်ပြန်လည် အငှားချထားရန် ဆောင်ရွက်သည့်အခါ အဆောက်အဦပိုင်ရှင်၏ ကြိုတင်ခွင့်ပြုချက်ကိုရယူပြီးမှ ဆောင်ရွက်ရ မည်ဟု ပြဋ္ဌာန်းချက်မတွေ့ရပေဟူသော သုံးသပ်ထားမှုကို သိရှိထားရန်လိုပါသည်။[၄]

အပျောက်စနစ်ဖြင့် ရောင်းချခြင်းသည် လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဖြစ်သည်။ လွှဲပြောင်း ပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဆိုသည်မှာ ငှားရမ်းသည့်ကာလသတ်မှတ်ချက်မရှိဘဲ အိမ်ငှားက ဥပစာလက်ဝယ်ထား ပိုင်ခွင့်ကိုဝယ်ယူ၍ အိမ်ရှင်အား ငှားရမ်းခကိုသာပေးသည့် ငှားရမ်းခြင်းကိုဆိုကြောင်း လေ့လာမှတ်သား ရပါသည်။[၅]

မြေရှင်၏မြေပေါ်တွင် အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ထားသော အဆောက် အအုံတွင် ကန်ထရိုက် (သို့မဟုတ်) အိမ်ရှင်တို့ထံမှ ကိုယ်ပိုင်အိမ်ခန်းအဖြစ် ငွေပေးချေဝယ်ယူရာတွင် နေထိုင်ခွင့်အတွက်ပေးရသော လစဉ်ကျသင့်ငွေနှင့် အခန်းပိုင်ရှင်အမည်ပြောင်းခအဖြစ်သာ သဘောသက် ရောက်သည်ဟု မှတ်ယူဆုံးဖြတ်မှသာ တရားမျှတ မှန်ကန်နိုင်မည်ဟု ယူဆပါသည်။[၆]

ဤတွင် အပျောက်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်ကိစ္စ၌ **အခန်းပိုင်ရှင်အမည်ပြောင်းခ** ဟူသော သတ်မှတ်ချက်တစ်ခုကို တွေ့လာရပြန်ပါသည်။ အပျောက်စနစ်ဖြင့်တိုက်ခန်းရောင်းချရာ၌ ရောင်းသူသည် အိမ်ရှင်/မြေရှင်သော်လည်းကောင်း၊ ကန်ထရိုက်တာသော်လည်းကောင်း၊ အခန်းကိုလက်ရှိဝယ်ယူထားသော အခြားသူသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ အပျောက်စနစ်သည် အိမ်ရှင်အိမ်ငှားဆက်သွယ်ပုံအဆင့်ဆင့် ပြောင်းလဲလာရာမှ ပေါ်ပေါက်လာသော ရလာဘ်ဖြစ်သည်နှင့်အညီ အိမ်ရှင်ဖြစ်သူ (အဆောက်အအုံတစ် ခုလုံးကိုပိုင်ဆိုင်သူ/မြေရှင်) အား အိမ်ခန်းငှားရမ်းခကိုပေးရမည်မှာ အိမ်ငှားတာဝန်တစ်ရပ်ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုပါက လက်ရှိအိမ်ငှားသူက ၎င်း၏နေထိုင်ပိုင်ခွင့်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းပေးအပ်ခြင်းအပေါ် အိမ်ရှင်ဖြစ်သူက အဆိုပါအခြားသူတစ်ဦးအား အိမ်ငှားအဖြစ် ဆက်လက် အသိအမှတ်ပြုပေးရပါသည်။ ထိုသို့ အသိအမှတ်ပြုပေးရခြင်းအတွက် အခန်းပိုင်ရှင်အမည်ပြောင်းခအဖြစ် ငွေကြေးတစ်ရပ်ကို အခန်းရောင်းသူက မြေရှင်/အိမ်ရှင်သို့ ပေးရသည်မှာလည်း အစဉ်အလာတစ်ရပ် ဖြစ်လာပါသည်။ အဆိုပါတိုက်ခန်းကို နောက်ထပ်အဆင့်ဆင့် အကြိမ်ကြိမ် လွှဲပြောင်းရောင်းချလိုက်သည့် အခါတိုင်းတွင် ရောင်းသူက အိမ်ရှင်/မြေရှင်အား ပိုင်ရှင်အမည်ပြောင်းခအဖြစ် ထုံးစံအတိုင်း မပျက်မကွက် ပေးရန် သတ်မှတ်ထားသကဲ့သို့ ဆောင်ရွက်လာကြပါသည်။

အခန်းပိုင်ရှင်အမည်ပြောင်းခ ငွေကြေး သတ်မှတ်ချက်မှာ တိုက်ခန်းတည်ရှိရာ နေရာဒေသ

တိုက်ခန်းအထပ်အနိမ့်အမြင့်တို့အပေါ်မူတည်လျက်သော်လည်းကောင်း၊ အချို့နေရာဒေသများတွင် ငွေကြေးတစ်စုံတစ်ရာ သတ်မှတ်လျက်သော်လည်း ကောင်း၊ အချို့နေရာဒေသများတွင် တိုက်ခန်းရောင်းချတန်ဖိုးငွေ၏ (၂%) မှ(၁၀%) အထိ ကိုသော်လည်းကောင်း၊ တိုက်ခန်းရောင်းသူက မြေရှင်/အိမ်ရှင်သို့ပေးရပါသည်။ အခန်းပိုင်ရှင်အမည်ပြောင်းခငွေမှာ မြေရှင်/အိမ်ရှင်က အပြီးအပိုင်ရရှိသော ငွေကြေးတစ်ရပ်ဖြစ်ပြီး၊ မြေရှင်/ အိမ်ရှင်၏တာဝန်မှာ တိုက်ခန်းဝယ်ယူသူအား (အိမ်ငှားအဖြစ်) ဆက်လက်အသိအမှတ်ပြုပေးရန်သာ တာဝန်ရှိပါသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ (၁၀၈)(ဂျေ)အရ အိမ်ငှားသည် ထပ်ဆင့်အငှားချထားနိုင်သည်။ အခန်းကို အပျောက်စနစ်ဖြင့်ရောင်းခြင်းသည် အမှန်တကယ် ရောင်းချခြင်းမဟုတ်ဘဲ လွှဲပြောင်းပိုင်ခွင့်ဖြင့် ထပ်ဆင့်ငှားရမ်းခြင်းသာဖြစ်သည်ဟု ဆုံးဖြတ်ထားပါသည်။

ဆက်လက်သုံးသပ်ထားသည်မှာ အပျောက်စနစ်ဖြင့် ရောင်းချခြင်းသည် လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဖြစ်သည်။ လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်း ဆိုသည်မှာ ငှားရမ်းသည့်ကာလ သတ်မှတ်ချက်မရှိဘဲ အိမ်ငှားက ဥပစာလက်ဝယ် ထားပိုင်ခွင့် (သို့မဟုတ်) နေထိုင်ပိုင်ခွင့်ကိုဝယ်ယူ၍၊ အိမ်ရှင်အား ငှားရမ်းခကိုသာ ပေးသည့်ငှားရမ်းခြင်းကိုဆိုသည်ဟု ရှင်းလင်းပြထားပါသည်။ [၅]

အထက်ဖော်ပြပါအချက်အလက်များကို ထောက်ထားပါက အပျောက်ဖြင့်ဝယ်ယူသည့် တိုက်ခန်းသည် တိုက်ခန်းပိုင်ရှင် (သို့မဟုတ်) တိုက်ခန်းလက်ရှိဖြစ်သူထံမှ သတ်မှတ်သည့်တိုက်ခန်းတန်ဖိုးငွေကို အပြေအကြေပေးချေ၍ နေထိုင်ခွင့်နှင့် အခြားသူတစ်ဦးအား ထပ်ဆင့်လွှဲပြောင်းပိုင်ခွင့်ရရှိသည့် တိုက်ခန်းဖြစ်ကြောင်း ပေါ်ပေါက်ပါသည်။ လက်ရှိဖြစ်သူက တိုက်ခန်းကိုရောင်းချမည်ဆိုပါက အိမ်ရှင်အားအသိပေးရန် လိုအပ်သည့်ပြင် ဝယ်သူသည်အိမ်ရှင်၏ အသိအမှတ်ပြုခြင်းကိုရယူရန်လည်း လိုအပ်ပါသည်။ ထို့ပြင် အဆောက်အဦပိုင်ရှင်/အိမ်ရှင်သို့ အိမ်ငှားအဖြစ် အမည်ပြောင်းခကိုလည်း ပေးရမည်ဖြစ်ပါသည်။

ဤသည်တို့မှာ တိုက်ခန်းများကို အပျောက်စနစ်ဖြင့် ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်များဖြစ်ကြသော အိမ်လခ၊ စဘော်ငွေ၊ အပျောက်ငွေနှင့် တိုက်ခန်းပိုင်ရှင်အမည်ပြောင်းခများအကြောင်းတို့ကို လက်လှမ်းမီသမျှ လေ့လာတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

တည်လျက်ဖြစ်သောမြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကို ယနေ့ခေတ်အခြေအနေနှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်သင့်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

**မောင်တင်မင်း (ရွှေနေ)**

**ကိုးကားစာရင်း။**

၁။ ဦးဂှာကေးနှင့်ဒေါ်သောင်း စီရင်ထုံး ၊ ၁၉၇၀ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ ၊ စာ – ၁၀၉

၂။ ဦးအောင်သန်း နှင့် ဒေါ်ခင်ရီ ပါ၃ အမှု ၊ နိုင်ငံတော်တရားရုံးချုပ် ၊ ၁၉၉၅ ခုနှစ် ၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် (၃၅၃)

၃။ ဦးလင်ကျန်ဟင်းနှင့်ဦးတင်မြင့် စီရင်ထုံး ၊ ၁၉၇၀ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများစာ–၉၀

၄။ ဒေါ်ငွေသိန်းနှင့်ဒေါ်သိန်းညွန့် စီရင်ထုံး ၊ ၁၉၉၃ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ – ၁၇

၅။ ဒေါ်ခင်ဌေးသန်းနှင့်ဦးကိုဌေးပါ၂ စီရင်ထုံး ၊ ၂၀၀၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ–၁၉၀

၆။ ဒေါ်ခင်စိုးပါ၂ နှင့် ဦးစန်းဦးပါ၂ အမှု၊ နိုင်ငံတော်တရားရုံးချုပ်၏ ၁၉၉၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် (၁၈)

# တရားစီရင်ရေးဆိုင်ရာ



# မှတ်သားဖွယ်ရာ စာချွန်တော်အမိန့်ရလိုမှုများ

တင်ပြသူ –ဒေါ်မိမိစိန်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း တရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်ခဲ့သော စာချွန်တော်အမိန့်ရလိုမှုများ များပြားစွာ ရှိခဲ့သဖြင့် စီရင်ထုံးပြုခဲ့သော အမှုများမှာ ၃၁၅ မှုခန့်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဤသည်မှာ ပါလီမန်ခေတ်တွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ နစ်နာမှုအတွက် ကုစားမှုများဟု ဆိုနိုင်သော်လည်း လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ စာချွန်တော်အမိန့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်မရှိပါသောကြောင့် ယင်းကာလမှစ၍ ၂၀၁၀ ပြည့်နှစ်တိုင်အောင် တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမှုများ တင်သွင်းခြင်း၊ ဆုံးဖြတ်ခြင်းများ မရှိခဲ့ပေ။

ယခုကာလ ဒီမိုကရေစီခေတ်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)၊ ပုဒ်မ ၃၇၇ နှင့် ၃၇၈ တို့တွင် ဤအခန်း၌ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထိုသို့လျှောက်ထားလာသည့် ကိစ္စရပ်များအပေါ် စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ အလားတူပင် အခန်း(၆)၊ ပုဒ်မ(၂၉၆) တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်(၅) မျိုး (ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့်) ထုတ်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

နိုင်ငံသားများသည် မိမိတို့အားပေးထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ စာချွန်တော်အမိန့်ရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၈ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်ပေသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ရယူလိုကြောင်း လျှောက်ထားသည့် လျှောက်ထားမှုများကိုလေ့လာရာ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လျှောက်ထားမှုပေါင်း (၂၇၀၂) မှုရှိခဲ့ပြီး၊ ကြားနာပြီးသည့်အမှုပေါင်း(၂၅၇၅)မှုအနက် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးသည့်အမှုပေါင်းမှာ (၂၈၁) မှုရှိခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ စီရင်ထုံးပြုသောအမှုပေါင်းမှာ (၃၇)မှုဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရန် စာချွန်တော်အမိန့်များထုတ်ဆင့်ပေးလျက်ရှိပြီး စာချွန်တော်အမိန့်လျှောက်ထားရယူလိုသူမှ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်လွှာများ

ပြည့်စုံမှန်ကန်စွာတင်သွင်းရမည်ဖြစ်သည်။ ပြည်သူများသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား ကောင်းစွာနားလည်သဘောပေါက်စေရန် လေ့လာ၍ အသုံးပြုခြင်းဖြင့် မိမိတို့၏နိုင်ငံသားဆိုင်ရာအခွင့်အရေးများနှင့် ဥပဒေ၏အကာအကွယ်တို့ကို အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေဖြင့် ပြည်သူများ တရားမျှတမှုရရှိစေရေးအတွက် ဥပဒေနှင့်အညီ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ရလိုကြောင်း လျှောက်ထားသည့်အမှုများအနက်မှ Myanmar Supply Company Limited ၏ မန်နေဂျင်းဒါရိုက်တာက နိုင်ငံတော်အကြီးအကဲနှင့် အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတ၏အမိန့်အရသိမ်းဆည်းထားသည့်ပစ္စည်းများ ပြန်လည်ထုတ်ပေးရန် အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်ရလိုကြောင်း လျှောက်ထားသည့်အမှုတွင် ချမှတ်သည့်အမိန့်ကို အောက်ပါအတိုင်းဖော်ပြလိုက်သည် –

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် – ၂၉**

| | | |
|---|---|---|
| ဦးမောင်မောင်လေး၊<br>မန်နေဂျင်းဒါရိုက်တာ<br>Myanmar Supply Company Limited | နှင့် | ဒုတိယရဲမှူးကြီးစိုးနိုင်ဦး<br>ဒုတိယတပ်ဖွဲ့ခွဲမှူး၊<br>အောက်မြန်မာနိုင်ငံ မှုခင်းတပ်ဖွဲ့ခွဲ ၊<br>အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

လျှောက်ထားသူအတွက် – ဦးတင်သောင်း၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးအောင်သန်းမြင့်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး။

**အမိန့်**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈) ရပ်ကွက်၊ လမ်း–၃၀(အထက်)၊ အမှတ် ၁၉၀ ရှိ Myanmar Supply Co.,Ltd မှ တရားဝင်တင်သွင်းပြီး တစ်ဆင့်ပြန်လည်ရောင်းချလျက်ရှိသည့် ဆိုဒီယမ်ဆိုင်ယာနိုက် ( Sodium Cyanide-NaCN ) ဓာတုကုန်ကြမ်းပစ္စည်း ကီလိုဂရမ် ၅၀ ပါ ၃၂၂ ပုံးကို လူနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းဟု အကြောင်းပြ၍ အောက်မြန်မာနိုင်ငံမှုခင်းတပ်ဖွဲ့က အသင့်ပြုလုပ်လာသော လွှဲပြောင်းအပ်နှံသည့် စာချုပ်စာတမ်း၌ လက်မှတ်ရေးထိုးစေလျက် ၁၂–၇–၂၀၁၁ ရက်နေ့တွင် ဥပဒေမဲ့ သိမ်းဆည်းသွားခဲ့သည်ဆိုကာ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်

ထုတ်ဆင့်ပေးရန် ယင်းကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်လေးက လျှောက်ထားလာသဖြင့် ပေါ်ပေါက်လာသောအမှုဖြစ်သည်။

လျှောက်ထားသူ ဦးမောင်မောင်လေး လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာတို့တွင် ၎င်းတို့ကုမ္ပဏီသည် တည်ဆဲဥပဒေများအရ တည်ထောင်ထားသော ကုမ္ပဏီဖြစ်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သောနှစ် ၅၀ ခန့်ကစ၍ မိရိုးဖလာလုပ်ငန်းအဖြစ် စက်မှုကုန်ကြမ်းဖြစ်သော ဓာတုဗေဒနှင့် ရေမွှေးပစ္စည်းများကို ရောင်းဝယ်လုပ်ကိုင်ခဲ့ကြောင်း၊ ပြည်ပမှ တရားဝင်တင်သွင်းသည့် ဓာတုဗေဒကုန်ကြမ်းများကို ဝန်ကြီးဌာန အချို့နှင့် ယင်းဝန်ကြီးဌာနအောက်ရှိ စက်ရုံများနှင့် ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များသို့ တရားဝင် ပြန်လည်ရောင်းချလျက်ရှိကြောင်း၊ အချင်းဖြစ် ဆိုဒီယမ်ဆိုင်ရာနိုက်များမှာလည်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခဲ့ပြီး ပြန်လည်ရောင်းချရာမှ ကျန်ရှိသော လက်ကျန် ပစ္စည်းများဖြစ်ကြောင်း၊ မှုခင်းတပ်ဖွဲ့က သိမ်းယူရာတွင် ယင်းဆိုဒီယမ်ဆိုင်ရာနိုက် ကုန်ကြမ်းပစ္စည်းများသည် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုကုန်ကြမ်းများ ဖြစ်သည်ဟု သိရှိသဖြင့် နောက်နောင်လက်ဝယ်ထားခြင်း၊ ရောင်းချခြင်းမပြုတော့ပါဟု ဖော်ပြပါရှိသည့် စာချုပ်စာတမ်းတွင် လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ယင်းသို့ သိမ်းဆည်းလုပ်ဆောင်ချက်များသည် တရားဥပဒေမဲ့လုပ်ဆောင်ချက်နှင့် မတရားသိမ်းဆည်းမှုဖြစ်သဖြင့် ယင်းပစ္စည်းများကို လျှောက်ထားသူကုမ္ပဏီသို့ ပြန်လည်ထုတ်ပေးစေရေးအတွက် အာဏာပိုင်မေးစာချွန်တော် အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် ဖော်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ အောက်မြန်မာနိုင်ငံမှုခင်းတပ်ဖွဲ့ခွဲ၊ ဒုတိယ ရဲတပ်ဖွဲ့ခွဲမှူး၏ ပြန်ကြားအစီရင်ခံစာ တွင် ၂၄-၆-၂၀၁၁ ရက်နေ့က မန္တလေး၊ ပြင်ဦးလွင်နှင့် နေပြည်တော်တို့တွင် တစ်ချိန်တည်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ယင်း ၃ နေရာမှ ပုံဆောင်ခဲများကို နေပြည်တော်ရှိ ဓာတုဗေဒဝန်ရုံးတွင် စစ်ဆေးရာ ယင်းပုံဆောင်ခဲများသည် ဆိုဒီယမ်ဆိုင်ရာနိုက် အမျိုးအစားဖြစ်ပြီး၊ ကိုယ်တိုင်မပေါက်ကွဲသော်လည်း အစပျိုး ပေါက်ကွဲသောအရာအနီးထားရှိပါက ပေါက်ကွဲမှုပိုမိုပြင်းထန်စေရန် အထောက်အကူပြုသည့်အပြင် ပေါက်ကွဲမှုဖြစ်ပွားပြီးသည့်နောက်တွင်လည်း သက်ရှိသတ္တဝါများကို အဆိပ်ဖြစ်စေသည်ဟု တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဆိုဒီယမ်ဆိုင်ရာနိုက်များကို အရင်းအမြစ်အထိ ဖော်ထုတ်သိမ်းဆည်းခြင်းပြုရန် မှုခင်းတပ်ဖွဲ့မှူးရုံးမှ ညွှန်ကြားခဲ့၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တစ်ပြိုင်တည်း စီးနင်းရှာဖွေတားဆီးခဲ့ရာ လျှောက်ထားသူ ကုမ္ပဏီပိုင် ဆိုဒီယမ်ဆိုင်ရာနိုက်များပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့ကို လျှောက်ထားသူကုမ္ပဏီ၏ သိုလှောင် ရုံပင် ချိတ်ပိတ်ထားရှိခဲ့ကြောင်း၊ ယင်းသို့တွေ့ရှိမှုနှင့် ရှာဖွေသိမ်းဆည်းမှုများကို ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးက တရားမဝင်တင်သွင်းလာသူများအား ဥပဒေအရ အရေးယူရန်၊ တရားဝင်တင်သွင်းလာသူများထံမှ သိမ်းဆည်းသည့်ပစ္စည်းများကို သတ္တုတွင်းသို့ လွှဲအပ်၍ ကျောက်ပုထိုးတွင် အသုံးပြုစေရန်၊ ကျသင့်တန်ဖိုးကို ကျောက်ပုထိုးပုဂ္ဂလိကလုပ်ငန်းရှင်မှ တရားဝင် တင်သွင်း၍ သိမ်းဆည်းခံရသူအား ပေးချေစေရန်၊ တရားမဝင်သိမ်းဆည်းပစ္စည်းများကို အမှုအခင်းပြီးပြတ်ပါက သတ္တုတွင်းသို့လွှဲ၍ ကျောက်ပုထိုးတွင် အသုံးပြုစေရန်၊ တရားဝင် တင်သွင်းရန် ကျန်သောပစ္စည်းများကို ထပ်မံတင်သွင်းခွင့်မပြုရန် ညွှန်ကြားခဲ့ကြောင်း၊ ထိုသို့ ညွှန်ကြားခဲ့သဖြင့် ချိတ်ပိတ်တားဆီးထားသော သိုလှောင်ရုံမှ ဆိုဒီယမ်ဆိုင်ရာနိုက်များကို သတ္တုတွင်းဝန်ကြီးဌာနသို့ လွှဲပြောင်းရေးအတွက် သက်သေနစ်ဦး ရှေ့တွင် မှုခင်းတပ်ဖွဲ့မှ လွှဲပြောင်းယူခဲ့ပြီး၊ သတ္တုတွင်းဝန်ကြီးဌာနမှ လက်ခံသည့်အဖွဲ့အစည်းသို့ လွှဲပြောင်းပေး အပ်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၉ နှင့် ၂၀၀အရ နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည်

နိုင်ငံတော်သမ္မတဖြစ်ပြီး၊ အစိုးရအဖွဲ့အကြီးအကဲလည်းဖြစ်ကြောင်း၊ ယင်းပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုရကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဆိုဒီယမ်ဆိုင်ရာနိုက်များ ရောင်းဝယ်မှုကို စိစစ်ထိန်းချုပ်ခြင်းမပြုပါက မသမာသူလက်ဝယ်ရောက်ရှိသွားနိုင်၍ ယင်းကိုတားဆီးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ အပ်နှင်းထားသည့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်၍ ဥပဒေမဲ့ဆောင်ရွက်ခြင်း၊ မိမိသဘောကျဆောင်ရွက်ခြင်း မဟုတ်ကြောင်း၊ ဤလျှောက်ထားမှုကို ပလပ်သင့်ကြောင်း ဖော်ပြထားသည်။

ဤအမှုတွင် လျှောက်ထားခံရသူအတွက်လိုက်ပါသည့် ညွှန်ကြားရေးမှူးနှင့် လျှောက်ထားသူ၏ ရှေ့နေတို့က ၎င်းတို့၏ လျှောက်ထားလွှာ၊ ကန့်ကွက်လွှာများတွင် ပါရှိသည့်အတိုင်း လျှောက်လဲတင်ပြကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် အုပ်ချုပ်ရေးအကြီးအကဲဖြစ်ပြီး ပုဒ်မ ၁၉၉ (က)အရလည်း နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည်။ ပုဒ်မ ၂၀၀ အရ နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်တို့ဖြင့် ဖွဲ့စည်းပြီး၊ ပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းစောင့်ရှောက်သည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အကြီးအကဲလည်းဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရသည်။

ပြည်ထဲရေးဝန်ကြီးဌာနက အစီရင်ခံတင်ပြချက်အရ ပေါက်ကွဲမှုပိုမိုပြင်းထန်စေရန် အထောက်အကူပြုသည့်အပြင် ပေါက်ကွဲမှုဖြစ်ပွားပြီးသည့်နောက်တွင်လည်း သက်ရှိသတ္တဝါများကို အဆိပ်ဖြစ်စေသည့် အန္တရာယ်ရှိသော ဆိုဒီယမ်ဆိုင်ရာနိုက်များကို နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ တရားဝင်တင်သွင်းလာသော ဆိုဒီယမ်ဆိုင်ယာနိုက်များအား မသမာသူလက်ဝယ်သို့ မရောက်ရှိစေရေး၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးမပြုနိုင်စေရေးအတွက် သိမ်းဆည်းပြီး သတ္တုတွင်းဝန်ကြီးဌာနသို့ လွှဲပြောင်းစေရန်၊ ကျသင့်တန်ဖိုးကို တရားဝင်တင်သွင်းလာသည့် သိမ်းဆည်းခြင်းခံရသူသို့ ပြန်ပေးချေစေရန်နှင့် တရားဝင်တင်သွင်းရန်ကျန်ရှိသော ပစ္စည်းများကို ထပ်မံတင်သွင်းခွင့်မပြုစေရန် နိုင်ငံတော်သမ္မတက အမိန့်ချမှတ်ခဲ့ခြင်းသည် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အကြီးအကဲအနေဖြင့် ၎င်း၏အခွင့်အာဏာအတွင်းမှ အုပ်ချုပ်မှုဆိုင်ရာဆောင်ရွက်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

သက်သေခံဥပဒေပုဒ်မ ၁၄၄ ၏ ဥပမာ(င)အရလည်း ယင်းသို့ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ **အက်(စ်)၊ကေ၊ကေကူမာရီချောင်ဒရီ နှင့် ရပ်(ချ်)ကူမာဂို(စ်) အမှု**[၁] ကြည့်ပါ။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ၏အမိန့်အရ ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ မှုခင်းတပ်ဖွဲ့ကဆောင်ရွက်ခဲ့ခြင်းအပေါ် စာချွန်တော်အမိန့်ထုတ်ဆင့်၍ ဝင်ရောက်စွက်ဖက်ရန်

၁။ အေ၊ အိုင်၊ အာ၊ ၁၉၃၄၊ ရန်ကုန်၊ ၂၀၇

အကြောင်းရှိမည်မဟုတ်ပေ။

နိုင်ငံတော်သမ္မတ၏အမိန့်နှင့်အညီ နိုင်ငံတော်သမ္မတရုံးက ထပ်ဆင့်ညွှန်ကြားချက်အတိုင်း လျှောက်ထားသူ တရားဝင်တင်သွင်းလက်ဝယ်ထားရှိသည့် ဆိုဒီယမ်ဆိုင်ယာနိုက် ကီလိုဂရမ် ၅၀ ပါ ပုံး ၃၂၂ ပုံးကို မှုခင်းတပ်ဖွဲ့က တားမြစ်သိမ်းဆည်းသွားခဲ့ပြီး၊ ကျသင့်သည့်တန်ဖိုးငွေများ ပေးချေရရှိခဲ့ခြင်း မရှိသေးကြောင်း လျှောက်ထားသူ၏ရှေ့နေမှတင်ပြသည်။ ယင်းတင်ပြချက်အရ လျှောက်ထားသူသည် ၎င်းထံမှ ဆိုင်ယာနိုက်ပစ္စည်းများ မှုခင်းတပ်ဖွဲ့က သိမ်းဆည်းသွားခဲ့ပြီး ၎င်းသို့ ပြန်လည်ပေးအပ်ခြင်းမပြုသည့်အပြင် ကျသင့်သည့်တန်ဖိုးမရရှိသဖြင့် ယခုကဲ့သို့ စာချွန်တော်အမိန့်လျှောက်ထားခြင်းဖြစ်သည်ဟု ယူဆရသည်။ နိုင်ငံတော်သမ္မတက ၎င်း၏အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မြဲလုပ်ငန်းစဉ်အတိုင်း ချမှတ်သည့်အမိန့်အရ သက်ဆိုင်ရာမှုခင်းတပ်ဖွဲ့က ဆောင်ရွက်ခဲ့ခြင်းအပေါ် ဤရုံးတော်မှ တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသော်လည်း လျှောက်ထားသူအနေဖြင့် ၎င်းထံမှသိမ်းဆည်းသွားသည့် ဆိုင်ယာနိုက် (၅၀)ကီလိုဂရမ်၏ ကျသင့်တန်ဖိုးပြန်ရခွင့်ရှိသဖြင့် ယင်းကျသင့်သည့်တန်ဖိုးကို ပြန်လည်ရရှိရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ကိုလိုက်နာ၍ကျသင့်တန်ဖိုးငွေများကို လျှောက်ထားသူထံ ပေးချေရန် ဖြစ်သည်။

ထို့ကြောင့် လျှောက်ထားသူတင်သွင်းသည့် အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် အကြောင်းမရှိသဖြင့် ဤလျှောက်ထားမှုကို စရိတ်နှင့်တကွ ပယ်သည်။ ရှေ့နေခ ကျပ် ၁၀၀၀၀ိ/ သတ်မှတ်သည်။

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်

(ဦးမြင့်အောင်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(ဦးမြသိမ်း)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

တင်ပြသူ - မိမိစိန်
ညွှန်ကြားရေးမှူး
စာချွန်တော်ဌာန

**ကျမ်းကိုးစာရင်း**

- ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ
- ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ
- ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ
- စာချွန်တော်ဌာန၏ရာဇဝတ်အထွေထွေ၊ တရားမအထွေထွေမှတ်ပုံတင်စာအုပ်များ
- ဒေါက်တာမာလာအောင်၏စာချွန်တော်၊ စီရင်ထုံးများနှင့်ဆုံးဖြတ်ချက်များအကျဉ်း (၁၉၄၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်)
- မြန်မာနိုင်ငံတရားစီရင်ထုံးများ(၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်)

# ENGLISH SECTION



# HANOI DECLARATION AT THE 8TH COUNCIL OF ASEAN CHIEF JUSTICES MEETING

WE, the Chief Justices of Brunei Darussalam, the Republic of Indonesia,Malaysia, the Republic of the Union of Myanmar, the Republic of the Philippines, the Kingdom of Thailand, and the Socialist Republic of Viet Nam; the Representative of the Chief Justice of the Kingdom of Cambodia, the Representative of the Chief Justice of the Lao People's Democratic Republic, and the Representative of the Chief Justice of the Republic of Singapore, at the 8th Council of ASEAN Chief Justices ("CACJ") Meeting conducted virtually;

DO HEREBY DECLARE:

1. THE ACKNOWLEDGEMENT and the appreciation of the CACJ to VietNam for its efforts to host the 8th CACJ Meeting that was intended to take place in Hanoi, Viet Nam, but was conducted virtually based on the consensus of the CACJ as a result of the profound effect of the COVID-19 pandemic; and THE ACKNOWLEDGEMENT of the successful organisation of the first CACJ Meeting conducted virtually as a result of Viet Nam's meticulous efforts.
2. THE ACKNOWLEDGEMENT and appreciation to Singapore for coordinating the efforts of the ASEAN Judiciaries towards the successful completion of all system enhancements on the ASEAN Judiciaries Portal ("AJP").
3. THE AGREEMENT for all ASEAN Judiciaries to work towards the regular provision and updating of content on the AJP, including pages relating to their judicial, legal and business environments, the Training Marketplace, and the Case Repository.
4. THE AGREEMENT for each ASEAN Judiciary to consider sharing their respective crisis management experiences in response to COVID-19 on the AJP, by way of quick and concise updates.
5. THE AGREEMENT to authorise the Singapore Academy of Law to continue its appointment as an agent of the CACJ and operator of the AJP, in the selection of, contracting with, and management of the vendor for the continued maintenance of the Public Section and Members- Only Section of the AJP.
6. THE AGREEMENT for the CACJ Secretariat to source funding for the AJP from donors for the continued maintenance of the AJP when the current funding is exhausted in April 2021, and to consider funding of the AJP by contributions from all ASEAN Judiciaries if no funding is obtained from a donor, and further, THE AGREEMENT for the Working Group on the AJP to prepare a detailed self-funding proposal for the CACJ's consideration.
7. THE AGREEMENT for Malaysia and the CACJ Secretariat in collaboration with the Permanent Bureau of the Hague Conference on Private International Law to conduct the Masterclass for ASEAN judges and judicial officers on The Hague Convention on the

Taking of Evidence Abroad in Civil or Commercial Matters, and The Hague Convention on the Recognition and Enforcement of Foreign Judgments in Civil or Commercial Matters ("HCCH Masterclass") which was scheduled in June 2020 to be postponed to a future date due to the COVID-19 pandemic.

8. THE AGREEMENT for the Working Group on Facilitating Service of Civil Processes within ASEAN to study the current legal framework within each ASEAN jurisdiction governing the procedure in taking of evidence for foreign proceedings and on the basis of such study, to develop a Model Rule and thereafter submit a report of their findings and recommendations of the said Model Rule at the next CACJ Meeting for consideration by each ASEAN Judiciary.
9. THE AGREEMENT for the Working Group on Case Management and Court Technology to submit for the CACJ's consideration at the next meeting a comprehensive Al Governance Framework on The Use of Artificial Intelligence that is consistent with the rule of law and which governs the development, deployment and use of Artificial Intelligence in the administration of justice, judicial decision-making, court processes, and case management processes in the ASEAN region.
10. THE ACKNOWLEDGEMENT of the proposal by the Singapore Management University and the Singapore Judicial College, in collaboration with Singapore, to provide training to ASEAN judges on "Understanding the Legal Implications of Artificial Intelligence and Other Emerging Technologies" in the form of a virtual course from 26 to 27 November 2020 and THE AGREEMENT for each ASEAN Judiciary to consider sending participants to this course.
11. THE AGREEMENT for the Working Group on Judicial Education and Training to identify new ways of conducting training and education programmes, to identify internal and external sources of funding by organising dialogue meetings among potential partners in supporting the implementation of the Work Plan 2020-2025, and to continue overseeing the implementation of the Strategic Plan 2018-2025 and the Work Plan 2020-2025 in all ASEAN Judiciaries.
12. THE ACKNOWLEDGEMENT that the Working Group on Cross-border Disputes involving Children has:
    - (i) begun to explore the possibility of developing a common set of values, aspirations and principles for ASEAN Judiciaries in cases of cross-border child disputes within ASEAN; and
    - (ii) agreed to explore holding the 3rd ASEAN Family Judges Forum in conjunction with the 2022 HCCH Judicial Roundtable on the 1980 Hague Convention on the Civil Aspects of International Child Abduction and the 1996 Hague Convention Parental Responsibility and Protection of Children.
13. THE ACKNOWLEDGEMENT of the outcome of the survey conducted by the Working Group on ASEAN+ Meetings on the needs of the ASEAN Judiciaries in relation to judicial education, judicial training, judicial cooperation, and integration of legal system *vis-à-vis* the People's Republic of China, Japan and the Republic of Korea, as well as the extent of and their specific concerns over such engagement.

14. THE AGREEMENT for the Working Group on ASEAN+ Meetings to continue engaging the Judiciaries of the People's Republic of China, Japan, and the Republic of Korea on behalf of the CACJ, to scope the parameters of the CACJ's engagement, and for the inaugural ASEAN+ Meeting with representatives of the Judiciaries of the People's Republic of China, Japan, and the Republic of Korea to be held on the side-lines of the CACJ Meeting in 2022 .
15. THE ACKNOWLEDGEMENT of the approach by the United Nations Development Programme ("UNDP") with the intention to cooperate with the CACJ and THE AGREEMENT for the Working Group on ASEAN+ Meetings to explore the possibility and suitability of having this cooperation.
16. THE ACKNOWLEDGEMENT of the serious impact of the COVID-19 pandemic on the economy and society of most ASEAN Member States, which put the judiciary of each country under pressure to resolve a large number of cases, while still being required to ensure the conduct of prompt, convenient, and safe trial to minimize the risk of spreading the COVID-19 virus.
17. THE ACKNOWLEDGEMENT of the recommendations of Viet Nam and some other ASEAN Judiciaries on solutions to cope with the effects of the COVID-19 pandemic with the following objectives: (a) to resolve cases quickly; (b) to protect the rights and legitimate interests of the people; and (c) to severely punish and deter violations related to disease prevention, while ensuring safety and minimizing the risk of the spread of the COVID-19 virus during court proceedings.
18. THE ACKNOWLEDGEMENT and appreciation of Singapore and the International Consortium for Court Excellence ("ICCE") for the successful completion of the colloquium on the latest edition of the International Framework for Court Excellence ("IFCE") that took place on 28th October, 2020 for representatives of all ASEAN Judiciaries.
19. THE AGREEMENT to authorise Singapore to work with the ICCE to conduct "train-the-trainer" programmes for interested ASEAN Judiciaries, to equip ASEAN Judiciaries with the capacity to adopt the latest edition of the IFCE in their respective jurisdictions.
20. THE AGREEMENT to authorise Singapore to facilitate the formation of a network of ASEAN-IFCE resource persons and the creation of a resource portal within the members-only section of the AJP to contribute to the building of expertise on court excellence within ASEAN .
21. THE AGREEMENT for Viet Nam to submit its proposal to establish a CACJ-ASEAN forum to the Study Group on the Future Work of the CACJ, and THE AGREEMENT for the Study Group to submit a report and its recommendations at the next CACJ Meeting.
22. THE ACKNOWLEDGEMENT and the appreciation of the CACJ to the Chief Justice of Indonesia for the offer to host the next CACJ Meeting.
23. THE ACKNOWLEDGEMENT and the appreciation of the CACJ to the Chief Justice of Malaysia for the offer to host the 10th CACJ Meeting.
24. THE ACKNOWLEDGEMENT and the appreciation of the CACJ to the Chief Justice of Myanmar for the offer to host the 11th CACJ Meeting.

Signed this 5th day of November 2020
at Bandar Seribegawan, Brunei Darussalam

x x x
**The Hon. Steven Chong Wan Oon**
Chief Justice of the Supreme Court of Brunei Darussalam

Signed this 5th day of November 2020
at Phnom Penh, Cambodia

x x x
**H.E. You Ottara**
**Vice-President of the Supreme Court,**
Representative of the President of the Supreme Court of the Kingdom of Cambodia

Signed this 5th day of November 2020
at Jakarta, Indonesia

x x x
**The Hon. Muhammad Syarifuddin**
Chief Justice of the Supreme Court of the Republic of Indonesia

Signed this 5th day of November 2020
at Vientiane, Lao PDR

x x x
**H.E, Bounkhouang Thavisack**
Vice-President of the People's Supreme Court,
Representative of the President of the People's Supreme Court of the Lao People's Democratic Republic
Signed this 5th day of November 2020
at Putrajaya, Malaysia

x x x

**The Hon. Tun Tengku Maimun binti Tuan Mat**
Chief Justice of the Federal Court of Malaysia

Signed this 5th day of November 2020
at Nay Pyi Taw, Myanmar

x x x
**The Hon. Htun Htun Oo**
Chief Justice of the Supreme Court of the Union of Myanmar

Signed this 5th day of November 2020
at Manila, Philippines

xxx
**The Hon. Diosdado Madarang Peralta**
Chief Justice of the Supreme Court of the Republic of the Philippines
Signed this 5th day of November 2020
at Singapore

x x x
**H.E. Lee Seiu Kin**
Judge of the Supreme Court,
Representative of the Chief Justice of the Supreme Court of the Republic of Singapore
Signed this 5th day of November 2020
at Bangkok, Thailand

x x x
**The Hon. Metinee Chalodhorn**
President of the Supreme Court of the Kingdom of Thailand

Signed this 5th day of November 2020
at Hanoi, Viet Nam

x x x
**The Hon, Nguyen Hoa Binh**
Chief Justice of the Supreme People's Court of the Socialist Republic of Viet Nam

•••••••••••••••••••••••••

# "Legal Protection of Trademark Rights"

The protection of trademarks is the law's recognition of the psychological function of symbols. A trademark is a merchandising short cut which induces a purchase to select what he wants, or what he has been led to believe he wants. The owner of a mark exploits this human propensity by making every effort to impregnate the trademark sphere of the market with the drawing power of a congenial symbol. Whatever the means employed, the aim is the same to convey through the mark, in the minds of potential customers, the desirability of the commodity upon which it appears. Once this is attained, the trademark owner has something of value.[1]

Trademarks are an important tool to assist consumers and businesses. In the market place, a business marks its wares or services as an indication of provenance. This allows consumers to know, when they are considering a purchase, who stands behind those goods or services. In this way, trademarks provide a shortcut to get consumers to where they want to go. Where the trademarks of different businesses are similar, a consumer may be unable to discern which company stands behind the wares or services. Confusion between trademarks impairs the objective of providing consumers with a reliable indication of the expected source of wares or services.[2]

Today, trademarks are in common usage and have become valuable assets for both consumers to identify goods or services and for companies in marketing their products and services. The growing importance of trademarks in commercial activities is due to the increased competition among companies undertaking trade in more than one country. Trademarks have been used to simplify the identification by consumers of goods or services, as well as their quality and value. Therefore, a trademark may be considered as a tool of communication used by producers to attract consumers.

A trademark is a badge, in the widest sense, used on or in relation to goods so as to indicate source. That is to say it is meant to indicate that goods are goods of the proprietor. In some cases this will mean that they are the goods of a particular manufacturer, as would be the case with RENAULT for cars, CADBURY for chocolates and AGFA for photographic equipment. Sometimes it will mean that they are goods selected by or distributed through a particular intermediary as would be the case with MARKS & SPENCER for own-brand food, flowers etc., LITTLEWOODS for mail order clothes etc. and AMAZON for books bought over the internet.[3]

A trademark is a sign capable of distinguishing goods or services produced or provided by one enterprise from those of other enterprise. The concept of "goods" refers to products on which the trademark can be physically affixed, directly or by means of labels or packaging, while the notion of "services" refers to activities of an intangible nature.

A trademark is often referred to as a 'brand'. By enabling companies to differentiate themselves

---

[1]MISHAWAKA RUBBER & WOOLEN MANUFACTURING CO v. S.S. KRESGE CO (1942) USSC 98; 316 US 203 (1942)

[2]MASTERPIECE INC. v. ALAVIDA LIFESTYLES INC., 2011 SCC 27, (2011)2 S.C.R.387)

[3]GLAXO GROUP LTD v. DOWELHURST LTD (2000) EWHC Ch 134:

and their products from those of their competitors, 'trademarks', or simply 'marks', play a pivotal role in the marketing strategies of companies, contributing to the definition of the image and reputation of a business and its products in the eyes of consumers.

Trademark means a mark that distinguishes the goods of one enterprise from those of another in the course of trade .[4] Well-known mark means a mark that is well-known, in accordance with the stipulated standard, in the Republic of the Union of Myanmar.[5]

Owner of a registered mark means a person or a legal entity recognized and registered in the Department's registration records as the owner of the mark.[6] Right holder means a person or a legal entity who is the owner of a registered trademark, the owner of a well-known mark, the owner of a geographical indication, the owner of a trade name or is a transferee of the rights relating to a registered mark or is a licensee of the rights relating to a registered mark.[7]

The essential function of the trademark is to guarantee the identity of the origin of the marked product to the consumer or end user by enabling him, without any possibility of confusion, to distinguish the product or service from others which have another origin. For the trademark to be able to fulfil its essential role in the system of undistorted competition, it must offer a guarantee that all the goods or services bearing it have originated under the control of a single undertaking which is responsible for their qualities.[8]

The registration of a trademark confers very valuable rights upon the registered proprietor of that mark. Civil remedies for the infringement of IP rights are prescribed in the TRIPS Agreement. It states the minimum requirements, which, in general terms, are contained in one form or another in most legal systems interim measures, injunctions, damages and destruction of infringing goods.[9]

The international obligation to provide for criminal sanctions for the infringement of IP rights derives from the TRIPS Agreement. More particularly, Article 61 requires of Member States to provide for criminal procedures and penalties to be applied least in cases of willful trademark counterfeiting and copyright piracy, committed on a commercial scale.[10]

The right holder shall have the exclusive rights: (1) to prevent any misleading act of any other person who uses, without the consent of the owner of the mark, in the course of trade, a sign that is identical or similar to the mark in relation to goods or services that are identical or similar to those for which such mark is registered. (2) to file a civil suit or criminal case or both against a person who infringes upon the registered mark.(3) to prevent any use of a registered well-known mark and any sign that is identical or similar to the mark in relation to different goods or services in the course of trade without the consent of the owner of the mark if (aa) it appears to indicate a relation between the owner of the well-known mark and goods or services for which the mark is used;

---

[4]Trademark Law (sec 2(k))

[5]Trademark Law (sect 2(P))

[6]Trademark Law (sec (R))

[7]Trademark Law (sec 2(S))

[8]CANON KABUSHIKI KAISHA v.METRO-GOLDWYN MAYER INC, C-39/97, ECR 1998,I-5507:

[9]A Casebook on the Enforcement of IP Rights, Page-122

[10]A Casebook on the Enforcement of IP Rights, Page-140

(bb) it may damage the interest of the owner of such mark rights.[11]

A Right Holder may apply to the intellectual Property Rights Court for provisional measures orders to prevent damage to said rights in accordance with the civil proceedings provided for under Sections 79 and 80.[12] Myanmar practises the first-to-file doctrine in disputes relating to the ownership of rights or relating to conflicting rights, meaning that the one who has filed the earliest application in good faith is the legitimate owner of the right.

Counterfeiting, piracy and bootlegging are not exact terms but all involve deliberate, and generally fraudulent, infringement of various intellectual property rights - notably trademarks, copyright, design rights and performing rights.[13]

For a registered mark and well-known mark, both of these are presumed to be true. So, in a dispute concerning a registered mark, it is much easier to succeed in an action for trademark infringement, which is brought by the trademark owner against others that use an identical or confusingly similar mark for the same or closed related goods and services. That is, in litigation, registered marks are more potent weapons than unregistered marks.

Damages may consist of the recovery of profits and or payment of pre-established damages, even where the infringer did not knowingly, or with reasonable ground to know, engage in infringing activity. Damages have been said to constitute the difference between (the plaintiff's) pecuniary condition after the infringement, and what his condition could have been if the infringement had not occurred, 'The question to be asked in determining damages is how much had the patent holder and licensee suffered by the infringement. And that question (is) primarily: had the infringer not infringed, what would the patent holder/licensee have made?'[14]

Trademark law is equitable and utilizes the traditional equitable defenses with the added element of a presumption favoring the registrant for trademarks that are registered under trademark. In addition to the equitable doctrines of **laches, estoppel** and **unclean hands**, an alleged infringer may assert the defenses of **fair use** and collateral use. Fair use allows commentary or criticism that incidentally involves the use of a trademark so long as such use is for a purpose other than that normally made of a trademark. When a party uses a trademarked item as a component of a more complex product, collateral use allows the party to identify that component by its trademarked name.

"Use" of a trademark by an alleged infringer must be established as a threshold matter. Any number of activities may be "in commerce" or may create a "likelihood of confusion." However, without the use of a trademark, such activities do not violate the Trademark Law. The use requirement serves a limiting function by preventing trademark holders from asserting a generalized right to control language.Some conduct through which a seller or producer seeks to capitalize on a competitor's name recognition does not amount to "use" for purposes of a trademark infringement claim.

Registration of a trademark gives the registrant the exclusive right to the use throughout Canada

---

[11]Trademark Law (sec 38(A))

[12]Trademark Law (sec 77(A))

[13]Rv. JOHNSTONE (2003) UKHL 28:

[14] (ARO MFG. CO., INC.v. CONVERTIBLE TOP CO 377 U.S. 476:)

of the trademark and a right of action to remedy any infringement of that right. In addition, in order to exercise those rights, the existence of the mark itself does not have to be established. Registration is evidence enough. Nonetheless, marks remain marks, whether registered or unregistered, because their legal characteristics are the same .[15]

A registered trademark owner has the exclusive right to use the registered trademark in relation to the goods or services for which the trademark is registered. Infringement arises where there is unauthorized used by a third party of an identical trademark in relation to goods or services in the course of commercial transaction.

To prevail on a claim of trademark infringement, a plaintiff must establish that it has a valid mark entitled to protection; and that the defendant used the same or a similar mark in commerce in connection with the sale or advertising of goods or services without the plaintiff's consent. The plaintiff must also show that the defendant's use of the mark is likely to cause confusion as to the affiliation, connection or association of defendant with plaintiff, or as to the origin, sponsorship, or approval of defendant's goods, services or commercial activities by plaintiff.

Whilst the Court should recognize and give effect to the rights of registered trademark holders wherever appropriate, it should also bear in mind the fact that such rights should not be permitted to either blatantly or subtly develop into disguised monopolies which stifle or stymie the general public interest and welfare.[16]

The exclusive right conferred by a trademark was intended to enable the trademark proprietor to protect his specific interests as proprietor, that is, to ensure that the trademark can fulfill its functions and that, therefore, the exercise of that right must be reserved to case in which a third party's use of the sign affects or is liable to affect the functions of the trademark, in particular its essential function of guaranteeing to consumers the origin of the goods.[17]

Trademark Law protects a trademark owner's exclusive right to use a trademark when use of the mark by another would be likely to cause consumer confusion as to the source or origin of goods.

Trademark rights are territorial in nature. In the relevant territory, a trademark owner has the exclusive right to use the trademark on or in relation to products and to authorize others to use it in like manner on mutually agreed terms and conditions that generally include a recurring payment. The owner may enforce the exclusive rights in a mark by taking recourse to a country's judicial system. The Court may, at the request of the owner, prevent any person from attempting to copy or copying a mark thereby free riding on its reputation or goodwill by selling competing, related or counterfeiting products.

**Kyaw Kyaw (Judicial Officer)**

---

[15] (KIRKBI AG v. RITVIK HOLDINGS INC 2005 SCC 65:)

[16] NATION FITTINGS (M) SDN BHD v. OYSTERTEC PLC (2006) 1 SLR 712; (2005) SGHC 225:

[17] ANHEUSER-BUSCH v. BUDEJOVICKY BUDVAR, C-245/02, the CJEU:

# A Glance through the new Insolvency Regime

On 25th March 2020, the President of the Republic of the Union of Myanmar issued the Notification No.50/2020 in order to enforce the Insolvency Law 2020, which was enacted on 14 February 2020. This new Law repealed the old Insolvency laws, to be specific, Myanmar Insolvency Act 1920 and the Rangoon Insolvency Act 1901. This new and modern insolvency law covers corporate rescue and rehabilitation as well as corporate and personal Insolvency and also Cross border insolvency. But currently cross border insolvency regime has not come into force yet and another Presidential Notification will be needed to enforce this regime. Accordingly, as being authorized by Section 416(A) of the law, the Supreme Court of the Union has already issued Insolvency Rules in order to implement the law smoothly and effectively.

To be specific, there are totally 11 parts and 425 sections in the law. In the light of provisions of this new law, even though Courts play certain crucial supervisory role in this new insolvency regime, most of the functions, implementation and supervision of the regime will mainly be administered by so called insolvency practitioners. Thus formation of insolvency practitioners regulatory council, Insolvency Practitioners Association and Disciplinary Committee are provided in Part 3 of the law. As role of Insolvency Practitioners is so important and are of Key Players in this new Insolvency Regime, law provides specific provisions for the Registration, Qualification and Restrictions for Insolvency Practitioners and Insolvency Practitioners can even be inflicted penalty if appeared that Insolvency Practitioner's Activity violates the provisions of the Law or the Rules.

As Rescue and Rehabilitation of Businesses is one of the vital objectives of the new insolvency law, Part 5 and Part 6 of the law provide particular processes, implementation and functions for the Rescue and Rehabilitation Regime and to be specific, Part 5 is for Corporate Rescue and Rehabilitation and Part 6 is for that of Micro, Small and Medium Enterprises (MSME).

According to the Provision of Part 7, if rehabilitation plan cannot be achieved to meet the aims of plan or if the plan is terminated, company or enterprise has to undergo liquidation or winding up procedures. In Part 7, insolvency practitioner or so called liquidator is obliged to

distribute the assets of company to creditor equally and fairly except the secured property of secured creditors.

**Part** 8 provides provisions for Personal Insolvency and Bankruptcy Proceeding. According to the provisions of this part, if a debtor is unable to pay his or her debt and other requisite conditions are met, Court has power to grant Bankruptcy Order against the debtor and term of Bankruptcy is for 3 years. **Part 9** covers provisions for the office holders and adjustments to prior Transactions. In the light of provisions of this part, Courts have absolute power and jurisdiction to order for the restoration of a prior business transaction to the original position if appeared that this transaction is undervalued or extortionate credit transaction and so on.

As mentioned above, Part 10 is cross border Insolvency and in fact this Part was drafted and enacted totally based on the United Nations Commission on International Trade Law (UNCITRAL Model Law) on Cross Border Insolvency. Part 11 is provided for miscellaneous provisions and it covers also jurisdiction of Courts.

To sum up, the new Insolvency law was drafted and enacted to be in line with international insolvency norms and standards. Starting from 25th March 2020, Myanmar has been stepping into new insolvency regime. So this new law will hopefully bring fruitful results and lead to the economic development of Myanmar.

**Soe Khun Phyu (Judiciary)**


## ကြော်ငြာ

**စာရေးသူများသို့**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှထုတ်ဝေသော တရားရေးဂျာနယ်များ၌ ထည့်သွင်းဖော်ပြရန် တရားစီရင်ရေးရာ၊ ဥပဒေရေးရာတို့နှင့်စပ်လျဉ်းသော ဆောင်းပါးစာမူများ ရေးသားပေးပို့နိုင်ပါသည်။

၂။ စာမူများအား မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရေးသားနိုင်ပါသည်။

၃။ စာမူတစ်ပုဒ်အတွက် မူရင်းစာမူနှင့်အတူ မိတ္တူတစ်စောင် ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။ ကိုယ်တိုင်ရေးသားကြောင်းနှင့် ယခင်က မည်သည့်စာစောင်၊ မဂ္ဂဇင်းတွင်မျှ ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်လည်း ပါရှိရမည်ဖြစ်ပါသည်။

၄။ စာမူများအား တရားရေးဂျာနယ်၊ စာတည်းအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်သို့ စာရေးသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ရန်ဖြစ်ပြီး စာရေးသူ၏ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြပေးရန်ဖြစ်ပါသည်။

၅။ ရွေးချယ်ခြင်းမခံရသောစာမူများအား ပြန်လည်ရယူလိုပါက စာရေးသူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ပြန်လည်ထုတ်ယူနိုင်ပါသည်။

**တရားရေးဂျာနယ်၊ စာတည်းအဖွဲ့**



# တရားစီရင်ရေးဆောင်ပုဒ်

- ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ။
- မှန်မှန်နှင့် မြန်မြန် စီရင်ပါ။
- လုပ်ထုံးညီညီ ဆောင်ရွက်ပါ။
- လာဘ်ပေးလာဘ်ယူ ကင်းရှင်းပါ။
- ဖြောင့်မတ်တည်ကြည်မှုဖြင့်
  တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ။